# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ စနေနေ့ အတွဲ (၅၇)၊ အမှတ်(၀၄၉)


# (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး စတင်ကျင်းပ




(၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် မိတ်ဖက်နိုင်ငံများ၏ ဒေသအလိုက် အစည်းအဝေးများကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန-၁ ၌ စတင်ကျင်းပလျက်ရှိသည်။

နံနက် ၈ နာရီခွဲတွင် ဒေသအလိုက် အစည်းအဝေးများဖြစ်သည့် အာဆီယံ (ASEAN) အစည်းအဝေး၊ Northeast and South Asia (NESA) အစည်းအဝေးနှင့် European Group အစည်းအဝေးများကို လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင်


*စာမျက်နှာ ၃ ကော်လံ ၁* ❁


## ကုလသမဂ္ဂ အထွေထွေညီလာခံ၊ တတိယကော်မတီတွင် အိုအိုင်စီမှ တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အား မြန်မာကိုယ်စားလှယ်အဖွဲ့မှ မဲခွဲဆုံးဖြတ်ရန် တောင်းဆိုကန့်ကွက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၇

**နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည့် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ တတိယကော်မတီတွင် ရခိုင်ပြည်နယ် အခြေအနေနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆိုမူကြမ်းကို Organization of Islamic Cooperation (OIC) အဖွဲ့ဝင်နိုင်ငံများမှ ဦးဆောင်၍ နိုဝင်ဘာ ၁၆ ရက်က တင်သွင်းခဲ့သည်။**

**ယင်းအဆိုမူကြမ်းမှာ တရားမျှတမှုမရှိခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် လက်ခံနိုင်ခြင်းမရှိပါသဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့က မဲခေါ်ယူရေး တောင်းဆိုခဲ့ပါသည်။ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းက မဲမခွဲမီ အထွေထွေမူဝါဒရေးရာမိန့်ခွန်း ပြောကြားခြင်း၊ မဲခွဲပြီးချိန်တွင် တုံ့ပြန်ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။**

**မြန်မာကိုယ်စားလှယ်က အထွေထွေမူဝါဒရေးရာ မိန့်ခွန်း ပြောကြားရာတွင်**

- မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းလျက် ရခိုင်ပြည်နယ်အရေးကိစ္စကို အထူးအလေးထား ကိုင်တွယ်ဆောင်ရွက်နေစဉ်မှာပင် ပေါ်ပေါက်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊
- ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီတို့တွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပါကြောင်း၊


*စာမျက်နှာ ၄ ကော်လံ ၁* ◆





မြန်မာ့အလင်း

# ချစ်ကြည်ရေးနှင့် ပွင့်လင်းသော စိတ်ဓာတ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Rex Tillerson** တို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အပြုသဘောဆောင် လက္ခဏာရပ်များအား တွေ့ရှိရ၍ ဝမ်းမြောက်မိပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Rex Tillerson** က မြန်မာနိုင်ငံ၏ အောင်မြင်နေသော ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အမေရိကန်နိုင်ငံအနေဖြင့် အခိုင်အမာထောက်ခံမှုကို ဆက်လက်ပေးအပ်သွားမည်ဟု ပြောကြားခဲ့ခြင်းသည် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေး ဂယက်ကွေ့ဖြစ်နေပြီလားဟူသော သံသယအတွေးတို့ကို ချေဖျက်စေမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၌ လူမျိုးတုံးသတ်ဖြတ်မှုများ ပြုလုပ်နေသည်ဟူသော စွပ်စွဲချက်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၌ ယခုအချိန်အထိ သတင်းအချက်အလက် အခိုင်အလုံမရှိဟူသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Rex Tillerson** ၏ ပြောကြားချက်သည် နှစ်နိုင်ငံကြား အပြုသဘောဆောင် ဆွေးနွေးမှုတို့ ဆက်လက်ဖြစ်ထွန်း ပေါ်ပေါက်ရေးအတွက် လမ်းခင်းပေးသွားမည်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Rex Tillerson** က အမေရိကန်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များအတွက် အသုံးပြုနိုင်ရန်အတွက် ယခင်ပေးအပ်ပြီးဖြစ်သော အမေရိကန်ဒေါ်လာ ၈၇ သန်းအပြင် အမေရိကန်ဒေါ်လာ ၄၇ သန်းအား ထပ်မံပေးအပ်မည်ဟု ကတိပြုပြောကြားခဲ့ခြင်းသည် ရခိုင်ပြည်နယ်အရေး ကူညီဖြေရှင်းလိုသော အမေရိကန်အစိုးရ၏ သဘောထားကို ပေါ်လွင်စေသည်ဟု ခံယူပါသည်။ လက်ရှိအချိန်၌ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှု ပြုလုပ်ခြင်းသည် ကောင်းမွန်သော နည်းလမ်းတစ်ရပ်မဟုတ်ဟူသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Rex Tillerson** ၏ မှတ်ချက်စကားသည် ပေါ်လွင်လာသော အမေရိကန်အစိုးရ၏ သဘောထားကို ပိုမိုထင်ရှားစေပါသည်။

**ARSA** အဖွဲ့က မြန်မာ့လုံခြုံရေးတပ်ဖွဲ့တို့အပေါ် တိုက်ခိုက်ခြင်းသည် သည်းခံနိုင်စရာကိစ္စ လုံးဝမဟုတ်ဟူသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Rex Tillerson** ၏ ရှင်းလင်းပြောဆိုချက်သည် ရခိုင်ပြည်နယ်အရေးဖြေရှင်းရာ၌ အဖြေမှန်ဘက်သို့ တွန်းပို့သော အရွေ့ဖြစ်သည်ဟု ခံယူပါသည်။ သို့သော် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား မတူကွဲပြားသောအမြင်တို့ ကျန်ရှိနေသေးသည်မှာလည်း ပကတိအရှိတရား ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုအသွင် ပုံဖော်ဖန်တီးထားသည်ဟု ယူဆထားသည့်အတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လက်မခံနိုင်ဖြစ်နေသော စကားလုံးကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ဆက်လက် သုံးစွဲနေခြင်းသည် သုံးသပ်ချိန်ဆသည့် ရှုထောင့်မတူညီခြင်းကို ရည်ညွှန်းဖော်ပြနေပါသည်။ သို့သော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအား ရခိုင်ပြည်နယ် အရေးကိစ္စ၌ မတူကွဲပြားခြားနားသော အစိတ်အပိုင်းများစွာ ပါဝင်နေသည်ဟု ထောက်ပြပြောဆိုလိုက်ခြင်းသည် မတူကွဲပြားသော ရှုထောင့်တို့ဆုပ်ကိုင်ထားသူတို့အကြား ဆွေးနွေးပွဲတံခါးကို ဖွင့်ပေးလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပွင့်လင်းသော စိတ်ထားဖြင့် ရောက်လာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကို ကျေးဇူးတင်ကြောင်း ပြောလိုက်ခြင်းသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်တို့ ခိုင်မာနေခြင်းကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# ယာယီဓာတ်အား ပြတ်တောက်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

230 KV သီလဝါဓာတ်အားခွဲရုံအား 230 KV ကမာနတ်-သန်လျင် ဓာတ်အားလိုင်းမှ တစ်ဆင့်ချိတ်ဆက် ဓာတ်အားပို့လွှတ် ခြင်းလုပ်ငန်းနှင့် 230 KV သန်လျင်ပင်မ ဓာတ်အားခွဲရုံ၏ Gantry နှင့်တာဝါတိုင်အမှတ်(၉)ကြား OPGW ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် 230 KV ကမာနတ်-သန်လျင်ဓာတ်အားလိုင်းအား နိုဝင်ဘာ ၁၇ ရက် နံနက် ၆ နာရီမှ ၂၀ ရက် ည ၁၂ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းဖော်ဆောင်မှုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးနှင့် ဗို့အားပြည့်ဝစွာ ရရှိရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မည့် နိုဝင်ဘာ ၁၇ ရက် နံနက် ၆ နာရီမှ ၂၀ ရက် ည ၁၂ နာရီအတွင်း သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ သာကေတမြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရပ်ကွက်အချို့တို့တွင် ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်သည်။ ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူများထံသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**







ပညာမြင့်မှ လူမျိုးတင့်မည်

# စာပေညီလာခံ ၂၀၁၇ သတင်းစာရှင်းလင်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုအမှတ်တရ လက်မှတ်များ ပေးအပ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ယနေ့တွင် စာပေညီလာခံ ၂၀၁၇ သတင်းစာရှင်းလင်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုအမှတ်တရလက်မှတ်များ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဦးက အဖွင့်အမှာစကားပြောကြားပြီး **(ဝဲပုံ)** ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှတ်တရစကား ပြောကြားသည်။

ထို့နောက် စာပေညီလာခံ ၂၀၁၇ ကျင်းပရေး ကော်မတီအတွင်းရေးမှူး မစန္ဒာက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များအား မောင်သွေးသစ်၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဦးတို့က ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

ယင်းနောက် စာပေညီလာခံ ၂၀၁၇ ကျင်းပရေး ကော်မတီအတွင်းရေးမှူး မြေမှုန်လွင်က စာပေညီလာခံ ကျင်းပရေးကော်မတီကိုယ်စား စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကာ မီဒီယာများနှင့် တက်ရောက်သူများ၏ မေးမြန်းချက်များကို စာပေညီလာခံ ၂၀၁၇ ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးမျိုးမြင့်ညိမ်းက ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်သို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်

**အင်းတော် နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာရှိ နဘားမီးရထားဘူတာသို့ ဆွစ်ဇာလန်နိုင်ငံခြားသားဧည့်သည် Mr.Walter Alois Heutschi (P/pNo, X 3532204) အပါအဝင် ၁၄ ဦးသည် နိုဝင်ဘာ ၁၅ ရက်တွင် ကသာမြို့မှနေ၍ ဒုတိယကမ္ဘာစစ်အတွင်း ဖောက်လုပ်ခဲ့သော ကသာ -နဘားမီးရထားလမ်းအား မီးရထားစီး၍ လမ်းဘေး ဝဲ၊ ယာ သဘာဝရှုခင်းများ၊ သစ်တောစိုက်ခင်းများကို ကြည့်ရှုလေ့လာခဲ့ကြပြီး နဘားဘူတာမှ အင်းတော်မြို့နယ် နတ်ပေါက်ဆင်စခန်းသို့ မှန်လုံယာဉ်ဖြင့် သွားရောက်လေ့လာကာ ထိုမှတစ်ဆင့် ကသာမြို့ရှိ ကမ္ဘာကျော် စာရေးဆရာကြီး George Orwll ၏ နေအိမ်၊ တင်းနစ်ကလပ် နှင့် ၁၉၄၂ ခုနှစ် မေလအတွင်း ဒုတိယကမ္ဘာစစ်ကာလ ဧရာဝတီမြစ်အတွင်း နစ်မြုပ်သွားသော သင်္ဘောအတွင်းမှ ရရှိ၍ ကသာမြို့မီးသတ်ဌာနတွင် ချိတ်ဆွဲထားသော ခေါင်းလောင်းကြီးနှစ်လုံးကိုလည်း ကြည့်ရှုလေ့လာသွားကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ လိုင်စင်ရယူထားသော Rv Anawrahta Myanmar အပျော်စီးရေယာဉ်ဖြင့်ဧည့်လမ်းညွှန်ဦးသီဟအောင်လိုက်ပါကာ ရန်ကုန်၊ မန္တလေး၊ နွယ်ငြိမ်း၊ မလည်ရွာ၊ တကောင်း၊ ကသာ၊ နဘား၊ နတ်ပေါက်ဆင်စခန်း၊ ရွှေကူ (ကျွန်းတော်)၊ စင်းခန်း၊ ထီးချိုင့်၊ ဆီသည်ရွာမှတစ်ဆင့် မန္တလေးမြို့သို့ပြန်လည်ရောက်ရှိကာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နိုဝင်ဘာ ၁၉ ရက်တွင် ပြည်ပသို့ ပြန်လည်ထွက်ခွာသွားကြမည်ဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၁၁-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၅၅/၇၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၀/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၀၅/၈၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၇၅/၇၈၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ . ၆ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၈၈ |
| တရုတ် | တစ်ယွမ် | ၂၀၅ . ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၆ . ၄၄ |

မြန်မာ့အလင်း

၁၂၇၇ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ရန်ကုန်မြို့တွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့တွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံတွင် အာရှ-ပစိဖိတ်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်တက်ရောက်ပြီး ရေနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေးကြမည် ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည့် အစည်းအဝေးဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ကြိုတင်ပြင်ဆင်ထားရန် အရေးကြီးကြောင်း၊ ကော်မတီများ အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် အသေးစိတ် စီမံဆောင်ရွက်ထားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေညီလာခံကျင်းပမည့် အကြိုကာလနှင့် ကျင်းပနေဆဲကာလတို့တွင် လုံခြုံရေးကိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ညီလာခံ အောင်အောင်မြင်မြင်ပြီးမြောက်နိုင်ရေးသည် အရေးကြီးသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူးက ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီများနှင့် အတွင်းရေးမှူးရုံးလုပ်ငန်းအဖွဲ့တို့မှ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။



အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရေနှင့် သက်ဆိုင်သည့် ပညာရှင်များ တက်ရောက်ကြသည်။

အာရှ-ပစိဖိတ်ရေညီလာခံကို ပထမအကြိမ် ၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ဒုတိယအကြိမ် ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး ယခုကျင်းပမည့် တတိယအကြိမ် ရေညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်




(၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများ မှတ်ပုံတင်ခြင်းဆောင်ရွက်ကြစဉ်။ သတင်းစဉ်

❀ ရှေ့ဖုံးမှ

ASEM Pathfinder Group on Connectivity(APGC) Asian Group Coordination Meeting နှင့် APGC European Group Coordination Meeting တို့ကို လည်းကောင်း သတ်မှတ်နေရာများ၌ ကျင်းပသည်။

**ဆက်လက်ကျင်းပ**

အလားတူ မွန်းလွဲပိုင်းတွင် အာဆီယံ (ASEAN) ဒေသအလိုက် အစည်းအဝေး၊ Northeast and South Asia (NESA) ဒေသအလိုက် အစည်းအဝေးနှင့် European Group အစည်းအဝေးများကို ကျင်းပခဲ့ပြီး အာရှအုပ်စုပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး၊ ဥရောပအုပ်စု ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးနှင့် 3rd Meeting of the ASEM Pathfinder Group on Connectivity (APGC) အစည်းအဝေးတို့ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ကြိုဆို နှုတ်ခွန်းဆက်စကားပြော**

3rd Meeting of the ASEM Pathfinder Group on Connectivity(APGC) အစည်းအဝေးတွင် မြန်မာအဆင့်မြင့်အရာရှိကြီးဖြစ်သည့် သံအမတ်ကြီး ဦးကျော်ဇေယျက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ညနေပိုင်းတွင် အေဆမ်အဆင့်မြင့် အရာရှိကြီးများအား ကြိုဆိုညစာစားပွဲကို အဆိုပါ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

**နိုင်ငံတကာအရေး ဆွေးနွေး**

(၁၃) ကြိမ်မြောက် အေဆမ် နိုင်ငံခြား ရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ကုန်သွယ်မှုဆိုင်ရာ၊ ရာသီဥတုပြောင်းလဲမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ စသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ရေကြောင်းလုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာလွတ်လပ်ခွင့်စသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများနှင့် စပ်လျဉ်း၍ အေဆမ်အဆင့်မြင့်အရာရှိကြီးများက ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်း**

အေဆမ်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း တန်းတူညီမှုနှင့် အပြန်အလှန် နားလည်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုလက်ရှိတွင် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ၃၀၊ အာရှမှ ၂၁ နိုင်ငံ စုစုပေါင်း အဖွဲ့ဝင် ၅၁ နိုင်ငံနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပကော်မရှင်တို့ ပါဝင်လာသည့်အတွက် အဖွဲ့ဝင် ၅၃ နိုင်ငံရှိကြောင်း သိရသည်။

**သတင်းစဉ်**



(၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပသည့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ ကို တွေ့ရစဉ်။

သတင်းစဉ်

# (၈)ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေး ပုံစံတူဆွေးနွေးပွဲ (8th Model ASEM 2017) ကျင်းပ ငြိမ်းချမ်းရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများအလိုက် မူဝါဒမူကြမ်းရေးဆွဲ

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျား၊ မ တန်းတူညီမျှရေးတို့အတွက် ပညာရေးသည် အရေးကြီးပါကြောင်း၊ ယခု ဆွေးနွေးပွဲသည် လူငယ်အချင်းချင်း သံတမန်ဆက်ဆံရေး၊ ညှိနှိုင်းဆွေးနွေးရေးနှင့် နိုင်ငံတကာ ဆက်ဆံရေး စသည့် အကြောင်းအရာများကို လက်တွေ့ကျကျ မိတ်ဆက်ပေးသည့် ဆွေးနွေးပွဲတစ်ခု ဖြစ်ပါကြောင်းဖြင့် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် (၈)ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေး ပုံစံတူဆွေးနွေးပွဲ (8th Model ASEM 2017) ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ အာရှနှင့်ဥရောပနိုင်ငံများမှ လူငယ် ၉၈ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ မြန်မာလူငယ် ၅၆ ဦး ပါဝင် တက်ရောက်ကြသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး (၈)ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေး ပုံစံတူဆွေးနွေးပွဲ (8th Model ASEM 2017) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**ဆွေးနွေးမှုများပြုလုပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက **"ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် တိုးမြှင့်ကြပါစို့"** ဟူသည့် (၈)ကြိမ်မြောက် အာရှ-ဥရောပအစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု မတူသည့် အသိုင်းအဝိုင်းများကြားတွင် သည်းခံမှု၊ နားလည်မှုနှင့် အပြန်အလှန် လေးစားမှုတို့ကို မြှင့်တင်ပြီး လူငယ်များအတွင်း မိတ်ဖက်ဆက်ဆံမှုဖြင့် ရင်းနှီးစွာ ဆွေးနွေးမှုများကို ပြုလုပ်ကြမည် ဖြစ်ပါကြောင်း။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာစေရေးအတွက် ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း(၂၀၁၆-၂၀၂၁)ကို ချမှတ်ကာ အရည်အသွေးမြင့် ပညာရေးကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ အဆိုပါ စီမံကိန်းသည် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေခွင့်ရရှိရေး၊ ကျောင်းထွက်နှုန်း လျှော့ချရေး၊ ကျောင်းနေမြဲနှုန်း မြင့်မားရေး၊ ခွဲခြားဆက်ဆံမှု မရှိရေးကို ဦးတည်သော မူဝါဒများအပေါ် အခြေခံထားပါကြောင်း၊ အခမဲ့ မူလတန်းနှင့် အလယ်တန်း ပညာရေးကို ဖော်ဆောင်လျက်ရှိရာ ရလဒ်အနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သူငယ်တန်း အသားတင် ကျောင်းဝင်နှုန်း ၉၈.၁ % ရရှိခဲ့ပါကြောင်း။

**သင်ကြားပေး**

မသန်စွမ်း ကျောင်းသားများနှင့် အခက်အခဲအမျိုးမျိုး ရင်ဆိုင်နေရသော ကျောင်းသားများအတွက် အထူးပညာရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းကို ပုံမှန်မတက်နိုင်သူများနှင့် သင်ယူမှုရလဒ်အားနည်းသူများအတွက် ဖြည့်ဆည်းသင်ကြားမှု အစီအစဉ်ကိုလည်း အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တိုင်းရင်းသားဘာသာစကား ၄၉ မျိုးကို သင်ကြားပေးလျက်ရှိပါကြောင်း၊

**သင်ရိုးညွှန်းတမ်းအသစ်များရေးဆွဲ**

ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းပြင်ပ ပညာရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုအတွက် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန (Department of Alternative Education) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ အခြေခံပညာရေးစနစ်ကို KG +12 စနစ်သို့ ပြောင်းလဲကျင့်သုံးနေပါကြောင်း၊ အလွတ်ကျက် ပညာရေးစနစ်ကို အစားထိုးနိုင်မည့် (၂၁)ရာစု၏ ကျွမ်းကျင်မှုများကို ရရှိစေနိုင်မည့် အဆင့်မြင့် စဉ်းစားတွေးခေါ်မှု စွမ်းရည် (Higher-order Thinking Skills)နှင့် နက်နဲသော သင်ယူလေ့လာမှု (Deep Learning) သို့ ဦးတည်သော သင်ရိုးညွှန်းတမ်းအသစ်များကို ရေးဆွဲလျက်ရှိပါကြောင်း။

အလုပ်အကိုင်ကောင်း ရရှိရေးအတွက် စွမ်းရည်မြင့်မားရေးသည် အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနသည် ဒေသလိုအပ်ချက်နှင့် လုပ်သားဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အသုံးချသုတေသနကို အားပေးလျက်ရှိသကဲ့သို့ ကမ္ဘာနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ပူးပေါင်းဆောင်ရွက်တတ်သော ဘွဲ့ရပညာတတ်များ မွေးထုတ်နိုင်မည့် စွမ်းဆောင်ရည် မြင့်မားသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊

**တာဝန်ခံမှုသည် အရေးကြီး**

နိုင်ငံတော်အနေဖြင့် အစိမ်းရောင် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ရန် အစိမ်းရောင် အမျိုးသားစီးပွားရေးကို မြှင့်တင်လျက်ရှိသကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးချရေးကဏ္ဍကို ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဖန်လုံအိမ် အာနိသင် အကျိုးသက်ရောက်မှု စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးတို့အတွက် တာဝန်ခံမှုသည် အရေးကြီးပါကြောင်း၊ လူငယ်များသည် မိမိမိတ်ဆွေအပေါင်းအသင်းများ၊ လူ့အဖွဲ့အစည်းများအတွင်း လက်တွဲလျက် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ခံဆောင်ရွက်သွားနိုင်မည့် အလေ့ကျင့်ကောင်းများကို ဤဆွေးနွေးပွဲမှ ရရှိသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာရှ - ဥရောပ ဖောင်ဒေးရှင်း (Asia-Europe Foundation - ASEF) Executive Director, Ambassador Karsten WARNECKE က နှုတ်ခွန်းဆက်စကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးသည်။

**ပညာရှင်အဆင့် ဆွေးနွေး**

ဆွေးနွေးပွဲတွင် Asia-Europe Foundation (ASEF), Education Department Director Ms. Leonie NAGARAJAN က ဦးဆောင်၍ Embassy of Switzerland in Myanmar မှ Ambassador Paul SEGER ၊ Asia-Europe Foundation (ASEF) Executive Director Ambassador Karsten WARNECKE ၊ Hanns Seidel Foundation (HSF) Myanmar မှ Resident Representative Mr. Achim MUNZ နှင့် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနမှ ပါမောက္ခ ဒေါ်ချောချောစိန်တို့က The Role & Influence of New Actor in Public Diplomacy ခေါင်းစဉ်ဖြင့် ပညာရှင်အဆင့် ဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများအလိုက် မူဝါဒမူကြမ်းရေးဆွဲခြင်း၊ လူငယ်များသို့ ဦးတည်သော လုပ်ငန်းဆွေးနွေးပွဲ ကျင်းပခြင်းနှင့် နိုင်ငံကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များ အဖွဲ့အလိုက် အပြန်အလှန် ဆွေးနွေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်းနှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌများနှင့် နိုင်ငံတကာဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အာရှနှင့်ဥရောပနိုင်ငံများမှ 8th Model ASEM 2017 တက္ကသိုလ်ကျောင်းသားလူငယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အထူးဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

8th Model ASEM 2017 အစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂(MICC-2) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**မြန်မာ အမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း**

◆ ***ရှေ့ဖုံးမှ***

- ယခုတစ်ဖန် အိုအိုင်စီအနေဖြင့် တတိယကော်မတီတွင်လည်း တရားမျှတမှုမရှိသည့် ဆုံးဖြတ်ချက်တင်သွင်းလျက်၊ နိုင်ငံရေးအရ ဖိအားပေးလာကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိပြဿနာကို နိုင်ငံရေးအသွင် ဖိအားပေးသည့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို ဆန့်ကျင်ကြောင်း၊
- လူ့အခွင့်အရေးကာကွယ်မြှင့်တင်မှုကို အကြောင်းပြ၍ နိုင်ငံ တစ်နိုင်ငံအား ပစ်မှတ်ထားကာ အပြုသဘောမဆောင်သည့် ချဉ်းကပ်ဆောင်ရွက်မှုများကို ဆန့်ကျင်ကြောင်း၊
- မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စများကို ပြေလည်စေရေးအတွက် စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိုအိုင်စီအနေဖြင့် ယင်းလုပ်ဆောင်ချက်များကို လုံးဝ လျစ်လျူရှုထားကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး၊ မိမိတို့ဘက်မှ မဲအနိုင် အရှုံး၊ မဲအရေအတွက် အနည်းအများကို ပဓာနမထားဘဲ မဲခွဲဆုံးဖြတ်ရန် တောင်းဆိုပြီး ပြတ်သားစွာ ရပ်တည်ဆောင်ရွက်ခဲ့သည်။

ထို့နောက် မဲခွဲဆုံးဖြတ်ခဲ့ရာတွင် မဲအများစုဖြင့် အဆိုပါ ဆုံးဖြတ်ချက်အား အတည်ပြုပြီးနောက် မြန်မာအမြဲတမ်းကိုယ်စားလှယ်က တုံ့ပြန်ပြောကြားခဲ့ရာတွင်-

- မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်း၍ သဟဇာတဖြစ်သော ဒီမိုကရက်တစ် ဖက်ဒရယ်နိုင်ငံ တစ်နိုင်ငံ တည်ထောင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်း အပါအဝင် မြန်မာနိုင်ငံမှ ကတိကဝတ်ပြုထားသည်များကို စိတ်ရင်းမှန်စွာဖြင့် မဆုတ်မနစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- ကုလသမဂ္ဂ၏ လုပ်ထုံးလုပ်နည်းနှင့် စံများကို အပြုသဘောမဆောင် အသုံးပြုပြီး နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးမှုကို ကန့်ကွက်ကြောင်း၊
- နိုင်ငံရေးအရ ဖိအားပေးရန် တင်သွင်းသည့် ဆုံးဖြတ်ချက် အဆိုသည် ပြဿနာကို ဖြေရှင်းခြင်းထက် ပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း၊
- မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှုအရေးကိစ္စကို အသုံးချလျက် နိုင်ငံရေးအရ ဖိအားပေးရန် ကြိုးပမ်းမှုမျိုးကို လုံးဝလက်မခံကြောင်း၊
- ထို့ကြောင့် အဆိုပါ ရည်ရွယ်ချက်ဖြင့် အဆိုတင်သွင်းခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် မည်သို့မျှ လက်ခံမည်မဟုတ်ကြောင်း၊
- ယင်းသို့ ဘက်ပေါင်းစုံမှ နိုင်ငံရေးဖိအားပေးနေသည့်ကြားမှ ကန့်ကွက်မဲ (သို့မဟုတ်) ကြားနေမဲပေးခြင်း (သို့မဟုတ်) ဆုံးဖြတ်ချက်ချမှုကို မပါဝင်ခြင်းတို့ဖြင့် မြန်မာနိုင်ငံအပေါ် နားလည်ရပ်တည်ပေးခဲ့ကြသည့် နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့သည်။ **သတင်းစဉ်**

✳ ***ကျောဖုံးမှ***

အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



(၁၁) ကြိမ်မြောက် အာရှ - ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ ဂုဏ်ပြုညစာစားပွဲ ကျင်းပစဉ်။ သတင်းစဉ်

# (၁၁) ကြိမ်မြောက် အာရှ - ဥရောပ သတင်းစာဆရာများနှီးနှောဖလှယ်ပွဲ ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

**(၁၁) ကြိမ်မြောက် အာရှ - ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ (11th Asia – Europe Foundation Journalists' Seminar) ဂုဏ်ပြုညစာစားပွဲကို ယနေ့ ညနေ ၇ နာရီခွဲတွင် နေပြည်တော်ရှိ တုံဂပူရီဟိုတယ်၌ ကျင်းပသည်။**

ဂုဏ်ပြုညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အာရှ-ဥရောပ ဖောင်ဒေးရှင်းအဖွဲ့ဝင် နိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဧည့်သည်တော်များအနေဖြင့် ယခု အခမ်းအနားကို ပါဝင်တက်ရောက်ရန် ကြိုးပမ်းမှုများစွာနှင့်အတူ ခရီးရှည်ကို နှင်ခဲ့ကြရပါကြောင်း၊ အခမ်းအနား စီစဉ်ကျင်းပသူများကိုယ်စား မိမိအနေဖြင့် အထူးကျေးဇူးတင်ရှိကြောင်းနှင့် နွေးထွေးစွာ ကြိုဆိုပါသည်ဟု ပြောကြားလိုပါကြောင်း။

ယနေ့သည် မိမိတို့နိုင်ငံနှင့် နိုင်ငံသားများအတွက် မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ယခုလို အခမ်းအနားမျိုးကို အိမ်ရှင်နိုင်ငံအဖြစ် နှစ် ၁၀၀ တွင် တစ်ကြိမ်ကျင်းပနိုင်ရန် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ရတောင့်ရခဲ အခွင့်အရေးတစ်ရပ် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ယခုလို အရေးပါသည့်နေ့တွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခွင့် ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုလို (၁၁) ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲတွင် ဧည့်သည်တော်များကိုယ်တိုင် တက်ရောက်ပြီး အတွေ့အကြုံမျှဝေမည် ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အစပျိုးအဆင့်တွင်သာ ရှိနေဆဲဖြစ်သည့်အတွက် မီဒီယာအပါအဝင် နယ်ပယ်တော်တော်များများတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ယခု နှီးနှောဖလှယ်ပွဲမှ နှစ်ဦးနှစ်ဖက်အကျိုးကျေးဇူးနှင့် ဘုံအကျိုးစီးပွားဖြစ်ထွန်းရန် ဧည့်သည်တော်တို့ဆီမှ အတွေ့အကြုံများကို သိရှိဖလှယ် ရယူနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့အတူ ဤနှီးနှောဖလှယ်ပွဲမှ မီဒီယာသမားတိုင်းအတွက် မရှိမဖြစ်လိုအပ်သည့် အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ဧည့်သည်တော်များအနေဖြင့် ခရီးရှည်ကို နှင်လာခဲ့သည်ကို ထောက်ရှုလျှင် မိမိတို့၏ လုပ်ငန်းတာဝန်များသည် မည်မျှအရေးကြီးသည်ကို သိရှိကြမည် ဖြစ်ပါကြောင်း၊ ထို့အတွက်လည်း အထူးကျေးဇူးတင်ရှိကြောင်း။

ဧည့်သည်တော်တို့အနေဖြင့် မြန်မာနိုင်ငံကို ရောက်ရှိခိုက် ကိုယ့်မြို့ကိုယ့်ရွာလို သဘောထားပြီး လွတ်လပ်ပျော်ရွှင်စွာ နေကြရန်လည်း ပြောကြားလိုပါကြောင်း၊ နှီးနှောဖလှယ်ပွဲအောင်မြင်ပါစေကြောင်းနှင့် ဧည့်သည်တော်တို့အားလုံး ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် Asia – Europe Foundation မှ Director Ms. Leonie က (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲကျင်းပမည့် အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

Asia-Europe Meeting

(၁၃) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀-၂၁
နေပြည်တော်




## အာရှ-ဥရောပ ဖောင်ဒေးရှင်း၏ အဓိကလုပ်ငန်းတာဝန်များ

- အာရှနှင့် ဥရောပအကြား ယဉ်ကျေးမှု၊ ပညာရေးနှင့် ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်သွားရန်ဖြစ်သည်။
- အာရှ-ဥရောပဖောင်ဒေးရှင်းအနေဖြင့် ယဉ်ကျေးမှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အုပ်ချုပ်မှုကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဟူသည့် ကဏ္ဍကြီး ၆-ရပ်တွင် စီမံချက်များ ဖော်ဆောင်အကောင်အထည်ဖော်လျက်ရှိသည်။
- ၂၀၁၅ ခုနှစ်အတွင်း အာရှ-ဥရောပဖောင်ဒေးရှင်းသည် စီမံချက်ပေါင်း (၃၁) ခုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သကဲ့သို့ အာရှနှင့် ဥရောပဒေသ ၂-ခုမှ လူမှုအဖွဲ့အစည်းတွေအကြား ဆွေးနွေးပွဲများ၊ ပူးပေါင်းဆောင်ရွက်မှုများ ကျင်းပပေးနိုင်ခဲ့သည့်အတွက် ပြည်သူအချင်းချင်း ပေါင်းစည်းဆက်နွယ်မှုကိုလည်း တိုးမြှင့်ပေးနိုင်ခဲ့သည်။
- အာရှ-ဥရောပဖောင်ဒေးရှင်း၏ အတွင်းရေးမှူးချုပ်ရုံးကို ကိုယ်စားပြုသူမှာ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးတို့ ဖြစ်သည်။
- သက်တမ်း ၄-နှစ်ရှိသည့် အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးရာထူးများကို အာရှနှင့် ဥရောပဒေသအလိုက် အလှည့်ကျ ထမ်းဆောင်သည်။
- လက်ရှိ အမှုဆောင်ညွှန်ကြားရေးမှူးမှာ ဂျာမနီနိုင်ငံသား Mr. Karsten Warnecke ဖြစ်ပြီး ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးမှာ တရုတ်နိုင်ငံသား Mr. Sun Xiangyang ဖြစ်သည်။

## အာရှ-ဥရောပ ဖောင်ဒေးရှင်း (Asia Europe Foundation – ASEF)

- အာရှ-ဥရောပဖောင်ဒေးရှင်းသည် အေဆမ် (ASEM – Asia – Europe Meeting) က တရားဝင် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။
- အေဆမ်အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုတိုးမြှင့်နိုင်ရေး အာရှ-ဥရောပ ဖောင်ဒေးရှင်း အဖွဲ့အစည်းတစ်ရပ် တည်ထောင်သွားရန် ပထမအကြိမ် ထိပ်သီးအစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည်။
- အာရှ-ဥရောပဖောင်ဒေးရှင်းကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ရုံးမှာ စင်ကာပူနိုင်ငံတွင် ရှိသည်။

# ဂျပန်နိုင်ငံ ရွေးကောက်ပွဲ သုံးသပ်ချက်

**မောင်ဒဏ္ဍီ**

**ရွေးကောက်ပွဲဖြစ်စဉ်အကျဉ်း**

လက်ရှိဝန်ကြီးချုပ် Mr. Abe သည် အောက်တိုဘာလကုန်က ကြားဖြတ်ရွေးကောက်ပွဲ(Snap election) ကျင်းပခဲ့ပြီး ၎င်း ဦးဆောင်သော Liberal Democratic Party (LDP) သည် မိတ်ဖက် Komeito ပါတီနှင့် ပူးပေါင်းပြီး Diet ခေါ် အောက်လွှတ်တော်ကိုယ်စားလှယ် ၄၆၅ ဦးနေရာတွင် ကိုယ်စားလှယ်ပေါင်း ၃၁၂ နေရာရရှိသဖြင့် Super Majority ခေါ် စုစုပေါင်း၏ သုံးပုံနှစ်ပုံမဲဖြင့် အနိုင်ရရှိခဲ့ပါသည်။

Mr. Abe ၏ မဲဆွယ်ခဲ့သည့် နည်းဗျူဟာဦးတည်ချက် နှစ်ခုမှာ-

(က) ဂျပန်နိုင်ငံသားများ၏ မြင့်တက်လာသော သက်တမ်းနှင့်ဆက်စပ်သည့် စီးပွားရေး၊ လူမှုရေး ကိစ္စများ ထိရောက်စွာ ကိုင်တွယ်ရန်နှင့်

(ခ) မြောက်ကိုရီးယား၏ စစ်ရေးခြိမ်းခြောက်မှုများကို ပြတ်သားစွာတုံ့ပြန်မှုများနှင့် ဂျပန်နိုင်ငံ၏ လုံခြုံရေးကို စောင့်ရှောက်ရန်တို့အတွက် ပြည်သူ့ထံမှ mandate ရလိုမှု ဖြစ်ပါသည်။

နိုင်ငံရေးသုတေသီများက Mr. Abe သည်-

(က) အတိုက်အခံနိုင်ငံရေးပါတီများ၏ အလစ်အငိုက်ကို ရယူပြီး ရွေးကောက်ပွဲတွင် အောင်နိုင်မှုရယူခဲ့သည်ဟု လည်းကောင်း၊

(ခ) မြောက်ကိုရီးယား၏ အဏုမြူလက်နက် ကြီးထွားမှု၊ ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ တုံ့ပြန်မှုများကြောင့် ဂျပန်ပြည်သူများ၏ စိုးရိမ်စိတ်များအပေါ် အခြေခံမဲဆွယ်သွားသည်ဟု လည်းကောင်း၊

(ဂ) မဲပေးနိုင်သည့် အသက်ကို ဇွန်လက အသက် ၂၀ မှ ၁၈ နှစ်သို့ လျှော့ချသည့် ဥပဒေဖြင့် လူငယ်မဲပေါင်း ၂ ဒသမ ၄ သန်းခန့် တိုးလာခဲ့ပြီး LDP ပါတီမှ လူငယ်မဲများကို ရယူနိုင်ခဲ့သည် ဟူ၍ လည်းကောင်း၊

သုံးသပ်ကြပါသည်။

**Mr. Abe ၏ ကိုယ်ရေးသမိုင်းနှင့် ပုဂ္ဂိုလ်ရေးသုံးသပ်မှု**

Mr. Abe သည် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပထမအကြိမ် ဝန်ကြီးချုပ်ရာထူး ရရှိခဲ့ပြီး ထောက်ခံမှု လျော့ကျလာစဉ် ကျန်းမာရေးအကြောင်းပြ၍ ရာထူးမှ နုတ်ထွက်ခဲ့သည်။ (ယင်းအချိန်က ဒုတိယကမ္ဘာစစ်ကြီး၏ နှောင်းပိုင်းကာလတွင် အသက်ငယ်ဆုံး ခေါင်းဆောင်ဖြစ်ခဲ့သည်) ဒုတိယအကြိမ် ဝန်ကြီးချုပ်အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြန်လည်အရွေးခံရပြီး ၂၀၁၄ ခုနှစ်တွင် ဒုတိယသက်တမ်း အရွေးခံခဲ့ရသည်။

ယခုရွေးကောက်ပွဲ အနိုင်ရမှုကြောင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပမည့် LDP ပါတီ ခေါင်းဆောင်ရွေးကောက်ပွဲတွင် တတိယအကြိမ် ၃ နှစ် သက်တမ်းပြန်လည် အရွေးခံရဖွယ် ဖြစ်လာပါသည်။ ယင်းသို့ဖြစ်ခဲ့သော် Mr. Abe သည် ဝန်ကြီးချုပ်ရာထူးတွင် ၂၀၂၁ ခုနှစ်အထိ တည်မြဲနိုင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ သမိုင်းတွင် နှစ်အရှည်ဆုံး တာဝန်ထမ်းဆောင်ရသည့် ဝန်ကြီးချုပ်ဖြစ်လာနိုင်သည်။

Mr. Abe သည် လက်ယာယိမ်းသည့် hawk ဝါဒီ ဖြစ်ပြီး ဂျပန်နိုင်ငံရေးတွင် ထင်ရှားသောမိသားစုမှ ဆင်းသက်လာသူဖြစ်သည်။ ဖခင် Mr. Shintaro Abe မှာ ယခင်က နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ပြီး အဘိုး Mr. Nobusuke Kishi မှာ ဒုတိယကမ္ဘာစစ်ပြီးကာလ ဝန်ကြီးချုပ်တစ်ဦး ဖြစ်ခဲ့သည်။

Mr. Abe သည် ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ Collective self - defense ဥပဒေကို အောင်မြင်စွာ ပြဋ္ဌာန်းနိုင်ခဲ့သည်။ ယင်းဥပဒေကို ဂျပန်ပြည်သူအများက ဆန့်ကျင်ခဲ့ပြီး တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများကလည်း မနှစ်မြို့ခဲ့ပေ။

**ရွေးကောက်ပွဲလွန် Mr. Abe ၏ နိုင်ငံရေးခြေလှမ်းများ**

အောက်လွှတ်တော် Diet တွင် သုံးပုံနှစ်ပုံ မဲအသာစီးကို ဆက်လက်ထိန်းထားနိုင်သဖြင့် Mr. Abe ၏ စီးပွားရေးမူဝါဒများ ဆက်လက် အကောင်အထည်ဖော်ဖွယ်ရာရှိသည်။ Abenomics ဟု ခေါ်ဝေါ်ကြသည့် **'မြားသုံးစင်း'** (Three Arrows) မူဝါဒသည် အောင်မြင်မှု တချို့တစ်ဝက် ရရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၇ ခုနှစ်တွင် အမေရိကန် ဦးဆောင်သော အနောက်မဟာမိတ်များက ရက်ပိုင်းအတွင်း ရေးဆွဲပေးထားခဲ့သော အခြေခံဥပဒေကို ပြင်ဆင်ပြီး ဂျပန်တပ်မတော်၏ ရပ်တည်မှုကို အခြေခံဥပဒေမှ အတိအလင်း အသိအမှတ်ပြုနိုင်ရေးကို ဆောင်ရွက်ဖွယ်ရှိသည်။ ဂျပန်နိုင်ငံ၏ တပ်မတော်အပေါ် ကြီးမားသော ထိန်းချုပ်မှုများကို ဖယ်ရှားပြီး ဂျပန်နိုင်ငံနှင့် ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ လုံခြုံရေး ကိစ္စများကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ (ဂျပန်တပ်မတော်သည် လက်ရှိတွင် အင်အား ၃၀၀,၀၀၀ ခန့်ရှိပြီး ခေတ်အမီဆုံးလက်နက်ပစ္စည်းနှင့် ပြည့်စုံ၍ ဂျပန်တပ်မတော်၏ ဘတ်ဂျက်မှာ ကမ္ဘာတွင် ဆဋ္ဌမမြောက် အကြီးဆုံးဖြစ်သည်။)

ခြုံငုံဖော်ပြရလျှင် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒများကို ခေတ်နှင့်အညီ ရေးဆွဲချမှတ်ရန်ဖြစ်သည်။

တစ်ဖက်မှ မြင့်တက်လာသော ဂျပန်ပြည်သူများ၏ သက်တမ်းနှင့် ဆက်စပ်သည့် စီးပွားရေး၊ လူမှုရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပြီး ကျန်တစ်ဖက်တွင်လည်း မဲပေးခွင့် ရရှိလာပြီဖြစ်သော အသက် ၁၈ နှစ်ပြည့်ပြီး လူငယ်များအတွက် ပညာရေး၊ အလုပ်အကိုင်ရရှိရေး ကိစ္စများကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

**"ဂျပန်နိုင်ငံသည် ကမ္ဘာ့တတိယ စီးပွားရေးအင်အား အကြီးဆုံးဖြစ်ပြီး ကြီးမားသော ဖွံ့ဖြိုးရေးအလှူရှင် ဖြစ်သကဲ့သို့ ကမ္ဘာ့ငွေရေးကြေးရေး ဆိုင်ရာတွင်လည်း အဓိက အင်အားကြီးနိုင်ငံဖြစ်သည်၊ ထို့အတွက် ကမ္ဘာ့စီးပွားရေးစင်မြင့်တွင် အရေးပါသော ဇာတ်ဆောင်အဖြစ် စီးပွားရေး ဆိုင်ရာ အစုအဖွဲ့များဖြစ်သည့် G8, APEC နှင့် ASEAN plu3 စသည်များတွင် အဓိကအပိုင်းမှ ပါဝင်လျက်ရှိ"**

**ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုအချို့**

Mr. Abe ၏ လက်ရှိစီးပွားရေးမူဝါဒများ၏ အောင်မြင်မှုမှာ ဝေဝါးနေဆဲဖြစ်ပြီး ဂျပန်နိုင်ငံ၏ စီးပွားရေးမှာလည်း အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ ရောယှက်လျက်ရှိသည်။

ဂျပန်နိုင်ငံ၏ အခြေခံဥပဒေကို ပြင်ဆင်ရန် အထက်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံးတွင် သုံးပုံနှစ်ပုံ မဲအသာစီး ရရန် လိုအပ်ပြီး ပြည်သူ့ဆန္ဒခံယူပွဲ (National Referendum) တွင် မဲပေးသူများ၏ ထက်ဝက်ကျော် (Simple majority) ရရန် လိုအပ်သည်။

**ဂျပန်နိုင်ငံအပေါ် ယေဘုယျ သုံးသပ်ချက်အချို့**

ဂျပန်နိုင်ငံသည် စံနူန်းမြင့်မားသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိပြီး စိတ်ဝင်စားဖွယ်အချက်မှာ LDP ပါတီသည် ကာလတိုတစ်ခုမှလွဲ၍ နှစ်ပေါင်း ၅၀ ကျော် ပြည်သူများ ထောက်ခံမှု ရရှိထားသည့် အာဏာရပါတီဖြစ်ပါသည်။ အတိုက်အခံနိုင်ငံရေးအင်အားစုများသည် LDP ကို ယနေ့အထိ မယှဉ်နိုင်ချေ။

ထူးခြားသည့်အချက်မှာ LDP ပါတီအတွင်း၌ပင် ပါတီ၏ လွှမ်းခြုံထားသော မူဝါဒများအောက်တွင် ကွဲပြားခြားနားသော အမြင်များနှင့် ရပ်တည်မှုများ ရှိနိုင်သဖြင့် မဲဆန္ဒရှင်များ၏ မတူညီသော ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခြင်းပင် ဖြစ်သည်။

Mr. Abe သည် မကြာသေးမီက Yasukuni Shrine ခေါ် ဒုတိယကမ္ဘာစစ်မှ ကျဆုံးသူများအပြင် စစ်ရာဇဝတ်ပြစ်ဒဏ် ကျခံခဲ့ရသည့် စစ်ခေါင်းဆောင်များ မြှုပ်နှံထားသည့် အမှတ်တရဗိမာန်သို့ သွားရောက်ခဲ့သည်။ ယင်းလုပ်ရပ်ကို ဂျပန်ပြည်သူအများနှင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်ဘေးဒဏ် ခံခဲ့ရသော အိမ်နီးချင်းနိုင်ငံများမှ မနှစ်မြို့ကြချေ။

ဂျပန်နိုင်ငံသည် ကမ္ဘာ့တတိယ စီးပွားရေးအင်အား အကြီးဆုံးဖြစ်ပြီး ကြီးမားသော ဖွံ့ဖြိုးရေးအလှူရှင် ဖြစ်သကဲ့သို့ ကမ္ဘာ့ငွေရေးကြေးရေးဆိုင်ရာတွင်လည်း အဓိက အင်အားကြီးနိုင်ငံဖြစ်သည်။ ထို့အတွက် ကမ္ဘာ့စီးပွားရေးစင်မြင့်တွင် အရေးပါသော ဇာတ်ဆောင်အဖြစ် စီးပွားရေးဆိုင်ရာ အစုအဖွဲ့များဖြစ်သည့် G8, APEC နှင့် ASEAN plus3 စသည်များတွင် အဓိကအပိုင်းမှ ပါဝင်လျက်ရှိသည်။

ဂျပန်နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးတွင် အကြီးမားဆုံး အထစ်အငေါ့မှာ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်ခေါင်းဆောင်များ၏ လုပ်ဆောင်ချက်များဖြစ်ပြီး လက်ရှိဂျပန်နိုင်ငံအစိုးရမှ ယင်းလုပ်ဆောင်မှုများကို အသိအမှတ်ပြု တာဝန်ခံရန်ဖြစ်သည်။ ။







## ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံ

**လက်ပံတန်း နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မရဲစခန်း၌ နိုဝင်ဘာ ၁၆ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲ ကျင်းပပြီး ခေတ္တမြို့နယ်မှူး ဒုရဲမှူး သန်းတင့်က အမှာစကား ပြောကြားသည်။ မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးညွန့်က မူခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ယခုတက်ရောက်လာသည့် ပုဂ္ဂိုလ်များနှင့် ပြည်သူများပါ ပါဝင်လက်တွဲ ဆောင်ရွက်ရန် ပြောကြားသည်။ ထို့နောက် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများက သတင်းမီဒီယာများအား လိုအပ်သည်များကို တင်ပြရာ မြို့နယ်မှူး၊ မြို့မရဲစခန်းမှူး၊ နယ်ထိန်းခေါင်းဆောင်တို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**၀၅၃**

## မှုခင်း အသိပညာပေးလုပ်ငန်း ပြည်သူလူထု ပူးပေါင်းပါဝင်စေလို

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များအလိုက် ရဲတပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး ဟောပြောပွဲများကို အောက်ခြေအဆင့်အထိ ကွင်းဆင်း ဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ပေးစေလိုကြောင်း နိုဝင်ဘာလ ဒုတိယပတ်က ရန်ကင်းမြို့နယ် (၈) ရပ်ကွက်၌ မှုခင်းကျဆင်းရေး ဟောပြောပွဲတွင် ရန်ကင်းမြို့နယ်ရဲစခန်းမှ နယ်ထိန်းတာဝန်ခံအရာရှိက ပြောကြားသည်။

"မှုခင်းအသိပညာပေးလုပ်ငန်းတွေ၊ ဟောပြောပွဲတွေကို အောက်ခြေလူထု အခြေပြုပြီး ရပ်ကွက်တွေမှာ ဆောင်ရွက်နေပါတယ်၊ ဒါပေမယ့် မှုခင်းဖြစ်စဉ်တွေက လျော့ကျသွားတယ်ဆိုတာ မရှိဘူး၊ ဒီအပေါ်မှာ လူထုအနေနဲ့လည်း ပူးပေါင်းပါဝင်စေလိုပါတယ်၊ တကယ်တော့ မှုခင်းဖြစ်စဉ်ဆိုတာ ဖြစ်ပြီဆိုတော့မှ ဖော်ထုတ်အရေးယူရတာထက် မဖြစ်ပွားခင်ကတည်းက ကိုယ်ပိုင်အသိနဲ့ ကြိုတင်ကာကွယ်မယ်ဆိုရင် ထိခိုက် ဆုံးရှုံးမှု မရှိနိုင်ပါဘူး၊ ကိုယ့်အိမ်နီးနားချင်းနဲ့ ရပ်ကွက်အတွင်းမှာ မသင်္ကာဖွယ်ရာ တစ်ခုခု ရိပ်စားမိတယ်ဆိုရင် သက်ဆိုင်ရာရဲစခန်းကို ကြိုတင်ပြီး အကြောင်းကြားတာမျိုးတွေ လုပ်ခြင်းဟာ မှုခင်းဖြစ်စဉ်တွေအတွက် အကောင်းဆုံး ကာကွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုပါပဲ၊ ဒါတွေကို ဘယ်လိုလိုက်နာရမယ်၊ ဘယ်လို ဆောင်ရွက် နေထိုင်ရမယ်ဆိုတာတွေနဲ့ အခြားဥပဒေအကြောင်းအရာတွေ သိလိုတာရှိရင် အလွယ်တကူ မေးနိုင်ဖို့ဆိုတာက မှုခင်းအသိပညာပေး ဟောပြောပွဲတွေပါပဲ၊ ဒါကို လူထုအနေနဲ့ အထူးဂရုစိုက်ပြီးတော့ ပူးပေါင်းပါဝင်စေလိုပါတယ်" ဟု ရန်ကင်းမြို့နယ်ရဲစခန်းမှ နယ်ထိန်းတာဝန်ခံအရာရှိ ရဲအုပ် အောင်ခိုင်စိုးက ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# SME လုပ်ငန်းများ၏ ငွေကြေးလည်ပတ်မှု အားကောင်းလာစေရန် ငွေကြေး အရင်းအနှီး ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၇**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာ မပြုရသေးသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၏ **စက်မှုဝန်ကြီးဌာနနှင့် ဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုခဲ့သော စာချုပ်ကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ၊ မရှိနှင့် ဖက်စပ်လုပ်ကိုင်ပြီးနောက် နိုင်ငံတော်မှ နှစ်အလိုက်ရရှိသော အကျိုးအမြတ်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းရှိ အမှတ် ၃ ဆေးဝါးစက်ရုံ (စစ်ကိုင်း)ကို နိုင်ငံတော်သမ္မတရုံးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ဆေးဝါးလုပ်ငန်းနှင့် ဇွန်ဆေးဝါးလီမိတက်တို့ ပူးပေါင်း၍ စစ်ကိုင်းဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေး လီမိတက်အမည်ဖြင့် ဖက်စပ်ကုမ္ပဏီ တည်ထောင်ခဲ့ပါကြောင်း၊ ဖက်စပ်ကုမ္ပဏီတွင် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ၈၀ ရာခိုင်နှုန်း၊ ဇွန်ဆေးဝါးလီမိတက်မှ ၂၀ ရာခိုင်နှုန်းဖြင့် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ် စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ စာချုပ်(မူကြမ်း) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီတို့၏ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များအတိုင်း ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း။

စာချုပ်ချုပ်ဆိုရာတွင် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ၈၀ရာခိုင်နှုန်းဖြစ်သော မတည်ရင်းနှီးငွေကို ပင်မစက်ရုံ ဆက်စပ်ဓရိယာနှင့် စိမ်းပြာရေညှိစခန်း လေးခု၊ (အင်း လေးအင်း) တို့ကို ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် Fixed Assets Transfer Value အရ မြေ၊ အဆောက်အအုံ၊ စက်နှင့် စက်ပစ္စည်း၊ ယာဉ်၊ ရုံးသုံးနှင့် အခြားပုံသေပိုင် ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၆၇၄၈ သန်း သတ်မှတ်၍ ထည့်ဝင်ခဲ့ပါကြောင်း၊ ဇွန်ဆေးဝါးလီမိတက်မှ ၂၀ ရာခိုင်နှုန်းဖြစ်သည့် မတည်ရင်းနှီးငွေကျပ် ၁၆၈၇ သန်းကို အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းများ တိုးချဲ့ပြင်ဆင်ခြင်းနှင့် လုည့်လည်ငွေရင်းအတွက် ငွေသားတို့ကို ထည့်ဝင်ထားပါကြောင်း၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း အမှတ် ၃ ဆေးဝါးစက်ရုံ (စစ်ကိုင်း)ကို ၂၀၁၂ ခုနှစ်မှစ၍ စစ်ကိုင်းဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေး လီမိတက်အမည်ဖြင့် စာချုပ်ကို သက်ဆိုင်ရာ ဌာနများ၏ အကြံပြုချက် သဘောထားမှတ်ချက်များအတိုင်း ပြင်ဆင်ချုပ်ဆိုခဲ့ပြီး စိမ်းပြာရေညှိမှ ရရှိမှုတန်ဖိုးကို သတ်မှတ်ကာလအတွင်း ပေးချေရန် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခဲ့ပါကြောင်း၊ ဖက်စပ်လုပ်ကိုင်ခဲ့သည့် ငါးနှစ်အတွင်း စက်မှုဝန်ကြီးဌာနအနေဖြင့် အမြတ်ငွေ စုစုပေါင်း ငွေကျပ် ၂၁၄ ဒသမ ၅၂ သန်း ရရှိပြီးဖြစ်ပါကြောင်းနှင့် လက်ရှိတွင် စိမ်းပြာရေညှိထုတ်လုပ်မှုကို အသုံးပြု၍ ထုတ်ကုန် ၂၆ မျိုးအား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြည် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၏ **အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ချေးပေးသည့် ချေးငွေအား ပွင့်လင်းမြင်သာ လွယ်ကူစွာ ချေးယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေပြီး SME လုပ်ငန်းများ၏ ငွေကြေးလည်ပတ်မှု အားကောင်းလာစေရန် ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ချေးငွေထောက်ပံ့မှုများအပြင် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများထံမှ ချေးငွေများကို ရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်အစိုးရ၏ ODA Loan ဖြစ်သော ဂျပန်ယန်းငွေသန်း ၅၀၀၀ ကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ နှစ်ဆင့်ခံချေးငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်သို့ ထုတ်ချေးခဲ့ပြီး ထိုဘဏ် ခြောက်ဘဏ်မှ SME လုပ်ငန်းရှင်များသို့ ချေးငွေများကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အဆိုပါ ချေးငွေများ စနစ်တကျဆောင်ရွက်နိုင်ရန် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ SME ချေးငွေပေးချေရာတွင် ဂျပန်နိုင်ငံအစိုးရ၏ ODA Loan ဖြစ်သည့် နှစ်ဆင့်ခံချေးငွေ (Two Step Loan) နှင့် Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးယူနိုင်သည့် နည်းလမ်းနှစ်မျိုးရှိကြောင်း။

SME လုပ်ငန်းရှင်များအနေဖြင့် နှစ်ဆင့်ခံချေးငွေများကို သတ်မှတ်ပေးထားသည့် ဘဏ်ခြောက်ဘဏ်တွင် လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို သက်ဆိုင်ရာဘဏ်မှ ချေးငွေအကဲဖြတ် စစ်ဆေးမှုများပြုလုပ်၍ ပဏာမစိစစ်ရွေးချယ်ပါကြောင်း၊ နှစ်ဆင့်ခံ ချေးငွေချေးယူနိုင်ရေးလုပ်ငန်း လမ်းညွှန်ချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ ကို မြန်မာ့စီးပွားရေးဘဏ်က ထပ်မံစစ်ဆေးပြီး သက်ဆိုင်ရာဘဏ်များမှ တစ်ဆင့် ချေးငွေထုတ်ချေးပေးခြင်းဖြစ်ပါကြောင်း၊ ဘဏ်များမှ SME လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ပေးရာတွင် ငွေမည်မျှ ချေးမည်ဟူသော သတ်မှတ်ချက်မှာ ချေးငွေရယူလိုသည့် လုပ်ငန်းအပေါ် သက်ဆိုင်ရာ ဘဏ်၏အကဲဖြတ်သုံးသပ်ချက်နှင့် ဘဏ်၏မူဝါဒအရ သာဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

CGI စနစ်ဖြင့် ချေးငွေရရှိနိုင်ရေးတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ချေးငွေလျှောက်ထားလိုသော လုပ်ငန်းရှင်၏ လုပ်ငန်းများကို စိစစ်၍ SME လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်များကို မြန်မာ့အာမခံနှင့် ပုဂ္ဂလိက ဘဏ်များသို့ ထုတ်ပေးလျက်ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအား ဦးစားပေး ထောက်ပံ့ပေးနိုင်ရေးနှင့် အခြား SME လုပ်ငန်းများအား ချေးငွေများကို လွယ်ကူစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ချေးယူနိုင်ရေးအတွက် လိုအပ်သော ငွေကြေးမတည်ပေးခြင်း၊ SME ရန်ပုံငွေများ ထူထောင်ပေးခြင်း၊ နိုင်ငံတကာ အထောက်အပံ့များရရှိရေး ဆောင်ရွက်ခြင်းတို့အတွက် SME Fund Management Board (ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့) ဖွဲ့စည်းဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် SME ချေးငွေများကို လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်တော့မည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်နှင့် ကျွန်းစု မဲဆန္ဒနယ်မှ ဒေါ်တင်တင်ဦးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း၏ **ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန် ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းဘူးမဲဆန္ဒနယ် ဦးဝင်းဝင်းက အဆို၏ ဆိုလိုရင်းသည် ရိုးရိုးရှင်းရှင်း ဖြစ်ပါကြောင်း၊ လက်ရှိသုံးစွဲနေသည့် ငွေစက္ကူများကို ဖျက်သိမ်းပစ်ရန် မဟုတ်ဘဲ ရှေ့လာမည့် ကာလတွင် အသစ်ထုတ်မည့် ငွေစက္ကူများကို ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် ထုတ်ဝေပေးရန် တိုက်တွန်းထားခြင်းဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းပုံများဖြင့် အသစ်ထုတ်ဝေမည့် ငွေစက္ကူရိုက်နှိပ်ထုတ်ဝေလိုက်ပါက ဗဟိုဘဏ်ဥပဒေ အခန်း ၂ ပါ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ ထိခိုက်သွားမည် မဟုတ်ပါကြောင်း၊ ပုဒ်မ ၆၆ တွင် ဗဟိုဘဏ်သည် မည်သည့် ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်၊ ယင်းဆောင်ရွက်ချက်အခြေအနေကို အနီးစပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

အဆိုရှင် တင်ပြသွားသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် ငွေစက္ကူအသစ်ထုတ်မည်ဆိုပါက ပုဒ်မ - ၆၅ အရ ငွေစက္ကူ၏ အပြင်အဆင်၊ ဖွဲ့စည်းပုံနှင့် ပါဝင်မှုများသည် ဗဟိုဘဏ်မှ အစိုးရအဖွဲ့၏ သဘောတူညီမှုနှင့် ပတ်သက်၍ ပုဒ်မ - ၆၆ အရ ဆောင်ရွက်မှုအခြေအနေကို အနီးစပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တင်ပြပြီး အတည်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ - ၃၆ - (င)တွင် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်း မပြုရဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရပြီး ယခုအဆိုမှာ ထုတ်ဝေထားသည့် ငွေကြေးများကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်စေလိုခြင်းမဟုတ်သည့်အတွက် ဥပဒေနှင့် ဆန့်ကျင်ကွဲလွဲခြင်းမရှိဘဲ ညီညွတ်ပြီးဖြစ်ပါကြောင်း။

အဆိုရှင် တင်ပြသကဲ့သို့ ရှေ့လာမည့် ကာလတွင် ငွေစက္ကူများကို ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများနှင့် ထုတ်ဝေလိုက်ပါကလည်း ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး မူဝါဒများ ချမှတ်ဆောင်ရွက်မှုနှင့် ဗဟိုဘဏ်၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များကိုလည်း ထိခိုက်နိုင်ခြင်းမရှိသည့်အတွက် အဆိုရှင်၏အဆိုအား အတည်ပြုသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ လယ်ဝေး မဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင်၊ ရေနံချောင်း မဲဆန္ဒနယ်မှ ဦးသာချိုနှင့် ရှားတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၆၂ တွင် ဗဟိုဘဏ်ကသာလျှင် ငွေစက္ကူနှင့် ဒင်္ဂါးများထုတ်ပိုင်ခွင့်ရှိသည်ဟူ၍ ပါရှိပါကြောင်း၊ ဗဟိုဘဏ်မှ ထုတ်သော ငွေစက္ကူများနှင့် ဒင်္ဂါးများသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် တရားဝင်ငွေအဖြစ် တည်ရှိစေရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ငွေစက္ကူထုတ်ဝေခြင်းကိစ္စသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တာဝန်ဖြစ်ပါကြောင်း ငွေစက္ကူပုံစံသစ်များ ထုတ်ဝေရာတွင် ငွေစက္ကူအရည်အသွေး ပိုမိုကောင်းမွန်စေရန်၊ အတုအပပြုလုပ်ခြင်းမှ ကာကွယ်နိုင်ရန်နှင့် လုံခြုံရေးအဆင့်အတန်းမြှင့်တင်ရန် လိုအပ်မှု အခြေအနေများအရ ထုတ်ဝေရခြင်းဖြစ်ပြီး အချိန်ကာလ ပုံမှန်သတ်မှတ်၍ ပြောင်းလဲထုတ်ဝေခြင်းမျိုး မဟုတ်သည်ကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်ဝေခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တာဝန်ဖြစ်သည့်အတွက် ရှေ့အနာဂတ်တွင် ထုတ်ဝေမည့် ငွေစက္ကူများအပေါ် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများနှင့် ရိုက်နှိပ်ထုတ်ဝေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သဘောထားနှင့်လည်း တစ်ထပ်တည်းဖြစ်သည့်အတွက် ဗဟိုဘဏ်အနေဖြင့် ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ချက်၊ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို မဲခွဲရယူရာ ထောက်ခံ မဲ ၂၈၆ မဲ၊ ကန့်ကွက်မဲ ၁၀၉ မဲဖြင့် ထောက်ခံမဲများသည့်အတွက် ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

> **“ရှေ့အနာဂတ်တွင် ထုတ်ဝေမည့် ငွေစက္ကူများအပေါ် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများနှင့် ရိုက်နှိပ်ထုတ်ဝေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သဘောထားနှင့်လည်း တစ်ထပ်တည်းဖြစ်သည့်အတွက် ဗဟိုဘဏ်အနေဖြင့် ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ချက်၊ ဥပဒေနှင့်အညီဆောင်ရွက်သွားမည်”**

# ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၁၇**
ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ငါးဦး၊ ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ စုစုပေါင်း ၂၀ ဦးတက်ရောက်ခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၁၀၀ ရာခိုင်နှုန်း တက်ရောက်ကြသောကြောင့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ဂေါက်ကွင်း၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တစ်နှစ်စာ စာရင်းချုပ်ရငွေ၊ သုံးငွေအခြေအနေနှင့် ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန လက်အောက်ရှိရေကူးကန်၏ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွက် ဝင်ငွေနှင့်ထွက်ငွေ အခြေအနေ၊ လွိုင်ကော်မြို့နယ် တပ်မတော် စစ်ဆေးရုံရှေ့မှ GTC ကျောင်းသို့ သွားသော လမ်းအားလမ်းမီးရရှိရေး ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း၌ တပ်ရင်းအသီးသီးက အကြောင်းအမျိုးမျိုးကြောင့် သိမ်းယူခဲ့သော တပ်သိမ်းမြေ ဧကအသီးသီးကို တိကျမှန်ကန်ပြည့်စုံစွာသိရှိလိုပါကြောင်း စသည်ဖြင့် မေးခွန်းများ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြ၍ ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ပြီး ဒုတိယအကြိမ် ကယားပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **ပြည်နယ် (ပြန်/ဆက်)**

# ဆလုံ(ခ)မော်ကင်းလူမျိုးတို့၏ ဓလေ့ထုံးစံများနှင့် လူမျိုးစု မတိမ်ကော မပပျောက်ရေးတို့သည် ရေရှည် အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၇

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၃ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အစည်းအဝေးတွင် ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ်၏ **ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၊ အောင်ပန်းမြို့တွင် ဖွင့်လှစ်ထားသော ကာရာအိုကေဆိုင်များသည် သက်ဆိုင်ရာမှ တရားဝင် ဖွင့်လှစ်ခွင့်ပြုထားခြင်းရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကလောမြို့နယ်၊ အောင်ပန်းမြို့၌ ဗီဒီယိုကာရာအိုကေ လုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်မှစ၍ ခွင့်ပြုခဲ့ရာ ဗီဒီယိုကာရာအိုကေလုပ်ငန်း လိုင်စင်ခွင့်ပြုထားသူ ၁၄ ဦးရှိပြီး ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ကြီးကြပ်မှုဖြင့် တရားဝင်လိုင်စင် ရယူဖွင့်လှစ်ခွင့်ပြုထားပါကြောင်း၊ လိုင်စင်မရှိဘဲ တရားမဝင် ဖွင့်လှစ်ပါက ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ ထိုသူကို ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ငွေကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်ကိုဖြစ်စေ ချမှတ်ရမည်ဖြစ်သည့်အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း ဖြေကြားသည်။

> **“ ဗီဒီယို ကာရာအိုကေ လုပ်ငန်း လိုင်စင် မရှိဘဲ တရားမဝင် ဖွင့်လှစ်ပါက ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ ထိုသူကို ထောင်ဒဏ်သုံးနှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ငွေကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ် နှစ်ရပ်ကို ဖြစ်စေ ချမှတ်ရမည် ဖြစ် ”**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ **မျိုးသုဉ်း ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ဆလုံ (မော်ကင်း) လူမျိုးအား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ပေးခြင်းတို့ကို မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင် အတွင်းရှိ ကျွန်းများ၌ နေထိုင်လျက်ရှိသော ဆလုံ (ခ) မော်ကင်း လူမျိုးတို့၏ ဓလေ့ထုံးစံများ ထိန်းသိမ်းကာကွယ်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး ဖော်ဆောင်ခြင်းနှင့် လူမျိုးစု မတိမ်ကော မပပျောက်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များသည် ရေရှည်အချိန်ယူ ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လုံလောက်သော ရန်ပုံငွေများ လိုအပ်ခြင်းနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် မနုဿဗေဒ ပညာရှင်ကဲ့သို့ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အထူးကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရန် လိုအပ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများကို ဖွင့်လှစ်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင်လည်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများဖွင့်လှစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဆလုံ (မော်ကင်း) မျိုးနွယ်စုအပြင် အခြား တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံနှင့် တိုင်းရင်းသား အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က ယင်းပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**



# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် စင်ကာပူသံအမတ်ကြီးအား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ၂၀၀၆ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံအပေါ် များစွာအကူအညီ ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သံအမတ်ကြီးသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းဖြစ်ပါကြောင်း။

စင်ကာပူနိုင်ငံသည်လည်း မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံကောင်း နိုင်ငံတစ်ခုဖြစ်ပါကြောင်းနှင့် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မြဲရေးအတွက် ရောက်ရာနေရာမှ ဆက်လက်ကူညီပေးစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မူဘောင် (Frame work)၊ လုပ်ငန်းလမ်းစဉ် (ToR)၊ လုပ်ထုံးလုပ်နည်း (SoP) အလုပ် အဖွဲ့အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မူဘောင် (Frame work )၊ လုပ်ငန်းလမ်းစဉ် (ToR)၊ လုပ်ထုံးလုပ်နည်း (SoP) အလုပ် အဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အစိုးရအစုအဖွဲ့ ကိုယ်စား ဦးခင်ဇော်ဦးက ယခု အစည်းအဝေးသည် ဆက်လက် ကျင်းပရန်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ တတိယအကြိမ် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ Frame work နှင့် ပတ်သက်ပြီး မိမိတို့ လုပ်ငန်းစဉ်နှင့် ကိုက်ညီမည့် ပြုပြင်စရာများကို ဝိုင်းဝန်းဆွေးနွေးစဉ်းစားပြီး ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ToR များထဲမှ ပြုပြင်စရာ၊ ဖြည့်စွက်စရာများ ရှိနေသည့်အတွက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ToR နှင့် ဆက်စပ်နေသည့် SoP များကိုလည်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လာမည့် ညီလာခံမှာ အရေးကြီးသည့်အတွက် ယခု အစည်းအဝေးတွင် အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့ ကိုယ်စားလှယ် ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းက နိုင်ငံရေးဆွေးနွေးမှု အောင်မြင်ရန်အတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်မှာ အရေးကြီးပါကြောင်း၊ ယခု အစုအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ရှိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမည့် မူဘောင်တစ်ခု ဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီအစုအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင် ဦးမြင့်စိုးက နိုင်ငံရေးပါတီများ အစုအဖွဲ့အနေဖြင့် နိုင်ငံရေးမူဘောင် ဆွေးနွေးရာတွင် ယခင်ကလည်း တက်တက်ကြွကြွ ပါဝင်ခဲ့ပါကြောင်း၊ ယခုလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုလို ဆောင်ရွက်ခြင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သည့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးညီလာခံတွင် တိကျပြတ်သားသည့် အဖြေများရရှိပြီး မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရာတွင် ယနေ့ ဖြစ်ပေါ်နေသည့် ဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆောင်ရွက်သွားနိုင်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အား Structure , Decision Making Concept, Composition, National Dialogue တို့နှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက ဆွေးနွေးကြပြီး အစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း

**၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ**

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ ။)
၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း (၂)**
**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) နှင့် (၉)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။
(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၃)**
**ငွေချေးယူခြင်း**

၄။ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၂ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်း နှစ်သိန်း တိုးမြှင့်လျာထားလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

**ပြည်ထောင်စုအစိုးရအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၀၀.၀၀၀ | | | | | | | | ၃၀၀.၀၀၀ |
| ၂ | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၆.၈၀၉ | | | | | | | | ၁၆.၈၀၉ |
| ၃ | ၈ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၈.၆၀၀ | | | | | ၁၈.၆၀၀ |
| ၄ | ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၁၅၉.၇၂၄ | | | ၄.၆၀၀ | | | | | ၁၆၄.၃၂၄ |
| ၅ | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၂.၂၀၈ | | | ၁၅၆.၉၇၆ | | | | | ၁၆၉.၁၈၄ |
| | | ပေါင်း | | ၄၈၈.၇၄၁ | | | ၁၈၀.၁၇၆ | | | | | ၆၆၈.၉၁၇ |

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံ စာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲအတွက် အလှူငွေများလက်ခံ

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံစာရေးဆရာအသင်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၉ ခု မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၂၁၅၀၀၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ငွေကျပ် ၁၅ သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဦးဇော်မင်း မိသားစု (မင်္ဂလာကုမ္ပဏီ)၊ မိဘများဖြစ်ကြသော (ဦးတက်တိုး+ဒေါ်နုယဉ်) အစ်ကိုကြီး (သိပ္ပံမင်းကြည်) နှင့် ခင်ပွန်း (ဦးကောင်းညွန့်)တို့အား ရည်စူး၍ ဒေါ်ငွေရည် မိသားစုနှင့် သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး) မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်မိသားစု၊ သီရိပျံချီ ဦးခင်မောင်စိုး (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း) နှင့်ဇနီး ဒေါ်နီနီ မိသားစု၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ ဦးစိုးမြင့် (စိုးမှူး) +ဒေါ်ကြည်ကြည်ခင် (စိုးကြည်ဖြူ)နှင့် သမီး စိုးမြတ်သူဇာမိသားစုနှင့် ဗိုလ်မှူးသက်ထွန်း (ငြိမ်း) + ဒေါ်သီသီနွယ် (ဗိုလ်ချုပ်ဈေးမိသားစု)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးထင်ဖတ် (မောင်ထင်)+ ဒေါ်သောင်းသောင်း မိသားစုက ငွေကျပ် ၁၅၀၀၀၀ ၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) က ငွေကျပ် ၁၂၄၀၀၀ ၊ မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များအသင်း(ဗဟို)က ငွေကျပ် ၁၀၅၀၀၀၊ ဘဒ္ဒန္တကေလာသ (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဒေါက်တာချစ်+ ဒေါ်ကြည်ကြည်ညွန့် မိသားစု၊ ဒုတိယဝန်ကြီး (ငြိမ်း) ဇေယျကျော်ထင် ဗိုလ်မှူးကြီး သိုက်ထွန်း(ငြိမ်း)+ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည်၊ ဒုတိယဝန်ကြီး (ငြိမ်း) ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)+ဒေါ်ခင်ဝင်း၊ ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)+ဒေါ်မြင့်မြင့်၊ ဒေါ်ချိုချိုတင် (မစန္ဒာ)၊ ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်)၊ ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)+ ဒေါ်ဝင်းဝင်းမြင့် (ချမ်းမြေ့ဝေနှင်း)၊ ဦးစိန်ဝင်း (မောင်စိန်ဝင်း-ပုတီးကုန်း)၊ ဦးဟန်ညွန့် (ဥပဒေ)+ ဒေါ်ညိုညိုယဉ်(ဒိုက်ဦး)၊ ဦးခင်ဆွေ (ရွှေစွန်ညို)၊ ဦးဝင်းမြင့် (စာရေးဆရာသန်းမြင့်ဝင်း)၊ စာရေးဆရာမ ဗိုလ်ချိုမြေ တင်တင်ဝင်း၊ ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)၊ တာမွေမြို့နယ် စာရေးဆရာအသင်း၊ လှိုင်သာယာမြို့နယ် စာရေးဆရာအသင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း၊ ထားဝယ်မြို့နယ် စာရေးဆရာအသင်းနှင့် ဒေါ်မီမီကို (အလှရပ်ဝန်း)တို့က ငွေကျပ် တစ်သိန်းစီ၊ ဒေါက်တာလှသောင်း(ဘဏ်)၊ ညောင်တုန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ရွှေ (မောင်နေလင်း-ညောင်တုန်း)၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်း၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်းနှင့် ရေစကြိုမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ သန်လျင်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၃၅၀၀၀၊ ဒေါ်မြမြသန်း (မနှင်းဖွေး)၊ ဦးကျော်စိုး (မောင်ကျေးဇူး)၊ ဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ဒေါက်တာအောင်ထက် (ဆေး-၁)၊ သုတေသီမောင်ချစ်ဆွေ၊ ညိမ်းလွင်ဦး (ဝေါ) သာကေတမြို့နယ်၊ ဒေါ်ခင်တင့်ဝေ (မြို့တော်စည်ပင်-ငြိမ်း)၊ ဦးအောင်ကြည် (အောင်ကြည်ဝင်း- ပျဉ်းမနား)၊ ဗဟန်းမြို့နယ် စာရေးဆရာအသင်း၊ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း၊ မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် သုံးသောင်းစီ၊ ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)၊ ဒေါ်ခင်အေးမူ (ခင်လပြည့်ဝန်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်စာရေးဆရာအသင်း၊ သာယာဝတီမြို့နယ် စာရေးဆရာအသင်းနှင့် သာပေါင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် နှစ်သောင်းစီ၊ ဒေါ်ခင်ရီရီစိုး (အ.ထ.က ဆင်ဘို) မြစ်ကြီးနားမြို့က ငွေကျပ် ၁၅၀၀၀၊ ဦးကြည်စိန် (မှော်ဝန်းကြည်မြတ်)၊ ရွှေဘိုတင်အောင်၊ ကြည်မင်းဟန် (ကျောက်တန်း)၊ ဒေါ်ခင်ထားမြင့် (ယွန်းထိပ်ထား)၊ တက္ကသိုလ်မြတ်သွင် (ဝါးခယ်မ)၊ ဗိုလ်ကြီးညွန့်ဝင်း (ငြိမ်း) (ဘုန်းမောင်ဝင်း-ဖျာပုံ)၊ ဒေါ်ဆုလာဘ်နွယ် (ဘားအံမြို့)၊ စမ်းချောင်းမြို့နယ် စာရေးဆရာအသင်းနှင့် မင်းဘူးစကုမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သောင်းစီ၊ ရွှေဘိုတင်အောင်၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဦးစိုးတင့် (ဟံသာစိုးတင့်)၊ ဗိုလ်မှူးကြီး မြင့်သိန်း(ငြိမ်း) (မြင့်သိန်းအောင်) မိသားစု၊ မောင်အောင်မြင် (မိတ္ထီလာ)၊ ဦးမောင်မောင် (ဂုရုအောင်)နှင့် မြတ်ပန်းရဂုံမဂ္ဂဇင်းတို့က သုတရသစာအုပ်များ အသီးသီး လှူဒါန်းခဲ့ကြပြီး ၁၇-၁၁-၂၀၁၇ ရက်နေ့အထိ အလှူငွေ စုစုပေါင်း ငွေကျပ် ၁၃၈၃၉၀၀၀ (ကျပ်တစ်ရာသုံးဆယ့်ရှစ်သိန်း သုံးသောင်း ကိုးထောင်တိတိ) ဖြစ်ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၂၄-၁၁- ၂၀၁၇ (သောကြာနေ့)၊ နံနက် ၁၀ နာရီတွင် အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် ၁၇၃/ ၁၇၅ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ သို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော်  နိုဝင်ဘာ  ၁၇**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းက လှူဒါန်းငွေကျပ်သိန်း ၂၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က လည်းကောင်း **(ယာပုံ)**၊ နယူးယောက်မြို့ရှိ မြန်မာ-အမေရိကန် ဆေးပညာအသင်းက လှူဒါန်းသော အမေရိကန် ဒေါ်လာ ၁၀၀၀၀ ကို နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က လည်းကောင်း၊ ရန်ကုန်မြို့ရှိ တီမော လက်စ်တေသံရုံးက လှူဒါန်းသော အမေရိကန်ဒေါ်လာ ၈၀၀၀ကို သံအမတ်ကြီးက လည်းကောင်း ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ၂/၂၀၁၇ အစည်းအဝေးကျင်းပ

**စစ်တွေ  နိုဝင်ဘာ  ၁၇**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အမှတ်စဉ်၂/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကော်မတီအဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ မူဘောင်များနှင့်အညီ လုပ်ဆောင်ပေးကြစေလိုကြောင်း၊ သို့မှသာ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကလည်း မိမိတို့ကော်မတီအပေါ်တွင် အပြန်အလှန်ယုံကြည်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူတို့အတွက် အခွင့်အလမ်းများကို ဖော်ဆောင်ပေးပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကာ လုပ်ဆောင်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဒေါက်တာညီညီမောင်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပြဋ္ဌာန်းလိုက်သည့် အမိန့်နှင့် ညွှန်ကြားချက်များအား ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့နေရသော အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေး ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးကြသည်။

“ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းရှင်တွေမှာ လိုအပ်ချက်တွေ ရှိနိုင်ပါတယ်၊ မြန်မြန်ဆန်ဆန် ရင်းနှီးမြှုပ်နှံနိုင်အောင်လည်း သူတို့နဲ့ ညှိနှိုင်းဆောင်ရွက်သွားဖို့ ရှိပါတယ်၊ ပညာရှင်တွေ၊ ကျွမ်းကျင်တဲ့သူတွေ၊ လုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်ပြီး အလုပ်ရုံ ဆွေးနွေးပွဲတွေလုပ်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ လုပ်ဖို့အတွက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပိုမိုသိရှိသွားမှာ ဖြစ်ပါတယ်၊ နိုင်ငံတကာ အပါအဝင်ပေါ့၊ ဒီရင်းနှီးမြှုပ်နှံမှုကိုသာ အောင်အောင်မြင်မြင်နဲ့ လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်အတွက်သာမကဘဲ နိုင်ငံအတွက်ပါ ဝင်ငွေတွေရရှိပြီး အောင်မြင်မှုတွေရရှိလာနိုင်မှာ ဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေအနေနဲ့လည်း ဒီရရှိလာတဲ့ အခွင့်အလမ်းတွေကို အပြည့်အဝအသုံးချပြီးတော့ ပြည်နယ်နဲ့ နိုင်ငံအတွက် မိမိတို့ရဲ့လုပ်ငန်းအတွက် အောင်မြင်မှုတွေရရှိအောင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ အတွင်းရေးမှူး ဒေါက်တာညီညီမောင်က “ရခိုင်ပြည်နယ်မှာ ရေရှည်ရင်းနှီးမြှုပ်နှံဖို့ဆိုရင် ဘယ်လိုအခက်အခဲတွေရှိသလဲ၊ မြေအခက်အခဲရှိသလား၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌက လမ်းညွှန်ချက်တွေရှိပါတယ်၊ ကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေ၊ ကော်မတီက ဘယ်လို အတည်ပြုမိန့်တွေ ပေးလို့ရတယ်၊ ဒါတွေကို ကျွန်တော်က ကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကို ရှင်းလင်းတင်ပြတယ်၊ ကော်မရှင်ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရမယ်၊ နည်းပညာတွေရလာမယ်၊ ဒီအချက်တွေကို ဦးတည်ပြီး သွားနေပါတယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေရလာရင် အလုပ်လက်မဲ့ ပြဿနာလည်း ဖြေရှင်းပြီး ဖြစ်သွားမယ်၊ ဒီမှာ အမြန်ဆုံးရင်းနှီးမြှုပ်နှံမယ့်သူတွေရှိပါတယ်၊ သူတို့တွေကို ဖိတ်ခေါ်မယ်၊ ပြီးတော့ သူတို့တွေမှာ ဘယ်လို အခက်အခဲတွေရှိနေလဲ၊ သူတို့ရဲ့တင်ဒါတွေကို ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကို တင်ပြပြီး အခြားဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပေးတယ်၊ ရင်းနှီးမြှုပ်နှံတဲ့သူဘက်ကလည်း ကူညီပေးတယ်၊ နိုင်ငံတော်နဲ့ ပြည်သူအတွက်လည်း အကျိုးရှိအောင်လုပ်ပေးမယ်၊ တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ဖို့အတွက် ကြိုးစား အကောင်အထည်ဖော်နေပါတယ်” ဟု ပြောသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကော်မတီအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  နိုဝင်ဘာ  ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁၆ ရက်ထိ စုစုပေါင်း ၁၉၂၀ ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံကျေးရွာများ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၆ ရက်ထိ စုစုပေါင်း ၁၄၄ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၁၆ရက်အထိ စုစုပေါင်း ၁၁၆ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်သိုက်ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ စုစုပေါင်း ဧက ၅၀ ရိတ်သိမ်းပြီးဖြစ်သည်။



ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုးကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ စုစုပေါင်း ၄၇ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

ရသေ့တောင် မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၆ရက်အထိ စုစုပေါင်း ၆၈ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

ဘူးသီးတောင် မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  နိုဝင်ဘာ  ၁၇**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ သာစည် (တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ (တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်နှစ်ကောင်၊ ငါးခူရ ပတ်ဝန်းကျင်ရှိ ရွက်ညိုတောင် (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊



မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့က နွားများအား ကာကွယ်ဆေးထိုးပေးစဉ်

ဆိတ်တစ်ကောင်တို့အား ကာကွယ် ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့၌ နွားတစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်လေးကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများ၌ စုစုပေါင်း နွား ၂၈၄ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၄၃ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်သည်။

မောင်တောမြို့နယ်ရှိ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့မှ စခန်း ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော သာစည်(တိုင်းရင်းသား)ကျေးရွာ၊ ရန်အောင်မြေ(တိုင်းရင်းသား) ကျေးရွာနှင့် ရွက်ညိုတောင် (တိုင်းရင်းသား) ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ပိုင်ရှင်မဲ့ ကျွဲနွားများ မတွေ့ရှိပါကြောင်းနှင့် စခန်းအနီးပတ်ဝန်းကျင်ကျေးရွာများတွင် တွေ့ရှိသောပိုင်ရှင်ရှိနွားနှင့်ဆိတ်များကို ဆေးကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး လူအား၊ ငွေအား၊ စိတ်ဓာတ်ခွန်အားနှင့် နည်းပညာပိုင်းဆိုင်ရာမှအစ ကဏ္ဍပေါင်းစုံ ပေါင်းစပ်ကူညီမည်ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြောကြား

မောင်တော နိုဝင်ဘာ ၁၇

**ရခိုင်ပြည်နယ် မောင်တောဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဒေသများအား ပြန်လည်ထူထောင်မှုအပိုင်းနှင့် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လူအား၊ ငွေအား၊ စိတ်ဓာတ်ခွန်အားနှင့် နည်းပညာပိုင်းဆိုင်ရာကအစ ကဏ္ဍပေါင်းစုံမှ ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောကြားသည်။**



ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူ တည်ဆောက်ပေးမည့် မောင်တောဒေသ တောင်ပိုင်း ကိုင်းကြီးမြို့တိုင်းရင်းသားများ ကျေးရွာသစ် နေအိမ် ၆၄ လုံး တည်ဆောက်ရန် ပန္နက်တင်သည့် အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ရခိုင်ပြည်နယ်ကို အခုလိုလာရောက်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်လို့ လူအား၊ ငွေအား၊ စိတ်ဓာတ်ခွန်အားကအစ တိုင်းရင်းသားအချင်းချင်း အခက်အခဲဖြစ်တဲ့အချိန်မှာ ကူညီပေးရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီကိုရောက်လာတာ ဖြစ်ပါတယ်။ ဒီဒေသ ပြန်လည်ထူထောင်တဲ့အခါမှာ ကျေးရွာတည်ဆောက်ရေးနဲ့ စာသင်ကျောင်း နေထိုင်မှုအပိုင်း လုပ်ငန်းတွေကစရပါမယ်။ အခုလိုနေအိမ်တွေကို တည်ဆောက်ပေးတဲ့အခါမှာ မိုးမကျမီ ပြီးစီးဖို့ အဓိကလိုအပ်ပါတယ်။ ကျန်တဲ့စီးပွားရေးလုပ်ငန်းတွေကိုလည်း ဆက်ပြီးတော့ ပေါင်းစပ်ကူညီပေးသွားမှာပါ။ ဒီကိုင်းကြီးကျေးရွာကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူပြီးတော့ အိမ်ခြေ ၆၄ အိမ် တည်ဆောက်ပေးသွားမှာပါ။ ဒီအတွက် အစိုးရအဖွဲ့ ငွေရယ်၊ လုပ်ငန်းရှင်တွေနဲ့ ဝန်ထမ်းပြည်သူတွေ ထည့်ဝင်ငွေတွေပါ ပေါင်းစပ်ပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီဒေသမှာ နေရေး၊ ထိုင်ရေး၊ စားဝတ်နေရေး၊ စီးပွားရေးလုပ်ငန်းတွေ အခြေကျပြီးရင် စိုက်ပျိုးရေး၊ မွေးမြူရေးတွေ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း ပြည်နယ်အစိုးရလိုအပ်ချက်နဲ့အညီ လူအား၊ ငွေအား၊ စိတ်ဓာတ်ခွန်အားအပါအဝင် နည်းပညာပိုင်းဆိုင်ရာကအစ ပေါင်းစပ်ကူညီသွားမှာ ဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

ယနေ့ညနေ ၄ နာရီတွင် ကျင်းပသည့် မောင်တောဒေသတောင်ပိုင်း ကိုင်းကြီးကျေးရွာသစ် တည်ဆောက်ပေးရန် ပန္နက်တင်အခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ပန္နက်တင် မင်္ဂလာရေပက်ဖျန်းပေးပြီး ဒေသခံမြို့တိုင်းရင်းသားများအား ရင်းနှီးခင်မင်စွာ အားပေးစကား ပြောကြားသည်။

ယင်းနောက် ကိုင်းကြီးမြို့ ကျေးရွာမှတစ်ဆင့် မောင်တောဒေသတောင်ပိုင်း အလယ်သံကျော်ရှိ လေယာဉ်ကွင်းသစ် တည်ဆောက်မည့်မြေနေရာကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်**

# ဘူးသီးတောင်မြို့နယ်အတွင်းရှိ ၁၅ နှစ်အောက် ကလေးတစ်သိန်းကျော် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေး

**မောင်တော နိုဝင်ဘာ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၁၅ နှစ်အောက် ကလေးငယ်များအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကို နိုဝင်ဘာ ၁၅ ရက်မှစတင်ကာ ထိုးနှံပေးလျက်ရှိရာ ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဌာနမှလည်း ဒေသအတွင်းရှိ လူမျိုးဘာသာ၊ အဆင့်အတန်းမရွေး ၁၅ နှစ်အောက် ကလေးငယ်တစ်သိန်းကျော်အား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဌာနမှ သိရသည်။



"ဘူးသီးတောင်မြို့နယ်မှာ ရပ်ကွက် ခုနစ်ခုရှိပြီး ကျေးရွာပေါင်း ၄၁၉ ရွာရှိပါတယ်၊ အဲဒီထဲမှာမှ တိုင်းရင်းသားတွေ သီးသန့်နေတဲ့ ရွာတွေရှိတယ်၊ တိုင်းရင်းသားတွေရယ် ဘင်္ဂါလီတွေ ရောပြီးနေတဲ့ ရွာတွေလည်းရှိတယ်၊ ဘင်္ဂါလီသီးသန့်နေတဲ့ရွာတွေလည်း ရှိပါတယ်၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကတော့ လူမျိုးဘာသာမရွေး အဆင့်အတန်းမရွေး အသက် ကိုးလကနေ ၁၅ နှစ်အတွင်းရှိ ကလေးငယ်တွေကို ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်၊ ဘူးသီးတောင်မြို့ပေါ်မှာ ကလေးငယ်ကိုးထောင်ခန့်နဲ့ ကျေးလက်ဒေသတွေမှာ ကလေးငယ်ကိုးသောင်းကျော်ရှိတဲ့အတွက် ကလေးတစ်သိန်းကျော်ကို ကာကွယ်ဆေး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်"ဟု ဘူးသီးတောင်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ သန်းထွန်းကျော်က ပြောသည်။

ဘူးသီးတောင်မြို့နယ်၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲသွားခဲ့သော်လည်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဌာနနှင့် နီးနွယ်သည့်ဌာနများနှင့် ပူးပေါင်းကာကာကွယ်ဆေးထိုး အဖွဲ့များဖွဲ့ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကို ဘူးသီးတောင်မြို့နယ်၌ ပထမဦးစားပေးအနေဖြင့် မြို့ပေါ်တွင် အပြီးသတ် ထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်က အသက် ၁၅ နှစ်အောက် ကလေးဦးရေ ၇၅၁၀ ကို ထိုးနှံပေးနိုင်ခဲ့ကြောင်း ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဌာနမှ သိရသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံကြရန်အတွက် ဘူးသီးတောင်မြို့နယ်ရှိ လူစည်ကားရာ နေရာများ၌ ပန်းဖလက်များဝေငှခြင်း၊ ဗီနိုင်းဆိုင်းဘုတ်များဖြင့် စာသင်ကျောင်းများ၊ လမ်းဆုံလမ်းခွများတွင် ကပ်ထားခြင်း၊ မော်တော်ယာဉ်ဖြင့် လိုက်လံကြေညာခြင်း၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများမှတစ်ဆင့် အသိပေးခြင်းနှင့် အသိပေးရှင်းလင်းပွဲကို ဆောင်ရွက် လှုံ့ဆော်လျက်ရှိသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ် ၂၄ နိုင်ငံမှာ ရောဂါအဖြစ်များဆုံးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါကို တစ်သက်လုံး ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဌာနမှ သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# စစ်တွေမြို့နယ် ချောင်းနွယ်အုပ်စု ကံပြင်ရွာသစ်ကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်း

**စစ်တွေ နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့နယ် ချောင်းနွယ်အုပ်စု ကံပြင်ရွာသစ်ကျေးရွာရှိ ကွင်းအမှတ် (၅၆၇/က) ဦးပိုင်အမှတ် (၂၄) တောင်သူ ဦးခင်မောင်၏ ဆားငန်ခံဆင်းသွယ်လတ် မျိုးစေ့ထုတ် ၁ ဒသမ ၄ ဧက စိုက်ခင်းအား စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၀ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်း စံကွက် ရိတ်သိမ်းခြင်းကို မြို့နယ်ဦးစီးမှူး ဦးတင်အေးနှင့် ကွင်းဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူလင်းနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၁၇ ဦး တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစို ၁၁၁ ဒသမ ၁၉ တင်း၊ အခြောက် ၁၀၁ ဒသမ ၀၉ တင်း ထွက်ရှိကြောင်း သိရသည်။ ဆားငန်ခံဆင်းသွယ်လတ် စပါးမျိုးသည် ဆားငန်ဒဏ် ခံနိုင်ရည်ရှိသောကြောင့် ၂၀၁၈ မိုးရာသီတွင် စစ်တွေမြို့နယ်အတွင်းရှိ ပင်လယ်ရေဝင်ရေိယာများ၌ မျိုးဖြန့်ဖြူးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မုန်တိုင်းသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်

**ကျောက်ဖြူ နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်ပြောက်အုပ်စု၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကျောက်ဖြူခရိုင်ဦးစီးမှူးရုံးမှ ကြီးမှူး၍ မုန်တိုင်းသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခန်း (Cyclone Drill) အား ကျောက်ပြောက် ကျေးရွာသူ ကျေးရွာသားများဖြင့် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျေးရွာကော်မတီဝင်များအား မုန်တိုင်းအခြေအနေအား ရှင်းလင်းခြင်း၊ မုန်တိုင်းအခြေအနေပေါ်မူတည်၍ လုပ်ဆောင်ရမည့် အခြေအနေများ၊ ကျေးရွာအတွင်း နေထိုင်ကြသော ပြည်သူများအား သတိပေးနှိုးဆော်ခြင်း၊ ကျေးရွာနေပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် မသန်စွမ်းသူများအား ကုန်းမြင့်ပိုင်း (သို့မဟုတ်) ကျေးရွာဘုန်းကြီးကျောင်းများသို့ ရွှေ့ပြောင်းခြင်းများအား သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကျောက်ဖြူခရိုင်ဦးစီးမှူး ဦးအောင်ကျော်ခိုင်နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကျောက်ဖြူခရိုင် ဦးစီးမှူးတို့က မုန်တိုင်းမဖြစ်ပေါ်မီ၊ မုန်တိုင်းဖြစ်နေစဉ်နှင့် မုန်တိုင်းကျရောက်ပြီး ဆောင်ရွက်ကာကွယ်ရမည့်နည်းလမ်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပညာပေးဟောပြောခဲ့သည်။ **ဖြိုးဝေလင်း (ပြန်/ဆက်)**

# စစ်တွေဆေးရုံကြီးသို့ သိန်း ၅၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးစက်ပစ္စည်းများ လှူဒါန်း

**စစ်တွေ နိုဝင်ဘာ ၁၇**



စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး ဖျားနာဆောင်၌ အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၅၀ ကျော် တန်ဖိုးရှိ Cardiac Mornitor တစ်လုံးနှင့် Air Con နှစ်လုံး လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်ကုသရေးဦးစီးမှူးရုံးခန်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက စစ်တွေဆေးရုံကြီးအတွက် လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများနှင့် လိုအပ်သည့် ပစ္စည်းများ လာရောက်လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကွယ်လွန်သူ ဦးဘညွန့်အားရည်စူး၍ Cardiac Mornitor တစ်လုံးနှင့် Air Con နှစ်လုံးအား မိသားစုများက ပေးအပ်လှူဒါန်းကြရာ အထူးကုဆရာဝန်ကြီး ဆေးပညာ ဒေါက်တာ ယဉ်မိုးခိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဦးရွှေသိန်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့ စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ လှူဒါန်းသည့် ဆေးရုံသုံး Cardiac Mornitor တစ်လုံး ငွေကျပ် ၄၂၀၉၈၀၀ ဖြစ်ပြီး Air Con နှစ်လုံးမှာ ၁၂၆၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်အတွက် မီးအာမခံ လျော်ကြေးငွေကျပ် ၆၉၂ သန်း ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်ရိပ်သာလမ်းရှိ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်သည် ပြီးခဲ့သည့်လ အောက်တိုဘာ ၁၉ ရက် နံနက်အစောပိုင်းက မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ လောင်ကျွမ်းသွားသော အဓိက ဟိုတယ်အဆောက်အအုံနှင့် Club အဆောက်အအုံတို့အတွက် အာမခံလျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာ့အာမခံရုံးချုပ်၌ ကျင်းပသည်။

"မီးဘေး၊ ရေဘေး၊ လေဘေးဆိုတာတွေဟာ မမျှော်မှန်းနိုင်တဲ့ ဘေးအန္တရာယ်တွေပါ။ တကယ်ဖြစ်လာပြီဆိုရင် ပြန်လည်ကုစားပေးနိုင်တာက အာမခံပါ။ အာမခံထားပေးခြင်းဖြင့် ဆုံးရှုံးမှုတွေကို ထူထောင်နိုင်မှာဖြစ်ပါတယ်၊ ကျွန်မတို့ အာမခံလုပ်ငန်းကို ၁၉၅၂ ခုနှစ်ကတည်းက ထူထောင်ထားခဲ့တဲ့ တစ်ခုတည်းသော နိုင်ငံပိုင်အာမခံလုပ်ငန်းဖြစ်ပါတယ်၊ အခုဆိုရင် အာမခံအမျိုးအစားပေါင်း ၂၉ မျိုးနဲ့ ပြည်သူလူထုကို အာမခံဝန်ဆောင်မှုပေးလျက်ရှိပါတယ်"ဟု မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်စန္ဒာဦးက ပြောသည်။

**မီးအာမခံထားရှိ**

မီးအာမခံထားရှိမှုမှာ မြန်မာ့အာမခံလုပ်ငန်းတွင် ပေါ်လစီအမှတ် ဗဟန်း /FM 337 (7.12)ဖြင့် အဆောက်အအုံလေးလုံးအား အာမခံထား ငွေကျပ် ၈၅၅ သန်းဖြင့် လည်းကောင်း၊ ပေါ်လစီ အမှတ်/ FM 338(7.12)ဖြင့် အဆောက်အအုံခြောက်လုံးအား အာမခံထားငွေကျပ် ၇၂ သန်းဖြင့် လည်းကောင်း ထားရှိခဲ့ရာတွင် ပေါ်လစီအမှတ် /FM 337 (7.12)ဖြင့်ထားရှိသော အဆောက်အအုံလေးလုံးအနက်



ဟိုတယ်အဆောက်အအုံနှင့် Club အဆောက်အအုံတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

**လျော်ကြေးငွေပေးအပ်**

အဆိုပါလျော်ကြေးငွေပေးအပ်ပွဲတွင် Constructive Loss မီးလောင်ဆုံးရှုံးခဲ့သည့် ဟိုတယ်အဆောက်အအုံနှင့် Partial Loss မီးလောင်ဆုံးရှုံးသော Club အဆောက်အအုံတို့အတွက် လျော်ကြေးငွေကျပ် ၆၉၂ သန်းကို ဦးဆောင်ညွှန်ကြားရေးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပရိသတ်ကို စိတ်ညစ်အောင် မလုပ်တော့ဘူးဆိုသည့် ရဲတိုက်

**ရန်ကုန် နိုဝင်ဘာ ၁၇**

သရုပ်ဆောင်ရဲတိုက်အနေဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လက မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှု၊ သာသနာ့ညှိုးနွမ်းစေမှုတို့ဖြင့် တောင်ငူအကျဉ်းထောင်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဆေးခြောက် တစ်ကျပ်သားခန့် လက်ဝယ်တွေ့ရှိမှုနှင့်အတူ သာသနာ့ညှိုးနွမ်းစေမှုနှင့် တောင်ငူအကျဉ်းထောင်တွင် ထောင်ဒဏ်ခြောက်နှစ် ကျခံခဲ့ရပြီး ယနေ့ နံနက်ပိုင်းတွင် လွတ်မြောက်ခဲ့ကာ ညနေ ၅ နာရီတွင် အမှတ်(၂၀) မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ တောင်လုံးပြန်ကျောင်းလမ်း၌ မီဒီယာများနှင့် တွေ့ဆုံ ခဲ့ကြောင်း သိရသည်။

"ကျွန်တော် ပရိသတ်ကို အရင်ကထက် ပိုယုံသွားပြီ၊ ပထမတော့ ထောင်က ထွက်လာရင် အနုပညာ မလုပ်တော့ဘူးလို့ ကျွန်တော် စဉ်းစားထားတာပါ၊ အခုတော့ ကျွန်တော် ဝါသနာပါတဲ့ ဒီအလုပ်ကိုပဲ လုပ်မှာပါ၊ ကျွန်တော် ထောင်ထဲမှာ ရေးခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ် ရှိပါတယ်၊ ဒါကလည်း တစ်ဝက်ပဲ ပြီးပါသေးတယ်၊ သိပ်ပြီး ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး၊ ထောင်ထဲက ဖြစ်ရပ်တွေကလည်း ဒါတွေကြီးပဲဖြစ်နေတော့ ကျွန်တော့်ဘဝ အကြောင်းဆိုလည်း မမှားပါဘူး၊ ဒါပေမယ့် ကျွန်တော့် ရုပ်ပိုင်းဆိုင်ရာကိုလည်း သိပ်အားမရတော့ပါဘူး၊ အသက်ကလည်း ကြီးလာပြီမို့ပါ၊ အနုပညာ အလုပ်တွေကိုတော့ သေချာ အနားယူပြီးမှပဲ လုပ်မှာပါ၊ ထောင်ထဲမှာ ကျွန်တော်ဇာတ်ကားတွေ ကြည့်ခွင့်ရပါတယ်၊ ဒါ့ကြောင့် ကျွန်တော့်ကို ချစ်တဲ့သူတွေအတွက် စိတ်သောက မရောက်စေချင်တော့ဘူးဆိုတဲ့ အသိလေးရခဲ့ပါတယ်၊ ကျွန်တော် အခု အချိန်ယူနေတာပါ၊ အနားယူချင်ပါသေးတယ်၊ ကျွန်တော် ဘယ်တော့မှ ပရိသတ်ကို စိတ်ညစ်အောင်မလုပ်တော့ပါဘူး" ဟု ပြောသည်။

သရုပ်ဆောင်ရဲတိုက် လွတ်မြောက်လာပြီ ဖြစ်သောကြောင့် ဆာတိုရီ ရုပ်ရှင်ထုတ်လုပ်ရေးအနေနှင့် အနုပညာအလုပ်များကို ပြန်လည်ဆောင်ရွက်နိုင်ရန်၊ ပရိသတ် များလည်း စောင့်မျှော်ရကျိုးနပ်အောင် ဇာတ်ကားကောင်းများထုတ်ရန် ကြိုးစား နေကြောင်း ဆာတိုရီ ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုရီဇော်က ပြောသည်။

**ကိုလင်း**



# ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ လိုပြသက်သေ၏ ကြိုတင်ဖြောင့်ချက်ပေး ထွက်ဆိုချက်နှင့် တရားရုံးရှေ့နေ ထွက်ဆိုချက် ကွဲလွဲနေကြောင်း သိရ

**ရန်ကုန် နိုဝင်ဘာ ၁၇**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံမှုတွင် သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်း တို့အား ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ပြီး တရားလိုပြ သက်သေသုံးဦး စစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်သေသုံးဦး စစ်ဆေး**

ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဦးရဲလွင်က " ဒီကနေ့ အထူးခုံရုံးကနေ လိုပြသက်သေ သုံးဦး စစ်ဆေးပါတယ်၊ မင်္ဂလာဒုံမြို့နယ် မြို့မ ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး မြထွန်းကျော်နဲ့ နေပြည်တော် မှုခင်းဌာန ရဲအုပ် ဌေးအောင်တို့ကို စစ်ဆေးပါတယ်၊ တစ်ဦးက ဦးရဲထွဋ်လှိုင်ပါ၊ သူက အောင်ဝင်းခိုင်နဲ့အတူ သွားတဲ့ အချက်ကို ထွက်ဆိုသွားတာပါ၊ ဒီမှာ ရဲတပ်ဖွဲ့ဝင်တွေကနေ တရားစွဲဆို မတင်ပို့မီ ကြိုတင်ထွက်ဆိုချက်ပေးတဲ့အခါနဲ့ အခု ရုံးရှေ့ ထွက်ဆိုချက်က ကွဲလွဲနေလို့ အမှုလိုက်ဥပဒေအရာရှိကနေ မမှန်သက်သေခံမှုနဲ့ ရာဇသတ်ကြီး ပုဒ်မ-၁၉၃ နဲ့အရေးယူပေးနိုင်ရေး ဆောင်ရွက်ပေးဖို့ အထူးခုံရုံးကို တင်ပြလျှောက်ထားပါတယ်၊ အရေးယူသင့်၊ မသင့်အတွက် အထူးတရားခုံရုံးက နောက်အပတ် ရုံးချိန်းမှာ အမိန့် ချမှတ်မယ်လို့ ပြောကြားပါတယ်၊ နောက်အပတ် ရုံးချိန်းကို နိုဝင်ဘာ ၂၄ ရက်ကို ချိန်းဆိုလိုက်ပါတယ်" ဟု ပြောကြားသည်။

**ကွဲလွဲနေ**

ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ထပ်မံသေဆုံးသူ Taxi ယာဉ်မောင်း ဦးနေဝင်း မိသားစု၏ နစ်နာသူဘက်လိုက်ပါ ဆောင်ရွက်သော တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က "ဦးရဲထွဋ်လှိုင်က အင်းစိန်မြို့နယ် တရားရုံးတရားသူကြီး ဒေါ်မြငြိမ်းအေးရှေ့ ကြိုတင် ဖြောင့်ချက်ပေးထွက်ဆိုချက်နဲ့ တရားရုံးရှေ့ ဒီကနေ့ ထွက်ဆိုချက်က ကွဲလွဲနေတယ်၊ ကိုက်ညီမှုမရှိဘူး၊ တရားခံပြေး အောင်ဝင်းခိုင်ကိုလည်း ထွက်ပြေး လွတ်မြောက်အောင် အကာအကွယ်ပေး၊ အားပေးကူညီမှု မြောက်ခဲ့လို့ ကျွန်တော်တို့က ဦးရဲထွဋ်လှိုင်ကို နောက်တိုး တရားခံအဖြစ် ထည့်ဖို့ရှိပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ဖုန်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၉ စီး၊ သွင်းကုန် ၉၈၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၀၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၈၃၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၈၆၇ သန်းခန့် စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၆၉၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၆ ရက်က မန္တလေးမြို့များသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရုပ်အင်္ကျီအထည် ၁၅၀၊ တရုတ်နိုင်ငံထုတ် Samsung Galaxy J7 Prime Phone (1 × 59U) (1) Pkgs၊ Serho XP-200 Phone (1 × 60U) (1)Pkgs နှင့် Smart Phone V5 (1 × 50U) (8)Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၃၅၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





**ဖခင်အမည်မှန်**

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမက(မူလွန်) ဘုရားလမ်း စတုတ္ထတန်းမှ မောင်ထက်ဘုန်းလျှံ၏ ဖခင် အမည်မှန်မှာ ဦးအောင်ထွေး ၁၀/မလမ(နိုင်)၂၂၄၀၃၆ ဖြစ်ပါကြောင်း။ **ဦးအောင်ထွေး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးလှသိန်း၏သား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နေ ၁၉၇၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော ဦးဟံဆင့်နှင့် ဦးဟန်ဆင့် ၉/မရမ(နိုင်)၀၁၃၅၃၃မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**သားအဖြစ်မှ စွန့်လွှတ်ခြင်း**

ကျွန်မ၏သားဖြစ်သူ မောင်ညီရဲဆွေ ၁၂/မရက(နိုင်)၁၆၃၄၅၉သည် မိဘ၏ ဆို ဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
**မိခင် ဒေါ်ကြည်ကြည်ခင်**
**၁၂/ဗတထ(နိုင်)၀၁၂၈၈၆**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊ မြေကွက်အမှတ်(၁၈၀/ခ)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ မြေကွက်တည်နေရာ အမှတ်-၁၈၀/ခ၊ ပိတောက်လမ်း၊ မြို့သစ်(ဂ) ရပ်ကွက်၊အင်းစိန်မြို့နယ်(ဦးကျော်ရင်)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက် ဦးကျော်ရင်(၁၂/အစန(နိုင်)၁၇၆၃၅၃) (ဖခင်)(၁၇-၉-၂၀၀၁)တွင်(ကွယ်လွန်)၊ ဒေါ်ရီ (မိခင်)(၆-၅-၁၉၈၀)တွင်ကွယ်လွန်သဖြင့်ဒေါ်ခင်ခင်မြင့်(၁၂/အစန(နိုင်)၀၃၃၄၂၇)မှတစ်ဦးတည်းသော သမီးတော်စပ်ကြောင်းတရား ရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(မိခင်) (ဖခင်)သေဆုံးမှုလက်မှတ်၊မြေငှားဂရန်တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်၍ ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး (ကိုယ်စား)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပျောက်ဆုံးကြောင်း**

ဦးသိုက်စိုးလွင် (၁၂/မရက(နိုင်)၀၄၄၈၆၀) ၏ သင်္ဘောသား CDC-87881 စာအုပ်မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၄၂၇၄၈၂၀၆၇

**အမည်မှန်**

ရမည်းသင်းမြို့နယ်၊ အင်းပေါင်ကျေးရွာနေ ဦးတင်မောင်၏သား ဦးမြင့်ဆွေ ၉/ရမသ(နိုင်)၀၅၀၁၂၉ ၏ အမည်မှန်မှာ ဦးမြင့်ငွေ ဖြစ်ပါကြောင်း။ **ဦးမြင့်ငွေ**

**မွေးသက္ကရာဇ်အမှန်**

ညောင်ရွှေမြို့နယ်၊ အင်းလေးတောင် တိုကျေးရွာအုပ်စု၊ ပိုင်းပျိုးရေတန်းကျေးရွာနေ ဦးထွန်းဝင်း၏သား ရမည်းသင်းမြို့ အလက (ခွဲ) ကတင် သတ္တမတန်းမှ မောင်မင်းဆက်ပိုင်၏မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၂၀၀၅ဖြစ်ပြီးစတုတ္ထတန်းမှ မောင်ကောင်းထက်သာ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၂၀၀၈ ဖြစ်ပါကြောင်း။

THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES

1. Assistant Director ASEAN Connectivity Division
2. Assistant Director Trade Facilitation Division
3. Assistant Director Disaster Management & Humanitarian Assistance

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

မြန်မာနိုင်ငံဆီကုန်သည် နှင့် ဆီလုပ်ငန်းရှင်များအသင်း

meoda 25th ANNIVERSARY

## လှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့ တွင် ကျင်းပသော (၂၅)နှစ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် ငွေရတုအထိမ်းအမှတ် ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း နှင့် တိုင်းဒေသကြီး လွှတ်တော်ရေးရာ ကော်မတီများ၊ ၂၀၁၀- ၂၀၁၅ ခုနှစ် အစိုးရသက်တမ်းတွင် တာဝန်ယူခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး နှင့် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ သက်ဆိုင်ရာဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနှင့် UMFCCI ဥက္ကဋ္ဌ နှင့် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ဧည့်သည်တော်များ၊ ရွေးချယ်တင်မြှောက်ပွဲကော်မတီဝင်များ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကောင်းထက်ဇော်၊ ဓါတ်ပုံနှင့် ဗွီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုအောင်ကျော်မိုး New Image ၊ ကိုမင်းချမ်းမွန် - အောင်ကောင်း ဗီဒီယို(သန်လျင်) နှင့် အဖွဲ့သားများ၊ ဖိတ်စာနှင့်ဗီနိုင်းများ ရိုက်နှိပ်ပေးပါသော Idea Digital Printing မှ ဦးအောင်ကျော်ဦး + မသီရိစံ၊ ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ပေးပါသော Star Model Agency မှ ကိုဂျွန်လွင် နှင့် အဖွဲ့ဝင်များ၊ Novotal Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊

ငွေရတုအထိမ်းအမှတ်ညစာစားပွဲအား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်၊ ညနေ(၆း၀၀)နာရီတွင် Novotel Hotel ၌ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ထောက်ပံ့ပေးကြပါသော Sponsor ကုမ္ပဏီများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံး ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆီကုန်သည် နှင့် ဆီလုပ်ငန်းရှင်များအသင်း

MAIN SPONSOR — AGDBANK

PLATINUM SPONSOR — wilmar

GOLD SPONSOR — CJ FOODS MYANMAR

SILVER SPONSOR — Diamond Dragon Co.,Ltd.

BRONZE SPONSORS

am group, COG, COOK, EKDC, Frop Edible Oil, Good Choice, Goody, mitra, SWB, Tradekey, Hi WI-FI

# တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးမှုကိစ္စရပ်များ ရှင်းလင်း



**နေပြည်တော် နိုဝင်ဘာ ၁၇**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် အမေရိကန်နိုင်ငံ U.S Commission on International Religious Freedom မှ ဒုတိယဥက္ကဋ္ဌ Ms. Kristina Ana Arriaga နှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက U.S Commission on International Religious Freedom မှ ဒုတိယဥက္ကဋ္ဌ Ms. Kristina Ana Arriaga နှင့်အဖွဲ့အား တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများအား ထိန်းသိမ်းစောင့်ရှောက်မှု၊ တိုင်းရင်းသားဘာသာသင် အကူဆရာမ (Teaching Assistant) များ ခန့်ထားနိုင်ရေး ပညာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးမှု၊ တိုင်းရင်းသားအရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုစသည့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ကိစ္စရပ်များ စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာဆပ်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း စည်းဝေး



**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာဆပ်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ **(အပေါ်ပုံ)** မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာဆပ်ကော်မတီဥက္ကဋ္ဌ အာကာသနှင့် လေကြောင်းပညာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ကြည်သွင်က အဖွင့် အမှာစကားပြောကြားသည်။

ဥက္ကဋ္ဌက ပြောကြားရာတွင် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီအစည်းအဝေးတွင် ဒုတိယသမ္မတ၏ လမ်းညွှန်သည့်အတိုင်း ဝန်ကြီးဌာနများမှ ဆက်သွယ်ရေးနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတို့အတွက် ဂြိုဟ်တုချန်နယ်များကို အသုံးပြုကြသော ဝန်ကြီးဌာနများအနေဖြင့် ၂၀၁၉ ခုနှစ် ဇွန်လတွင် အသုံးပြုနိုင်မည့် Myanmar Sat-2 ဆက်သွယ်ရေး ဂြိုဟ်တုသို့ ပြောင်းရွှေ့အသုံးပြုနိုင်ရေး Migration အတွက် နည်းပညာဆိုင်ရာ ကိစ္စများ ဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာ ဆပ်ကော်မတီအတွင်းရေးမှူး၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဝင်းအောင်က ရှင်းလင်းဆွေးနွေးရာတွင် လက်ရှိတွင် Myanmar Sat-1 ကို အသုံးပြုနေကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လတွင် အသုံးပြုမည့် Myanmar Sat-2 သည် ပိုမိုကောင်းမွန်သော နည်းပညာ (Spot Beam)ကို အသုံးပြုထား၍ ဂြိုဟ်တုမှလွှင့်အား ပိုမိုရရှိခြင်းဖြင့် အရည်အသွေး ပိုမိုကောင်းမွန်ကြောင်း ရုပ်မြင်သံကြား ထုတ်လွှင့်မှု ဆောင်ရွက်သော ကာကွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနများ၏ လက်ရှိအသုံးပြုနေသော ဂြိုဟ်တုများမှ မြန်မာဂြိုဟ်တုသို့ ပြောင်းရွှေ့ ချိန်ညှိနိုင်ရေး နည်းပညာနှင့် စက်ပစ္စည်းများ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ငင်းနောက် တက်ရောက်လာသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေက EOS ဂြိုဟ်တုလွှင့်တင်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ရန် ပြောကြားပြီး သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက ဖြည့်စွက်ဆွေးနွေးအကြံပြုသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကလည်း မိမိတို့ကဏ္ဍအလိုက် နည်းပညာဆိုင်ရာများ ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြသည်။ အာကာသနှင့် လေကြောင်းပညာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသဲမောင်က မိမိတို့ကျောင်းမှ တီထွင်ထုတ်လုပ်သော မောင်းသူမဲ့ယာဉ် UAV များ၏ သရုပ်ပြပုံများနှင့် ဝန်ကြီးဌာနများအတွက် အကျိုးရှိစွာ အသုံးပြုခဲ့ပုံများကို နည်းပညာဆိုင်ရာ ရုပ်ပုံကားချပ်များဖြင့် တင်ပြဆွေးနွေးသွားပြီး EOS (Earth Observation Satellite) ကို ကိုယ်ပိုင်လွှင့်တင်နိုင်ရေး ကိစ္စများကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်းများ

# အကြမ်းဖက်မှုများ မြင့်တက်နေ၍ လုံခြုံရေးသတိရှိရန် အမေရိကန်တိုက်တွန်း

**ဝါရှင်တန် နိုဝင်ဘာ ၁၇**

လတ်တလောတွင် ဥရောပ၌ အကြမ်းဖက်မှုများ မြင့်တက်နေခြင်းကြောင့် ဥရောပသို့ ခရီးသွားမည့် အမေရိကန်နိုင်ငံသားများကို လုံခြုံရေးသတိရှိရန် နှိုးဆော်တိုက်တွန်းထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းအရ သိရသည်။

ပြင်သစ်၊ ဗြိတိန်နှင့် ဆွီဒင်နိုင်ငံ အပါအဝင် ဥရောပနိုင်ငံ အများအပြားတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များကိုကြည့်ကာ မကြာမီ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်နေရကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်ဖြစ်စဉ်များကို သုံးသပ်ကြည့်လျှင် အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွများ၊ အယ်လ်ခိုင်ဒါ စစ်သွေးကြွများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများသည် ဥရောပတိုက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်သေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ မကြာသေးမီက သတိပေးချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

တစ်ကိုယ်တော် အစွန်းရောက်သမားများ၏ တိုက်ခိုက်မှုကိုလည်း သတိထားကြရန်လိုကြောင်း အမေရိကန်နိုင်ငံသည် အကြမ်းဖက်မှုကို တိုက်ဖျက်ရန် ၎င်း၏ မဟာမိတ် ဥရောပနိုင်ငံများနှင့် နီးကပ်စွာပူးပေါင်းလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာ့အသက်အကြီးဆုံး သစ်ကုလားအုတ်ကြီး သေဆုံး

**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၁၇**

ကမ္ဘာ့အသက်အကြီးဆုံး သစ်ကုလားအုတ်များထဲတွင် ပါဝင်သော အမေရိကန်နိုင်ငံအနောက်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ် အုတ်ကလန် တိရစ္ဆာန်ရုံအတွင်းရှိ သစ်ကုလားအုတ်ကြီးတစ်ကောင်မှာ သေဆုံးသွားပြီဖြစ်ကြောင်း ၎င်းတိရစ္ဆာန်ရုံ၏ လူမှုကွန်ရက် စာမျက်နှာဖြစ်သော တွစ်တာတွင် မကြာသေးမီက ရေးသားဖော်ပြခဲ့သည်။

တီကီဟုအမည်ပေးထားသော သစ်ကုလားအုတ်ကြီးကို လွန်ခဲ့သော ကိုးနှစ်ကျော်ကတည်းက ဆောင်းရာသီ အအေးဒဏ်ကိုခံနိုင်ရန် အနွေးဓာတ်ပေးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အသက်အကြီးဆုံး သစ်ကုလားအုတ်ကြီးမှာ ၎င်းသေဆုံးသွားချိန်တွင် အသက် ၂၈ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ သစ်ကုလားအုတ်ကြီးသည် တိရစ္ဆာန်ရုံအတွင်းနေထိုင်စဉ် လည်ပင်း၊ နောက်ကျောနှင့် ခြေထောက်တို့တွင် အဆစ်ရောင်ရောဂါအပါအဝင် ရောဂါပေါင်းစုံ ခံစားခဲ့ရသည်။

တီကီ သေဆုံးသွားခြင်းကြောင့် ဝမ်းနည်းရကြောင်း တိရစ္ဆာန်ရုံ၏ တွစ်တာတွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သော နှစ်များအတွင်းက တီကီသည် သစ်ကုလားအုတ် လေးငါးကောင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ကြောင်းလည်း သိရသည်။ ထို့အပြင် တီကီသည် တိရစ္ဆာန်ရုံသို့ လာရောက်လည်ပတ်သူများ၏ အချစ်တော်ဖြစ်ကြောင်းလည်း သိရသည်။

**ဆင်ဟွာ**



# ရုရှား အဝေးပြေးလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားရာ ၁၅ ဦးသေဆုံး

**မော်စကို နိုဝင်ဘာ ၁၇**

ရုရှားနိုင်ငံအလယ်ပိုင်းတွင် ယမန်နေ့က ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ တိုက်မိရာ စုစုပေါင်း ၁၅ ဦးသေဆုံးခဲ့ကြောင်း ဒေသခံအာဏာပိုင်များက မကြာသေးမီက ပြောခဲ့သည်။

ရုရှားနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မာရီအယ်လ်ရှိ ရော့ကာအိုလာမြို့နှင့် ကို့ဇ်မိုဒီမြန့်မြို့တို့ကို ဆက်သွယ်ပေးထားသော အဝေးပြေးလမ်းမတစ်နေရာတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုသည် ရုရှားစံတော်ချိန် ညနေ ၆ နာရီဝန်းကျင်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရုရှားအရေးပေါ် အခြေအနေဆိုင်ရာ ဝန်ကြီးဌာနက မကြာသေးမီတွင် ထုတ်ပြန်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် အခင်းဖြစ်ပွားရာတွင် လူ ၁၄ ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားကာ အင်တာဖက်စ်သတင်းအေဂျင်စီက ပြောခဲ့သည်။

ယာဉ်တိုက်မှုကို ကူညီရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များလည်း အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

**ဆင်ဟွာ**

❊ *ကျောဖုံးမှ*

မြန်မာအသင်းအနေဖြင့် နှစ်လကျော် ပြင်ဆင်ခွင့်ရမည်ဖြစ်သည်။

ယင်းအသင်းကို ပြည်တွင်းနည်းပြ ဦးဒွေးမြင့်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ၎င်းသည် မြန်မာအမျိုးသားဖူဆယ်အသင်းကို နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြတစ်ဦး ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို ယာယီသာ ကိုင်တွယ်ခွင့်ရသော်လည်း ၂၀၁၆ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် တတိယရအောင် စွမ်းဆောင်ပေးခဲ့ပြီး မြန်မာ့ဖူဆယ်သမိုင်းတွင် အမြင့်ဆုံး စွမ်းဆောင်ပေးထားသည့် နည်းပြတစ်ဦးလည်း ဖြစ်သည်။ ၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် ရောက်ခဲ့သောကြောင့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် အာရှပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံများသို့ သွားရောက် လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၁၈ အာရှ ဖူဆယ်ပြိုင်ပွဲတွင် အိမ်ရှင်တရုတ်(တိုင်ပေ) အပါအဝင် ၁၆ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ ထိုင်း၊ ဗီယက်နမ်၊ ကာဂျစ္စတန်၊ ဂျပန်၊ အီရတ်၊ တရုတ်၊လက်ဘနွန်၊ တာဂျစ်ကစ္စတန်၊ ဂျော်ဒန်၊ မလေးရှား၊ ဘာရိန်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

❍ *ကျောဖုံးမှ*

၂၇ ဦး ရွေးချယ်ထားသည်။ ယင်းအသင်းတွင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ယူ-၂၂ အသင်းမှ ကစားသမားအများစု ပါဝင်လာပြီး နိုဝင်ဘာ ၂၀ ရက်မှသာ ကစားသမား အစုံအလင် လေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်း ယှဉ်ပြိုင်မည့် M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲတွင် အာရှနှင့် အာဆီယံထိပ်သီးအသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် ထိုင်း၊ ဂျပန်၊ မြောက်ကိုရီးယား၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ မြန်မာနှင့် ဥဇဘက်ကစ္စတန် အသင်းတို့ ပါဝင်နေသည်။ မြန်မာ ယူ-၂၁ အသင်းကိုမူ ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်ပြီး ပဏာမကစားသမား ၃၇ ဦးဖြင့် ဖွဲ့စည်းထားသည်။

မြန်မာ ယူ-၂၁ အသင်းသည် ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အသင်းမှ ကစားသမားများ၊ လူငယ်လိဂ်ပြိုင်ပွဲမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

မွန်ဂိုလီးယားလက်ရွေးစင်အသင်းသည် ၂၀၁၉ အာရှဖလားခြေစစ်ပွဲတွင် ပထမအဆင့်မှ ထွက်ခဲ့ရပြီး အောက်တိုဘာက နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲတွင် တရုတ်(တိုင်ပေ) အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား မိုက်ကယ်ဝီးလ်က ကိုင်တွယ်လျက်ရှိသည်။

**သတင်း-ညီမြတ်သော်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံက ဖိလစ်ပိုင်ကို စီးပွားရေး အကူအညီပေးအပ်မည်

**ပေကျင်း နိုဝင်ဘာ ၁၇**
တောင်တရုတ်ပင်လယ်အတွင်း၌ နယ်မြေဆိုင်ရာ အငြင်းပွားမှုများဖြစ်ပွားနေသော်လည်း ဖိလစ်ပိုင်ကိုစီးပွားရေးဆိုင်ရာအကူအညီပေးအပ်ရန် တရုတ်နိုင်ငံက ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

တရုတ်ဝန်ကြီးချုပ် လီခချန်သည် ဖိလစ်ပိုင်နိုင်ငံသို့ တရားဝင်အလည်အပတ်ခရီးစဉ်သွားရောက်လျက်ရှိသည်။ ၎င်းသည် ဆယ်စုနှစ်တစ်ခုအတွင်း ဖိလစ်ပိုင်သို့ ပထမဆုံးသွားရောက်သည့် တရုတ်ခေါင်း ဆောင်တစ်ဦးဖြစ်သည်။ ၎င်းသည် မြို့တော်မနီလာတွင် ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများအသင်းထိပ်သီးစည်းဝေးပွဲနှင့် အရှေ့အာရှထိပ်သီးစည်းဝေးပွဲသို့ တက်ရောက်ခဲ့သည်။

လီသည် ဗုဒ္ဓဟူးနေ့က ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာတေးနှင့် တွေ့ဆုံခဲ့သည်။ ထိပ်သီးအစည်းအဝေးအပြီးတွင် ကျင်းပသည့် ပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်လီက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် ယခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သိသိသာသာတိုးတက်စေလိမ့်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သို့စီးပွားရေးဆိုင်ရာ အကူအညီပေးအပ်မည့် ပေကျင်း၏မူဝါဒသည် အခြေခံအဆောက်အအုံလုပ်ငန်းများအတွက် ဒေါ်လာ ၈ ဘီလီယံခန့်ဖြစ်ကြောင်းလီက အတည်ပြုခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

### မီးတောင်ထိပ်ဝတွင် လေယာဉ်တစ်စင်းပျက်ကျရာ လူ ၁၁ ဦးသေဆုံး

**အရူရှာ၊ တန်ဇန်းနီးယား နိုဝင်ဘာ ၁၇**
တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်း နာဂိုရွန်ဂိုရိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဧရိယာအတွင်းရှိ အမ်ပါက်ကိုင်မီးတောင်ထိပ်ဝအတွင်းသို့ ယမန်နေ့က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာလူ ၁၁ ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လေယာဉ်သည် အရူရှာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆရင်ဂက်တီအမျိုးသားသဘာဝဥယျာဉ်သို့ ယမန်နေ့က ထွက်ခွာလာစဉ် ထိုသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အရူရှာဒေသရဲမှူး ချားစ်အမ်ကွန်ဘိုက ပြောခဲ့သည်။

ပျက်ကျသွားသောလေယာဉ်သည် ကိုစတယ်အေဗီရေးရှင်းမှပိုင်ဆိုင်သည့် ဆက်စ်နာကာရဗန် အမျိုးအစားလေယာဉ်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် လေယာဉ်မှူးတစ်ဦးနှင့် ခရီးသည် ၁၀ ဦး လိုက်ပါလာကြောင်း သိရသည်။

ကိုစတယ်အေဗီရေးရှင်း လေကြောင်းလိုင်းအနေဖြင့် ယခုကဲ့သို့ လေယာဉ်ပျက်ကျမှုသည် တစ်လအတွင်း နှစ်ကြိမ်မြောက် လေယာဉ်ပျက်ကျမှုဖြစ်သည်။ လွန်ခဲ့သော အောက်တိုဘာ ၂၆ ရက်ကလည်း အရူရှာလေဆိပ်မှ ဆရင်ဂက်တီအမျိုးသားသဘာဝ ဥယျာဉ်သို့ ပျံသန်းလာသည့် ကိုစတယ်အေဗီရေးရှင်းလေကြောင်းလိုင်းပိုင် လေယာဉ်ငယ်တစ်စင်းသည် ဘိုဘိုလေဆိပ်အနီးတွင် ပျက်ကျခဲ့သေးကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဏာလွှန်ဆွဲပွဲတွေကြားထဲက ဇင်ဘာဘွေနိုင်ငံရေး အကျပ်အတည်း

**မြူးစန္ဒီနွေး**



ဇင်ဘာဘွေနိုင်ငံကို ဆယ်စုနှစ်လေးစုကြာအောင် အုပ်ချုပ်ခဲ့တဲ့ သမ္မတရောဘတ်မူဂါဘီဟာ အခုချိန်မှာတော့ နေအိမ်အကျယ်ချုပ်နဲ့နေနေရပါပြီ။ သမ္မတမူဂါဘီဟာ အသက် ၉၃ နှစ်ရှိပြီ ဖြစ်ပါတယ်။ သူဟာနိုင်ငံကို အနောက်အုပ်စုကနေဝေးအောင် တင်းတင်းကျပ်ကျပ် အုပ်ချုပ်ခဲ့သူလည်း ဖြစ်တယ်။

> “လက်ရှိ ဖြစ်ပွားနေတဲ့ အရာတွေဟာ အာဏာသိမ်းတာ မဟုတ်ဘူးလို့ ကြေညာခဲ့ပါတယ်၊ မစ္စတာမူဂါဘီကို ထိန်းသိမ်းထားတာကလည်း သူ့ကို အန္တရာယ်ကနေ အကာအကွယ်ပေးဖို့ဖြစ်ပြီး သူ့ဘေးနားက ရာဇဝတ်မှုကျူးလွန်သူတွေကို ဖမ်းဆီးဖို့ ဆောင်ရွက်ခဲ့တာဖြစ်”

လက်ရှိ အခြေအနေတွေအရ မြို့တော်ဟာရာရီမှာ တင့်ကားဒါဇင်ဝက်နီးပါးဟာ အစိုးရရုံးတွေရှေ့မှာ နေရာယူထားပါတယ်။ ဇင်ဘာဘွေနိုင်ငံအစိုးရပိုင်းမှာ ဒီလိုမျိုးလှုပ်လှုပ်ခတ်ခတ်တွေ ရှိနေပေမယ့် ပြည်သူတွေကတော့ အေးအေးဆေးဆေးပါပဲ။ သူတို့ရဲ့ လုပ်ငန်းဆောင်တာတွေကို ဟန်မပျက်ဆက်လုပ်နေကြပါတယ်။ ဘဏ်တွေ၊ ဈေးဆိုင်တွေဟာလည်း ဆက်လက်ဖွင့်ထားဆဲပါ။ ဒီတော့ ဇင်ဘာဘွေနိုင်ငံမှာ အာဏာသိမ်းတယ်လို့ယူဆရပေမယ့် အကြမ်းဖက်မှုတွေ၊ ခုခံတွန်းလှန်မှုတွေမရှိဘူး၊ သွေးထွက်သံယိုကိစ္စတွေ မရှိဘူးလို့ ယူဆရပါတယ်။ ဇင်ဘာဘွေတပ်ဖွဲ့ဝင်တွေဟာ လေဆိပ်ကိုသွားတဲ့လမ်းတွေကိုပိတ်ဆို့ထားကြပါတယ်။ သက်တမ်းရှည်ကြာလှပြီဖြစ်တဲ့ သမ္မတမူဂါဘီကိုရာထူးကနေ ဖယ်ရှားလိုက်ပြီလား၊ မဖယ်ရှားရသေးဘူးလား ဆိုတာကိုတော့ ဘယ်သူမှမသိရသေးပါဘူး။ ဖြစ်နိုင်တာကတော့ ဒီအကူးအပြောင်းကာလမှာ သူ့ကိုထိန်းသိမ်းထားတာပါပဲ။

သမ္မတမူဂါဘီရဲ့ နိုင်ငံရေးလမ်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် သူဟာ ဆယ်စုနှစ်လေးစုကြာအောင် နိုင်ငံကို ပြိုင်ဘက်မရှိတစ်ဦးတည်း အုပ်ချုပ်ခဲ့ပါတယ်။ သူ့ရဲ့နိုင်ငံရေးပြိုင်ဘက်တွေကိုလည်း ချေမှုန်းအနိုင်ယူခဲ့ပါတယ်။ သူဟာ ပါတီအတွင်းက နိုင်ငံရေးပြိုင်ဘက်တွေကိုသာမက အတိုက်ခံအုပ်စုတွေကိုပါ ပရိယာယ်နဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။ သူ့ရဲ့လွှမ်းမိုးနိုင်မှုဟာကောင်းလွန်းလို့ သူ့အသက် ၉၀ကျော်ဝန်းကျင်ဖြစ်လာတာတောင် သူ့ကို မကျော်ရဲကြပါဘူး။ သူ့နေရာဆက်ခံမယ်လို့ ယူဆရတဲ့သူတွေတောင် သူ့ကိုလေးလေးစားစားဆက်ဆံကြပါတယ်။ သူသေဆုံးသွားတဲ့အထိဘာမှ ဆန့်ကျင်တာမျိုး မလုပ်ဘဲ ငြိမ်ငြိမ်ဆိတ်ဆိတ်နေသွားကြဖို့ ဆုံးဖြတ်ထားကြသလိုပါပဲ။ ဒါပေမယ့်လည်းသူဟာ သူ့ရဲ့ဇနီးဖြစ်သူ ဂရေ့စ်မူဂါဘီကို သူ့ရဲ့ဆက်ခံသူအဖြစ် ရွေးထားခဲ့ပါတယ်။ ဂရေ့စ်ဟာ နိုင်ငံရေးလောကထဲကိုရောက်လာတာ မကြာသေးပါဘူး။ နှစ်နှစ်လောက်သာ ရှိပါသေးတယ်။ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ရတဲ့ စစ်ပွဲမှာလည်း ပါဝင်ခဲ့ခြင်းမရှိပါဘူး။ ဒါ့အပြင် သူ့ရဲ့ခင်ပွန်းဖြစ်သူ မစ္စတာမူဂါဘီရဲ့ နေရာကိုဝင်ယူဖို့ ဆယ်စုနှစ်များစွာကြာအောင်စောင့်ဆိုင်းနေခဲ့တဲ့ နိုင်ငံရေးသမားတွေနဲ့လည်း ဆက်ဆံမှုတွေရှိပါတယ်။

တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက ဗုဒ္ဓဟူးနေ့မနက်မှာပဲ သူဟာ မစ္စတာမူဂါဘီနဲ့ ဖုန်းဆက်သွယ်ပြောဆိုခဲ့တယ်လို့ ဆိုပါတယ်။ မစ္စတာမူဂါဘီက သူကျန်းမာရေးကောင်းကြောင်းနဲ့ နေအိမ်မှာ အကျယ်ချုပ်ဖြစ်နေတယ်လို့ပြောခဲ့ကြောင်း တောင်အာဖရိကသမ္မတ ဇူးမားက ဆိုပါတယ်။ ဇင်ဘာဘွေသမ္မတမူဂါဘီ လွန်ခဲ့တဲ့သီတင်းပတ်ကမှရာထူးကနေထုတ်ပယ်ခဲ့တဲ့ ဒုတိယသမ္မတအီမာဆွန်ဟာလည်း အခုဇင်ဘာဘွေကို ပြန်လာနေပြီလို့သိရပါတယ်။ သူဟာ သမ္မတကတော် ဂရေ့စ်နဲ့အာဏာလုပွဲမှာ ဖယ်ရှားခံလိုက်ရတာဖြစ်ပြီး အခုအချိန်မှာတော့ သူ့ကိုတိုင်းပြည်ရဲ့ ခေါင်းဆောင်သစ် ဖြစ်လာလိမ့်မယ်လို့ ယူဆရပါတယ်။

မစ္စတာအီမာဆွန်ရဲ့ မဟာမိတ်တွေနဲ့ အတိုက်အခံပါတီတွေကြား စေ့စပ်ညှိနှိုင်းမှုတွေ ပြုလုပ်ပြီး ကြားဖြတ်အစိုးရ ဖွဲ့လိမ့်မယ်လို့ ယူဆရပါတယ်။ ဒီလိုပြုလုပ်လိုက်ခြင်းကြောင့် လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းပေါ် ပြည်ပကဝေဖန်နေမှုတွေ လျော့ကျသွားနိုင်ပါတယ်။ သမ္မတမူဂါဘီကို နှစ်ပေါင်းများစွာကြာအောင်သစ္စာစောင့်သိလာတဲ့ ဇင်ဘာဘွေတပ်ဖွဲ့ဝင်တွေ၊ သမ္မတ မူဂါဘီကိုနှစ်ပေါင်းများစွာကြာအောင် အာဏာဆုပ်ကိုင်ထားနိုင်ဖို့ အထောက်အပံ့တွေ ပေးခဲ့တဲ့ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့နဲ့ သမ္မတရဲ့သက်တော်စောင့်အဖွဲ့တွေအားလုံးဟာ ပဋိပက္ခတွေမဖြစ်ပွားခဲ့ဘူးလို့ ယူဆရပါတယ်။ ဘာလို့လဲဆိုရင် အခုဖြစ်စဉ်မှာ ဘာမှသွေးထွက်သံယိုမရှိဘဲ အားလုံးအေးအေးဆေးဆေးဖြစ်နေလို့ပါပဲ။

“ကျွန်တော့်နိုင်ငံဟာ မီးရထားကြီးတစ်စင်းဆိုရင် ရထားခေါင်းတွဲကို ပြောင်းလဲဖို့ ကျွန်တော်တို့ ကြိုးစားနေတာပါ” လို့ ဒုတိယသမ္မတအီမာဆွန်ရဲ့ မဟာမိတ်တစ်ဦးဖြစ်သူ ခရစ်မက်စ်ဘန်ဂ်ဝါက ပြောပါတယ်။ သူဟာဆိုရင်လည်း သမ္မတမူဂါဘီရဲ့လက်အောက်မှာ ဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦး ဖြစ်ပါတယ်။ သူကတော့ တကယ်လို့ကြားဖြတ် အစိုးရရွေးချယ်ခဲ့ရင် ယခင်ဒုတိယသမ္မတ မစ္စတာအီမာဆွန်ကသမ္မတအဖြစ် တာဝန်ထမ်းဆောင်လိမ့်မယ်လို့ ဆိုပါတယ်။ သူကတော့ လက်ရှိဖြစ်ရပ်ဟာ အာဏာသိမ်းတယ်ဆိုတာထက် ယာယီအစိုးရဖွဲ့ဖို့ လုပ်ဆောင်မှုတစ်ခုသာ ဖြစ်တယ်လို့ မစ္စတာမက်စ်ဘန်ဂ်ဝါက ပြောပါတယ်။ အခုအချိန်မှာ မစ္စတာမူဂါဘီဟာလည်း အိုမင်းမစွမ်းဖြစ်နေပါပြီ။ နိုင်ငံကိုလက်ရှိကိုင်လှုပ်နေတာကတော့ သူ့ဇနီးနဲ့ အပေါင်းအပါတွေပဲ ဖြစ်ပါတယ်လို့ ပြောပါတယ်။

အတိုက်အခံ အုပ်စုခေါင်းဆောင် မစ္စတာ Tsvangirai ဟာ အရင်တုန်းကလည်း ယာယီအစိုးရအဖွဲ့မှာ ပါဝင်ခဲ့ဖူးပါတယ်။ ၂၀၀၈ ခုနှစ်ရွေးကောက်ပွဲမှာ သမ္မတမူဂါဘီရဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ အတိုက်ခံအုပ်စုတွေကို သတ်ဖြတ်တာ၊ ခြိမ်းခြောက်တာတွေ ပြုလုပ်ခဲ့တဲ့အတွက် အပြည်ပြည်ဆိုင်ရာက ဝေဖန်မှုတွေ၊ ဖိအားတွေလည်း ကြီးမားလာပြီး နိုင်ငံရဲ့ စီးပွားရေးဟာလည်း အကျပ်အတည်းနဲ့ ရင်ဆိုင်လာရတဲ့အတွက် အာဏာခွဲဝေအုပ်ချုပ်ဖို့ သမ္မတအပေါ် ဖိအားတွေ ရှိလာပါတယ်။ ၂၀၀၉ ခုနှစ်မှာ မစ္စတာ Tsvangirai ဟာ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပါတယ်။ ဒီလိုအာဏာခွဲဝေမှုဟာလည်း ကြာရှည်မခံခဲ့ပါဘူး။ ၂၀၁၃ ခုနှစ်ရွေးကောက်ပွဲမှာ သမ္မတမူဂါဘီ အာဏာပြန်ရလာပြီးတဲ့နောက် ဒီအခြေအနေဟာလည်း ပျက်စီးသွားခဲ့ရပါတယ်။

အတိုက်အခံအုပ်စုကတော့ သူတို့ဟာ ယာယီအစိုးရဖွဲ့ဖို့ မစဉ်းစားရသေးဘူးလို့ ဆိုပါတယ်။ “ကျွန်တော်တို့ လုည့်စားမခံနိုင်ဘူး”လို့ Movement for Democratic Change မှ ဒုတိယဥက္ကဋ္ဌ Elias Mudzuri က ပြောပါတယ်။ “ဒီဖြစ်ရပ်ဟာ အာဏာသိမ်းတဲ့ဖြစ်ရပ်မဟုတ်ဘူးလို့ ပြောပေမယ့် ကျွန်တော်တို့အတွက်ကတော့ ဒါဟာ အာဏာသိမ်းတာလို့ပဲ ယူဆတယ်”လို့ ပြောပါတယ်။ စုစည်းညီညွတ်တဲ့အစိုးရဖွဲ့ဖို့ကြိုးပမ်းမှုဟာ ဇင်ဘာဘွေမှာအာဏာသိမ်းမှုဖြစ်ပွားတယ်ဆိုတဲ့ ဝေဖန်မှုတွေကို ချေဖျက်ဖို့ဖြစ်တယ်လို့လည်း ကျွမ်းကျင်သူတွေက ဝေဖန်ကြပါတယ်။

မစ္စတာမူဂါဘီကို အနောက်အုပ်စုက အဆိုးမြင်ကြပေမယ့် အာဖရိကန်အများစုကတော့ မစ္စတာမူဂါဘီကို လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်သူ၊ သက်ကြီးနိုင်ငံအကြီးအကဲ၊ လူဖြူတွေရဲ့အုပ်စိုးမှုနဲ့ ကိုလိုနီလက်အောက်မှ လွတ်မြောက်အောင် ကြိုးပမ်းပေးခဲ့သူလို့ မြင်ကြပါတယ်။ ဗုဒ္ဓဟူးနေ့အစောပိုင်းမှာတော့ ဇင်ဘာဘွေတပ်ဖွဲ့ဟာ အသံလွှင့်ရုံကို သိမ်းဆည်းခဲ့ပြီး လက်ရှိဖြစ်ပွားနေတဲ့ အရာတွေဟာ အာဏာသိမ်းတာမဟုတ်ဘူးလို့ ကြေညာခဲ့ပါတယ်။ မစ္စတာမူဂါဘီကို ထိန်းသိမ်းထားတာကလည်း သူ့ကို အန္တရာယ်ကနေ အကာအကွယ်ပေးဖို့ဖြစ်ပြီး သူ့ဘေးနားက ရာဇဝတ်မှုကျူးလွန်သူတွေကို ဖမ်းဆီးဖို့ ဆောင်ရွက်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ သမ္မတဘေးနားက ဒီလူတွေကြောင့် နိုင်ငံမှာ စီးပွားရေးဆိုင်ရာ အကျပ်အတည်းတွေ ဖြစ်ပေါ်နေရတာလို့ ပြောခဲ့ပါတယ်။ ဒီစကားကိုကြည့်ရင် အကူးအပြောင်းကာလမှာ မစ္စတာမူဂါဘီကို ထိန်းသိမ်းထားတာလည်း ဖြစ်နိုင်ပါတယ်။ မစ္စတာမူဂါဘီဟာ လက်ရှိမှာ ကျန်းမာရေးလည်း မကောင်းတော့ပါဘူး။ သူဟာ အာဖရိကန်လွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့သူတွေထဲမှာ သက်ရှိထင်ရှားကျန်ရှိနေတဲ့ နောက်ဆုံးပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ အာဏာရပါတီအတွင်းမှာလည်း လေးစားမှုတွေ ရရှိထားသူလည်း ဖြစ်ပါတယ်။

ဒုတိယသမ္မတဟောင်း အီမာဆွန်ကတော့ မစ္စတာမူဂါဘီဟာ သူ့ဇနီးဖြစ်သူကြောင့် လမ်းလွဲကို ရောက်သွားတယ်လို့ ဆိုပါတယ်။ သမ္မတရဲ့ဇနီးဖြစ်သူ ဂရေ့စ်ဟာ နိုင်ငံရေးလောကထဲကို စဝင်လာကတည်းက သူ့ခင်ပွန်းဘေးက ဆက်ခံသူလို့ ယူဆရတဲ့လူတွေဆီက အာဏာကို ရယူလာနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း လွန်ခဲ့တဲ့ သီတင်းပတ်က ဒုတိယသမ္မတ အီမာဆွန်ကို ဖြုတ်ချလိုက်တာကတော့ ဂရေ့စ်နဲ့ သူ့လူတွေနည်းနည်းလွန်သွားတယ်လို့ ဆိုရမှာပါပဲ။ မစ္စတာ မူဂါဘီဘေးမှာ အမှုထမ်းနေကြတဲ့ ဒုတိယသမ္မတဟောင်းအီမာဆွန်ရဲ့ လူတွေဟာ အနောက်အုပ်စုနဲ့ သာမက အပြည်ပြည်ဆိုင်ရာက ကြွေးရှင်တွေနဲ့ ပါအဆင်ပြေဖို့စဉ်းစားလာကြပါတယ်။ မစ္စတာမူဂါဘီရဲ့အုပ်ချုပ်မှုအောက်မှာ နိုင်ငံဟာ အထီးကျန်ဖြစ်နေခဲ့ပါတယ်။ လက်ရှိမှာ အီမာဆွန်ကို သမ္မတဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းမှုတွေရှိနေပေမယ့် သူ့မှာလည်း အတိတ်ဆိုးတွေ ရှိပါတယ်။ ၁၉၈၀ ပြည့်နှစ်က အစုလိုက်အပြုံလိုက်လူသတ်မှုမှာ သူဟာ အဓိကနေရာက ပါဝင်ခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ရှိပါတယ်။

ဒီတော့ ဇင်ဘာဘွေ နိုင်ငံမှာ ဘယ်သူကနိုင်ငံ့ခေါင်းဆောင်ဖြစ်လာမှာပါလဲ။ မြို့တော် ဟာရာရီမှာတော့ အခြေအနေမပျက်ပါပဲ။ လက်ရှိဖြစ်ရပ်ကို ထောက်ခံတဲ့သူတွေကတော့ပိုမိုကောင်းမွန်တဲ့အနာဂတ်ရတော့မယ်ဆိုပြီး ပျော်နေကြပါတယ်။ မထောက်ခံသူတွေကတော့ မသေချာမရေရာမှုတွေကို စိုးရိမ်ကြောက်လန့်နေကြပါတယ်။ **ကိုးကား-နယူးယောက်တိုင်းမ်**

# နှစ်ပေါင်း ၂၄၀ ကျော်က ဆောက်လုပ်ခဲ့သော မအူကျွန်းတံတားကြီး

**═ မောင်မြနန်း (ရေစကြို) ═**



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့၏ အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာတွင် မအူကျွန်းတံတားကြီးတည်ရှိသည်။ မအူကျွန်းတံတားကြီးမှာ မအူအလယ်ရွာနှင့် မအူငယ်ရွာတို့အကြားရှိ အင်းကြီးကိုဖြတ်၍ ဆောက်လုပ်ထားသော တံတားဖြစ်သည်။ မအူငယ်ရွာကို လွန်ခဲ့သော နှစ်ပေါင်း ၂၄၀ ကျော်မတိုင်မီက ရန်အောင်မြေတောင်ရွာဟု ခေါ်ကြသည်။ မြန်မာသက္ကရာဇ် ၄၀၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်က စိုက်ထူခဲ့သော ပေါက်မုတ္တောဘုန်းမစဲဘုရားကျောက်စာ မအူငယ်ရွာ၌ တွေ့ရှိ၍ မအူငယ်ရွာတည်နေရာသည် လွန်ခဲ့သော နှစ်ပေါင်း ၉၅၀ ကျော်က လူနေထိုင်သော ကျေးရွာဖြစ်ကြောင်း သိရသည်။ ရန်အောင်မြေတောင်ရွာသည် အုပ်ချုပ်ရေးဆိုင်ရာ နယ်နိမိတ်အားဖြင့် အထက်မြန်မာနိုင်ငံတစ်ဝန်း နံပါတ် ၂၂၈၊ မဇ္ဈိမခရိုင်အဝန်း နံပါတ် ၂၂၆၊ အောက်ချင်းတွင်း ဒိစတြိတ်နံပါတ် ၈၊၊ အလုံအရပ်ဌာန ၈ အတွင်းတွင် ပါဝင်ကြောင်း မြန်မာသက္ကရာဇ် ၇၆၇ ခုနှစ် တပေါင်းလပြည့်နေ့က စိုက်ထူခဲ့သော မင်းမုတ္တောဘုရားကျောက်စာအရ သိရသည်။

ကုန်းဘောင်ဆက် တတိယမြောက် ဆင်ဖြူရှင်မင်း (မြန်မာ ၁၀၉၈-၁၁၃၈ ခုနှစ်)သည် ရတနာသုံးပါးကို ယုံကြည်ပြီး သာသနာရေးကို အားပေးချီးမြှောက်သော မင်းဖြစ်သည်။ ဆင်ဖြူရှင်မင်းသည် ချင်းတွင်းမြစ်တစ်လျှောက် လှေဖောင်တော်ဖြင့် ဘုရားပုထိုးများကို လှည့်လည် ဖူးမြော်ခဲ့သည်။ ထိုသို့ လှည့်လည် ဖူးမြော်ရာ ရန်အောင်မြေမြောက်ရွာ၌ တည်ထားသော ရန်အောင်မြင်ဘုရားကို ဖူးမြော်ရန် ယာယီတဲနန်းဆောက်၍ စခန်းချခဲ့သည်။ ထိုယာယီတဲနန်းတွင် ၄၉ ရက်မျှ စံမြန်းခဲ့သည်။ ရန်အောင်မြေမြောက်ရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများသည် ဆင်ဖြူရှင်မင်းအား ဖူးမြော်ကြသည်။ ဖူးမြော်ကြရာတွင် ရန်အောင်မြေတောင်ရွာမှ တောင်သူလယ်သမားကြီး ဦးမော်၏ သမီး ၁၆ နှစ်အရွယ် အလွန်ချောမောလှပသည့် "မဥ" ကို ဆင်ဖြူရှင်မင်းမြင်လျှင် အလွန်ချစ်ခင်စုံမက်သဖြင့် မိဖုရားအဖြစ် ကောက်ယူခဲ့သည်။ ရန်အောင်မြေတောင်ရွာ၊ ရန်အောင်မြေမြောက်ရွာ၊ ရွှေဘုံသာတောင်ရွာ၊ ရွှေဘုံသာမြောက်ရွာတို့ကို မိဖုရားမဥအား အပိုင်စားပေးခဲ့သည်။ ထိုအချိန်မှစ၍ ရွှေဘုံသာတောင်ရွာကို မဥတောင်ရွာဟု ခေါ်ခဲ့သည်။ နောင်ကာလကြာသောအခါ မအူတောင်ရွာဟု ခေါ်ကြသည်။ ရွှေဘုံသာမြောက်ရွာကို မဥအလယ်ရွာဟု ခေါ်ခဲ့သည်။ နောင်ကာလကြာသောအခါ မအူအလယ်ရွာဟု ခေါ်ကြသည်။ ရန်အောင်မြေမြောက်ရွာကို မဥမြောက်ရွာဟု ခေါ်ခဲ့သည်။ နောင်ကာလကြာသောအခါ မအူအောက်ဆိပ်ရွာဟု ခေါ်ကြသည်။ ရန်အောင်မြေတောင်ရွာကို မဥငယ်ရွာဟု ခေါ်ခဲ့သည်။ နောင်ကာလကြာသောအခါ မအူငယ်ရွာဟု ခေါ်၍ ထိုရွာတွင် ငါးရက်တစ်ပတ် ဈေးပြုလုပ်ခဲ့ရာမှ မအူဈေးရွာဟု ခေါ်ကြသည်။ ထိုရွာလေးရွာကို "မဥလေးရွာ" ဟု ခေါ်သည်။

ဆင်ဖြူရှင်မင်းသည် မိဖုရားမဥကို မြတ်နိုးလှသဖြင့် လိုရာဆုတော်၊ လာဘ်တော်များ တောင်းစေသည်။ ထိုအခါ မိဖုရားမဥသည် ရန်အောင်မြေရွာနှင့် ရွှေဘုံသာရွာတို့အကြားတွင် ရှိသော အင်းကြီးကိုဖြတ်၍ တံတားဆောက်လုပ်လိုပါသည်ဟု လျှောက်တင်ရာ ကာယ၊ ဉာဏ အလုပ်သမားများကို ဆင့်ခေါ်ပြီး တစ်နေ့အတွင်း အပြီးဆောက်လုပ်စေသည်။ တံတားကြီးအမည်ကို "မိဖုရားမဥ တံတား" ဟု ခေါ်ကြသည်။ နောင်ကာလကြာသောအခါ မအူတံတားဟု ခေါ်သည်။

မအူကျွန်းတံတားကြီးအရှည်မှာ ပေ ၂၀၀၀ ခန့်ရှိပြီး တံတားတိုင်ပေါင်းမှာ ၃၄၄ တိုင်ရှိသည်။ တံတားကြီးတွင် အခန်းပေါင်း ၁၇၄ ခန်းရှိပြီး တံတားအမြင့်မှာ ခုနစ်ပေခန့်ရှိသည်။ ထိုခေတ်က တံတားကြီးတန်ဖိုးမှာ ၅၄၇၅၅ ငွေဒင်္ဂါးကုန်ကျခဲ့ကြောင်း သိရသည်။ တံတားပေါ်တွင် နားနေရန် ဇရပ်သုံးဆောင်ပါရှိသည်။ တံတား၏ နှစ်ဖက်ထိပ်တွင် အုတ်တံတားများ ရှိသည်။ လှိုင်းဒဏ်၊ လေဒဏ်ခံနိုင်ရန် ဖြောင့်တန်းစွာ မဆောက်ဘဲ ဦးမော့ကွေ့ဝိုက်ကာ စီမံဆောက်လုပ်ထားသည်။

နှစ်စဉ် တံတားကြီး ရေကြီးနှစ်မြုပ်ပျက်စီးတိုင်း စုပေါင်းပြုပြင်မှုများ ပြုလုပ်ခဲ့ကြသည်။ ၁၃၁၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆ ရက်နေ့တွင် မအူလေးရွာလူကြီးများနှင့် ရွာသူရွာသားများ တံတားကြီးကို ပြန်လည်ပြုပြင်ခဲ့သည်။ ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ပြည်တော်သာစီမံကိန်းအရ ရန်ပုံငွေကျပ်သိန်း ၂၀ ဖြင့် ပြုပြင်ခဲ့သည်။ ယခင် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သိုက်ထွန်း(ငြိမ်း)က ကျွန်းတိုင်များ လှူဒါန်း၍ ဒေသခံများနှင့် ပြုပြင်ခဲ့သည်။ တံတားကြီး ပြန်လည်ပြုပြင်မှု မှတ်တမ်းကျောက်စာတိုင်ကို တံတားကြီး အနောက်ဘက်ထိပ်ဘေးတွင် စိုက်ထူထားသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်တံတား (ဦးပိန်တံတား) သည် ကုန်းဘောင်ဆက် နဝမမြောက် ပုဂံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၁၁ မှ ၁၂၁၃ ခုနှစ်အထိ ဆောက်လုပ်ခဲ့ရသည်။ တံတားတိုင်ပေါင်းမှာ ၁၀၈၆ တိုင်ရှိပြီး အခန်းပေါင်း ၄၈၂ ခန်းရှိသည်။ တံတားအရှည်မှာ ၃၉၆၇ ပေရှိပြီး တံတားပေါ် နားနေရန် ဇရပ်လေးဆောင် ရှိသည်။

မအူကျွန်းတံတားကြီးသည် တောင်သမန်တံတား (ဦးပိန်တံတား) ကဲ့သို့ မကြီးသော်လည်း ဆောက်လုပ်မှုသက်တမ်းအားဖြင့် အနည်းဆုံး နှစ်ပေါင်း ၇၅ နှစ်စောကြောင်း သိရသည်။ ဆင်ဖြူရှင်မင်းသည် မြန်မာသက္ကရာဇ် ၁၁၂၅ ခုနှစ်မှ ၁၁၃၈ ခုနှစ်အထိ ထီးနန်းအုပ်ချုပ်ခဲ့သည်။ ထို့ကြောင့် မအူကျွန်းတံတားကြီး၏ သက်တမ်းမှာ ၁၁၃၈ ခုနှစ်မှ ရေတွက်သော် နှစ်ပေါင်း ၂၄၀ ကျော် သက်တမ်းရှိသည်။ တံတားအလှူရှင်ကမ္ပည်းအင်္ဂတေကျောက်ပြား တံတားအလယ်တွင် ထုလုပ်ထားရာ ရေတိုက်စား၍ ပျက်စီးခဲ့သည်။ တံတားကြီး မပျက်စီးစေရန် တံတားပေါ်တွင် ဆိုင်ကယ်မစီးရ တားမြစ်ထားပါသည်။ တံတားအလှူရှင်ကမ္ပည်းသံပြားများ တံတားတိုင်များတွင် ကပ်ရိုက်ထားသည်ကို တွေ့ရ၍ သာဓုသုံးကြိမ် ခေါ်မိပါသည်။ ရှေးဟောင်း မအူကျွန်းတံတားကြီး မပျက်စီးစေရန် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုကြောင်း တင်ပြအပ်ပါသည်။ ။

## မြို့ကြီး သုံးမြို့တွင် SME ဘဏ်လုပ်ငန်း အသိပညာပေးသင်တန်းများ ပို့ချပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ ဗြိတိသျှသံအမတ်ကြီး နေအိမ်၌ ပြုလုပ်သော ဗြိတိသျှကောင်စီနှင့် နိုင်ငံတကာဘဏ်တစ်ခုဖြစ်သည့် Standard Chartered ဘဏ်တို့က မြန်မာနိုင်ငံ မြို့ကြီးသုံးမြို့ရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ဘဏ္ဍာရေးဆိုင်ရာ ပညာပေးအစီအစဉ် စတင်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ကာ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များသို့ အားပေးစကား ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးတိုးတက်ဖို့ဆိုရင် SME လုပ်ငန်းတွေကို ကျောရိုးထား ဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊ SME လုပ်ငန်းတွေ တိုးတက်မှ တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာ လာမယ့် ၂၀၁၈ ခုနှစ် အစောပိုင်းမှာ SME လုပ်ငန်းတွေကို မြေပြင်စာရင်းကောက်ယူပြီး လုပ်ငန်းတွေ အလျင်အမြန် တိုးတက်စေဖို့ အကြံဉာဏ်ပေးတာတွေ၊ အသိပညာ ပေးတာတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်၊ အခု ဒီအစီအစဉ်က ကျွန်တော်တို့ရဲ့ ရှေ့ပြေးလို့ ပြောလို့ရပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

ဗြိတိသျှကောင်စီနှင့် Standard Chartered ဘဏ်တို့သည် ၂၀၁၄ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ဘဏ္ဍာရေးဆိုင်ရာ ပညာရေးအစီအစဉ်ဖြစ်သည့် Education for Entrepreneures (E4E) သင်တန်းများကို ရန်ကုန်နှင့် မန္တလေးအပါအဝင် မြို့ကြီး ၁၂ မြို့တွင် သင်တန်းများ ဖွင့်လှစ် သင်ကြားပေးခဲ့ရာ ယခုအခါ အသေးစားနှင့် အလတ်စားလုပ်ငန်းပေါင်း ၁၂၀၀ ကျော်ကို သင်တန်းများ ဖွင့်လှစ် ပို့ချပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အသိမိတ်ဆွေ လုပ်ငန်းရှင်တွေကို SME လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ ဘာတွေ လိုအပ်သလဲလို့ မေးတဲ့အခါမှာ အများစုက ငွေကြေးအရင်းအနှီး လိုအပ်တယ်လို့ ပြောကြပါတယ်၊ ချေးယူလိုက်တဲ့ အရင်းအနှီးကို ပြန်ဆပ်နိုင်မယ့် အစီအစဉ်တွေ၊ ငွေကြေးကို ဘယ်လိုလည်ပတ်သုံးစွဲမလဲလို့ မေးတဲ့အခါမှာ သူတို့ ပြောပြနိုင်တဲ့ အခြေအနေ မရှိကြပါဘူး၊ ဒီ့အတွက် လုပ်ပုံ ကိုင်ပုံတွေ သိအောင်လို့ သင်တန်းမှာ ပို့ချပေးရတာ ဖြစ်ပါတယ်၊ ဒါက SME တိုးတက်ဖို့ အလွန်ပဲ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်"ဟု Standard Chartered ဘဏ်မှ တာဝန်ရှိသူ ဦးပြည်ငြိမ်းချမ်းက ပြောသည်။

ဗြိတိသျှကောင်စီနှင့် Standard Chartered တို့သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလများတွင် E4E သင်တန်းများကို ထားဝယ်၊ တောင်ကြီး၊ ရန်ကုန်မြို့များတွင် SME လုပ်ငန်းရှင်များကို ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းပေါင်း ၃၀၀ ကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



## စိုက်ပျိုးရေး နည်းပညာများ ဆွေးနွေး

**မယ်စဲ့ နိုဝင်ဘာ ၁၇**

ကယားပြည်နယ် မယ်စဲ့မြို့နယ်သည် ထိုင်းနိုင်ငံနှင့်နီးစပ်သော မြို့နယ်ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် လွိုင်ကော်မြို့တို့မှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်မှအစ ဝယ်ယူစားသောက် သုံးစွဲလျက်ရှိသော မြို့နယ်ဖြစ်ရာ အဆိုပါသီးနှံများကို ဒေသတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် နန့်မန်း၊ မယ်စဲ့ကျေးရွာများတွင် ကြက်သွန်ဖြူ၊ ပဲပုပ်၊ ပဲတီစိမ်း၊ မတ်ပဲ အစရှိသော ဆောင်းသီးနှံများ စိုက်ပျိုးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံပြည်သူများအား ဆောင်းသီးနှံစိုက်ပျိုးရန် ပံ့ပိုးပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၄ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။

ပံ့ပိုးပစ္စည်းများနှင့် မျိုးစေ့များ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်ဆွေဦးက ဆောင်းသီးနှံများစိုက်ပျိုးရန် ပံ့ပိုးပစ္စည်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်းက အော်ဂဲနစ်သီးနှံများကို ဒေသတွင်း စိုက်ပျိုး ရောင်းချနိုင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် သီးနှံပင်များအတွက် လိုအပ်သော အာဟာရများနှင့် မြေဩဇာ စနစ်တကျသုံးစွဲနည်းတို့ကိုလည်းကောင်း ပညာပေးဆွေးနွေးပြီး စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**



## ဒေသဖွံ့ဖြိုးရေးနှင့် လူမှုကူညီရေးအသင်း ရုံးဖွင့်

**ထီးလင်း နိုဝင်ဘာ ၁၇**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၏ လူမှုရေးအသင်းအဖွဲ့ တစ်ခုဖြစ်သည့် ဒေသဖွံ့ဖြိုးရေးနှင့် လူမှုကူညီရေးအသင်း ရုံးဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက်က အဆိုပါရုံးရှေ့၌ ကျင်းပခဲ့ရာ ရပ်ရှင်သရပ်ဆောင် အကယ်ဒမီ ကျော်သူ၊ သရုပ်ဆောင် ညီဂျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိဒ္ဓိတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့ကြသည်။

ထီးလင်းမြို့၏ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုကူညီရေးအသင်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့၍ မြို့နယ်အတွင်း လိုအပ်သည့် လူမှုရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မင်္ဂလာကျောင်းတိုက်တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ မြို့နယ်အားကစားကွင်းအနီး၌ ရုံးသစ် ဆောက်လုပ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အသင်းနှင့် ဆက်သွယ်လိုလျှင် ဖုန်း ၀၉၄၄၀၂၂၆၂၂၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရှေးဟောင်းရိုးရာယဉ်ကျေးမှုပစ္စည်းပြပွဲနှင့် သမိုင်းကြောင်းဆိုင်ရာ ဟောပြောပွဲကျင်းပ



**ချောင်းဆုံ နိုဝင်ဘာ ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မွန်လူမျိုးတို့၏ ရှေးဟောင်းရိုးရာအမွေအနှစ်များကို ပြည်သူအများ သိရှိနိုင်စေရန်နှင့် လူငယ်လူရွယ်များအနေဖြင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်ပြီး ရှေးဟောင်းရိုးရာယဉ်ကျေးမှုပစ္စည်းပြပွဲနှင့် သမိုင်းကြောင်းဆိုင်ရာ ဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရှေးဟောင်းရိုးရာယဉ်ကျေးမှုပစ္စည်းပြပွဲတွင် ချောင်းဆုံမြို့နယ်အတွင်း ဒရယ်ကျေးရွာမှ တူးဖော်တွေ့ရှိရသည့် ရှေးဟောင်းပစ္စည်းများကို ပြသခဲ့သည်။ "ဒရယ်ကျေးရွာမှာ ရှေးဟောင်းမြို့ရိုးကုန်း ခုနစ်ကုန်း တွေ့ရှိတာတော့ကြာပါပြီ၊ ဒီကျေးရွာမှာ ရာစုနှစ်မသတ်မှတ်နိုင်သေးတဲ့ မြေအိုးအပိုင်းအစတွေကို တွေ့ရှိလို့ ဆရာဦးစံဝင်း(သမိုင်းသုတေသန)ရဲ့အကြံပြုချက်အရ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်ကစပြီးတော့ ကျွန်တော် စတင်စုဆောင်းထားတာတွေဖြစ်ပါတယ်၊ ရှေးဟောင်းမြေအိုးအကောင်းတွေ တွေ့ရသလို ဆီအိုး၊ ဆားချက်အိုးတွေ၊ နောက် ကြွေပန်းကန်အပိုင်းအစတွေ၊ စဥ့်အိုးတွေအပါအဝင် အများကြီးကိုတော့ စုဆောင်းထားဖြစ်ပါတယ်၊ ဒါတွေကို ပထမအကြိမ် လာရောက်ပြသရတဲ့အတွက် အရမ်းကိုဂုဏ်ယူမိပါတယ်"ဟု ဒရယ်ကျေးရွာမှ ရှေးဟောင်းပစ္စည်းများ ရှာဖွေစုဆောင်းထားသူ ဦးသန်းထိုက်က ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ချောင်းဆုံမြို့နယ်(ဘီလူးကျွန်း)၏ သမိုင်းကြောင်းနှင့် ဒရယ်ကျေးရွာမှ တူးဖော်တွေ့ရှိရသည့် မြို့ရိုးဟောင်းနှင့်ပတ်သက်သည့် သမိုင်းအထောက်အထားများကို ဆရာဦးအေးကြူက ရှင်းလင်းဟောပြောကာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားသူ ဦးညီညီလွင်က ဒရယ်ကျေးရွာမှ ရှာဖွေစုဆောင်းထားသည့် မြေအိုးများ၊ ရှေးဟောင်းမြေဆေးတံများနှင့် ယခင်က အသုံးပြုခဲ့ပုံ သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တူးဖော်ရရှိထားသည့် ရှေးဟောင်းပစ္စည်းများဖြစ်သော မြေအိုးများ၊ အိုးခြမ်းပဲ့များ၊ ဆားချက်အိုး အပိုင်းအစများနှင့် ချောင်းဆုံဒေသထွက်ကုန်ပစ္စည်းများဖြစ်သော ကျောက်သင်ပုန်း၊ ဆေးတံ စသည့် ပစ္စည်းများကိုလည်း ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## 'ဝ'ဒေသ ဖာလင်၊ မုန်းဟုန်မြေသားလမ်းအဆင့်မြှင့် ဆောင်ရွက်

**သီပေါ နိုဝင်ဘာ ၁၇**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်ခရိုင် ဟိုပန်မြို့နယ်အတွင်းရှိ ဖာလင်၊ မုန်းဟုန်(ဝ) မြေသားလမ်း (၁/၃)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇/၂၀၁၈ ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေကျပ် ၄၈ ဒသမ ၁၂၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူး ဦးနိုးဝေ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအာကာတင်ဦးနှင့်တာဝန်ရှိသူတို့က နိုဝင်ဘာလဒုတိယပတ်က ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းပြီးစီးသွားပါက ဖာလင်ကျေးရွာ၊ တုံပကာကျေးရွာ၊ မုန်းဟုန်(ဝ) ကျေးရွာ၊ ဆွမ်ဖာကျေးရွာနှင့် ဖာကျွတ်ကျေးရွာများမှ ကျေးလက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အချိန်တိုကာလအတွင်း များစွာအဆင်ပြေသွားစေမည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

**စိုင်း(သီပေါ)**

## ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု

**အင်းတော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက CSR ရန်ပုံငွေအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လှူဒါန်းခဲ့သော ရန်ပုံငွေများဖြင့် အင်းတော်မြို့နယ် မော်လူးဒေသအတွင်းရှိ ကျောက်စိမ်းထွက်ရာကျေးရွာအုပ်စုများတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မော်လူးဒေသအတွင်းရှိ ကျောက်စိမ်းထွက်ရာကျေးရွာအုပ်စုများဖြစ်သော ဥသျှစ်ကုန်း၊ သူရောင်း၊ ငွေ့ကြီး၊ ထုံးတောင်စသည့် ကျောက်တွင်းများ၏ ပင်မအခြေခံကျေးရွာများတွင် CSR ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အင်းတော်မြို့နယ် ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးမောင်မောင်နှင့် တာဝန်ရှိသူများအဖွဲ့က နိုဝင်ဘာ ၁၅ ရက်မှစတင်ကာ ဥသျှစ်ကုန်း၊ ပုန်းဟုန်၊ သူရောင်း၊ ခိုးကောင်၊ ငွေ့ကြီး၊ နန့်ရုံ ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် လမ်းတံတားများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညိုမင်းထက်(မြန်မာစာ)**

## သီဟိုဠ်ရှင်ဘုရားကြီး နှစ် ၉၀၀ ပြည့် ဒေသစာရီကြွချီ အပူဇော်ခံပွဲကျင်းပ



**ပခုက္ကူ နိုဝင်ဘာ ၁၇**

ပခုက္ကူမြို့ ၁၅ ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော သီဟိုဠ်ရှင် ဘုရားကြီး တည်ထားသည့် နှစ် ၉၀၀ ပြည့် ဒေသစာရီကြွချီပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က စတင်ကျင်းပခဲ့သည်။

နှစ် ၉၀၀ ပြည့် ဒေသစာရီကြွချီပွဲတွင် ဘုရားကြီးရှေ့မှ မြို့မလမ်း၊ သီတာလမ်း၊ ဗိုလ်ချုပ်လမ်းတို့ကိုပတ်၍ ဒေသစာရီ အပူဇော်ခံကြွချီရာ ဒေသခံပြည်သူများ လမ်းဘေးဝဲယာတစ်လျှောက် ပူဇော်ကန်တော့ကြ၍ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ ဘုရားကြီး ဒေသစာရီကြွချီ အပူဇော်ခံပွဲတွင် ဒေဝါဝင်း၊ ရာဇာဝင်းများခင်း၍ အပူဇော်ခံကာ အနုပညာရှင်များဖြစ်ကြသော အောင်ခိုင်၊ ဝါဝါအောင်၊ ဟိန်းဝေယံ၊ စိုးပြည့်သဇင်တို့ကလည်း ပါဝင်အားဖြည့်ပေးခဲ့ကြပြီး နိုဝင်ဘာ ၁၆ ရက်တွင် သီဟိုဠ်ရှင်ဘုရားကြီး အပူဇော်ခံပွဲ အောင်ပွဲအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သီဟိုဠ်ရှင်ဘုရားကြီး ဂေါပကအဖွဲ့မှ သိရသည်။

**တင်အောင်ဝင်း**

## ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဖာပွန် နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် ဖာပွန်မြို့ ၁ ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ဖာပွန်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်စင်ဒရဲလား ဦးဆောင်သော အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၁၅ ရက်က ဆောင်ရွက်ခဲ့သည်။

ကာကွယ်ဆေးထိုးပေးရာတွင် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်စင်ဒရဲလား ဦးဆောင်သော အဖွဲ့က ၁ ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းရှိ အသက် ၁၅ နှစ်အောက် ကျောင်းသားကျောင်းသူ ၂၀၉ ဦးအား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများ အစုလိုက်ထိုးနှံပေးခဲ့ပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဆန်းဝင်းက လုပ်ငန်းဆောင်ရွက်မှုကို လာရောက်ကြည့်ရှုခဲ့သည်။

ဖာပွန်ခရိုင်အတွင်း၌ အခြားကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးများ ထိုးပေးလျက်ရှိရာ ကူးဆိပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ တဒိုးခို့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဝေ့ဆန်ကျေးရွာနှင့် ထီဘောကထကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ အနောက်ဘက်ကမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ တံခွန်တိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် မဲသလွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူပေါင်း ၁၂၀၁ ဦးအား နယ်မြေကျန်းမာရေးဆရာ ဆရာမများအဖွဲ့က ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။




ကျန်ရှိနေသေးသည့် အခြားကျောင်းများမှ ကျောင်းနေစာရင်းသွင်းထားသော အသက် ၁၅ နှစ်အောက် ကျောင်းသား ကျောင်းသူများကိုလည်း ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပြီး ဆေးထိုးခြင်းလုပ်ငန်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးလွင်(ပြန်/ဆက်)**

## ကလေးသူငယ် အခွင့်အရေးများနှင့် အကာအကွယ်ပေးရေး သင်တန်းဖွင့်လှစ်

**ဒီမော့ဆို နိုဝင်ဘာ ၁၇**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ်တွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဝေါလ်ဗီရှင်း(မြန်မာ) ဒီမော့ဆိုဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ ပူးပေါင်းဖွင့်လှစ်သော ကလေးသူငယ်အခွင့်အရေးများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဋ္ဌေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်စိန်စိန်မော်က ကလေးသူငယ် အခွင့်အရေးများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း ကလေးသူငယ် အခွင့်အရေးများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အချက်များ၊ မိမိသားသမီးအတွက် စဉ်းစားကြည့်ခြင်း၊ လိုအင်ဆန္ဒနှင့် အဓိကလိုအပ်ချက်များ၊ အခွင့်အရေးဟူသော အယူအဆကို သဘောပေါက်နားလည်ခြင်း၊ CRC နှင့် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေပေါ်ပေါက်လာပုံ၊ CRC ၏ အခြေခံမှုများ၊ CRC ပါ ကလေးသူငယ်အခွင့်အရေး အုပ်စု(၄)ရပ်၊ CRC ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်ကြီးကြပ်မှု လုပ်ငန်းစဉ်၊ ကလေးသူငယ်အကာအကွယ်ပေးရေးအတွက် တည်ရှိဆဲ ပြဿနာရပ်များ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ခွဲခြားသတ်မှတ်ခြင်း၊ ကလေးသူငယ်များကို အကာအကွယ်ပေးရန် မည်သို့ စီမံပြင်ဆင်ဆောင်ရွက်သွားမည် စသည်တို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# အလှမယ် မိုးစက်ဝိုင် ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည့် ထူးခြားဆန်းပြားသောနေရာများကို MWD ရုပ်သံလိုင်းမှ ပြသမည်

အလှမယ်မိုးစက်ဝိုင်ကိုယ်တိုင် ဂျပန်နိုင်ငံ၏ ထူးခြားဆန်းပြားသောနေရာများသို့ သွားရောက်ကာ ဒေသအလိုက်သမိုင်းကြောင်းနှင့် ယခုမျက်မှောက်ကာလများတွင် ဆန်းသစ်နေမှုများပါဝင်သော ကီရာကီရာဂျပန် -၂ ခရီးစဉ်ကို မြန်မာပရိသတ်များ ကြည့်ရှုလေ့လာနိုင်စေရန် မြန်မာနိုင်ငံ၏ အဓိက ရုပ်/သံလိုင်းတစ်ခုဖြစ်သော MWD Documentery Channel တွင် ထုတ်လွှင့်သွားရန် Shizuoka Asahi Television ကုမ္ပဏီမှ စီစဉ်နေကြောင်း သိရသည်။

"ကျွန်မဒီ အစီအစဉ်ကနေ မိုးစက်သွားရောက်ခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ အထင်ကရနေရာတွေကို MWD ရုပ်သံလိုင်းကနေ ကြည့်ရှုနိုင်မယ့်အပြင် မြန်မာ့ခရီးသွားပြည်သူတွေကို ဆွဲဆောင်နိုင်ဖို့လည်းဖြစ်ပါတယ်၊ ဂျပန်ပြည်တွင်းထုတ် လူသုံးကုန်တွေနဲ့ ထုတ်ကုန်တွေကို စိတ်ဝင်စားစေမယ့် အစီအစဉ်ကောင်းတစ်ခုလည်း ဖြစ်တယ်၊ ဂျပန်တွေရဲ့ရိုးရာယဉ်ကျေးမှုအပြင် အစားအစာတွေနဲ့ အလေ့အထတွေကို ကိုယ်တိုင်သွားရောက်သလို မြင်တွေ့ကြားသိနိုင်မှာပါ"ဟု အလှမယ် မိုးစက်ဝိုင်ကပြောသည်။ အဆိုပါ ခရီးစဉ်ကို ဂျပန်နိုင်ငံ၏ ဒေသထွက်အစားအစာများ၊ ရိုးရာယဉ်ကျေးမှုများ၊ ဂျပန်နိုင်ငံ၌ တက်ရောက်နေသော မြန်မာကျောင်းသားများနှင့် တွေ့ဆုံခြင်း၊ ယခုမျက်မှောက်ခေတ် ဆန်းသစ်မှုများ၊ ဖူဂျီတောင်ပေါ်နှင့် ရှီဇူအိုကာရိုးရာအစားအစာများအား လေ့လာခြင်း၊ ကားထုတ်လုပ်မှု၊ တူရိယာ၊ အလှအပနှင့် ကျန်းမာရေး၊ ဘုရားကျောင်းနှင့် သမိုင်းဝင်နေရာများ လေ့လာခြင်းတို့ကို ကြည့်ရှုလေ့လာခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ ထိုအစီအစဉ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် စုစုပေါင်း အပိုင်း(၇)ပိုင်းဖြင့် အပတ်စဉ် စနေနေ့ ညနေ ၆ နာရီခွဲမှ ည ၇နာရီထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**အေကေလင်း**

## အမျိုးသမီးတွေ ဘဝအာမခံချက်ရရှိစေရန် Beauty Vlogger Contest ယှဉ်ပြိုင်နိုင်ရန် စီစဉ်

ကိုရီးယားအလှကုန်ဖြစ်သည့် Etude House ၏ မြန်မာကိုယ်စားပြု Etude House Myanmar ကကြီးမှူးသည့် Beauty Vlogger Contest ပြိုင်ပွဲအတွက် လျှောက်လွှာများ စတင်လက်ခံနေပြီး မြန်မာနိုင်ငံအတွင်းရှိ အလှအပစိတ်ဝင်စားသူ အမျိုးသမီးလေးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

လူမှုကွန်ရက်စာမျက်နှာတွင် နာမည်ကြီး Beauty Vlogger တစ်ဦးဖြစ်သူ မဝင်းမင်းသန်း ဦးဆောင်ပြီး Etude House နှင့် ပူးပေါင်းကာ အဆိုပါပြိုင်ပွဲကို ကျင်းပသွားမည်ဟု သိရသည်။ "ဒီပွဲကြီးကနေ ဘယ်လိုအကျိုးကျေးဇူးတွေရရှိမလဲဆိုရင် ကိုယ်ဖန်တီးတဲ့ အလှအပဆိုင်ရာတွေကို အနုပညာဆန်ဆန် ဖော်ပြခွင့်ရမယ်၊ နောက် တိုက်ရိုက်ဗွီဒီယိုရိုက်ပြီး ပရိသတ်ကို တင်ပြရခွင့်ရပါမယ်၊ ပုံမှန်လိမ်းခြယ်နေကျ မိတ်ကပ်လိမ်းခြယ်နည်းနဲ့တော့ ကွာခြားမှာပါ၊ အဓိက ကွာခြားချက်ကတော့ ပရိသတ်ကို တိုက်ရိုက်မိတ်ကပ်လိမ်းခြယ်ပုံတွေ လုပ်ပြပြီး ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်၊ ပညာသားပါတဲ့ ပြိုင်ပွဲတစ်ခုပါပဲ" ဟု မဝင်းမင်းသန်းက ပြောသည်။ "ပြိုင်ပွဲကနေ ဆုရမယ့်သူတွေကို ဆုလက်မှတ်နဲ့အတူ အခြားဆုတွေ ပေးမယ်၊ တစ်နှစ်စာလုံးအတွက် မိတ်ကပ်တွေ စပွန်ဆာပေးမယ်၊ အမှန်အတိုင်းပြောရရင် ညီမတို့ ဒီအလုပ်ကို စလုပ်တုန်းကဆိုရင် ဘယ်သူကမှသိလည်း မသိသလို ကူညီမှုလည်း မရခဲ့ပါဘူး၊ ဒီလိုပဲ စမ်းတဝါးဝါးနဲ့ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်မိတ်ကပ်တွေဝယ်၊ ကိုယ့်ဗွီဒီယိုနဲ့ကိုယ်ရိုက်တင်ခဲ့ရတယ်၊ အခုဆို ညီမ ဒီအလုပ်လုပ်တာ လေးနှစ်ကျော်ပါပြီ၊ ဒီလိုအခွင့်အရေးမျိုးဆိုတာ အိပ်မက်တောင် မက်ခွင့်မရခဲ့ပါဘူး၊ အခုတော့ ကိုယ်လုပ်ချင်တဲ့ အရာကို အခုအချိန်လုပ်ခွင့်ရလာပါပြီ၊ လူငယ်တွေအတွက် ဆက်လျှောက်မယ့် ဘဝခရီးအတွက် အခွင့်အရေးတစ်ခုပါပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။




အဆိုပါ ပြိုင်ပွဲဝင်လျှောက်လွှာများကို နိုဝင်ဘာ ၂၀ ရက်တွင် Etude House Myanmar Page တွင် အွန်လိုင်းမှ စတင်လျှောက်ထားနိုင်ကြောင်း၊ ပြိုင်ပွဲတွင် Winner ဆုရရှိသူကို ကိုရီးယားနိုင်ငံ Etude House Head Officeတွင် မိတ်ကပ်သင်တန်းတက်ခွင့်နှင့် Etude House Vlogger Certificate လက်မှတ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ထွက်ရှိသောEtude House Product ငါးသိန်းဖိုးကိုလည်း ပေးအပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကြီးတွင် ဒိုင်များအဖြစ် မိတ်ကပ်ပညာရှင် ခင်စန်းဝင်း၊ Beauty Vlogger မဝင်းမင်းသန်း၊ Etude House Management Team မြန်မာနိုင်ငံမှ သက်ဆိုင်ရာ Professional ပညာရှင်များက အကဲဖြတ်ပေးမည်ဖြစ်ပြီး ကိုရီးယားနိုင်ငံ Etude House မှ Beauty ပညာရှင်များကလည်း ပါဝင်အကဲဖြတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအား မြန်မာနိုင်ငံတစ်ဝန်းရှိ တတ်သစ်စ Beauty Vlogger များကို မြေတောင်မြှောက်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ရမည်ပုံစံမှာ One Brand Tutorial၊ Makeup Challenge၊ New Makeup Look စသည့်အဆင့်များနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ Winner ဆုရရှိသူအား ကိုရီးယားနိုင်ငံ Etude House Head Office တွင် Makeup Training တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး Etude House Myanmar မှ Etude House Vlogger Certificate လက်မှတ်ချီးမြှင့်သွားမည်ဟု သိရသည်။

**ကိုလင်း**

## လွင်မိုး၊ မြင့်မြတ်နှင့် အိချောပိုတို့ အပြိုင်သရုပ်ဆောင်ကြမည့် ဒယ်ဒီဖားကင်ရိုက်ကူး



ဟာသဇာတ်ကားတစ်ကားဖြစ်သည့် 'ဒယ်ဒီဖားကင်' ကို ရိုက်ကူးရန်အတွက် သရုပ်ဆောင်များသည် ကလောမြို့သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ နယူးဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် အောင်မျိုးသွင်၏ ဇာတ်လမ်းကို လွမ်းဝေအောင်က ဇာတ်ညွှန်းအဖြစ် ပုံဖော်ရေးဖွဲ့ထားသည်။ ဒါရိုက်တာ နေပိုင်က ယင်းဇာတ်ကားကို ဟာသရသအပြည့်ရရှိအောင် အစွမ်းကုန်ဖော်ညွှန်းသွားမည်ဟု ဆိုသည်။

ဒယ်ဒီဖားကင် ဇာတ်ကားကို နိုဝင်ဘာ ၁၅ ရက်တွင် ကလောမြို့၌ စတင်ရိုက်ကူးနေပြီး သရုပ်ဆောင်များအဖြစ် မြင့်မြတ်နှင့် အိချောပို၊ အကယ်ဒမီရဲအောင်၊ အကယ်ဒမီလွင်မိုး၊ အရိုင်း၊ ဇော်ဝင်းနိုင်၊ ဝှက်ပျောကြော်၊ ဦးပေါ်လေး၊ ဇော်ဇော်အောင်၊ အောင်ဇော်မင်း၊ ပွင့်၊ ကြူကြူသင်း၊ မျိုးမျိုးခိုင်၊ ကေညီ၊ စွမ်းထက်၊ မင်းရဲစည်သူ၊ သီရိမြတ်တို့က ပါဝင်အားဖြည့်သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာက ကိုလွင်မိုးမှာ သမီးတစ်ယောက်ရှိတယ်၊ သူက အိချောပို၊ သားအဖနှစ်ယောက်ရှိတယ်၊ ကိုလွင်မိုးက ဖားအလွန်ကြိုက်တယ်၊ သူကိုယ်တိုင် ဖမ်းပြီးတော့ ကင်တယ်၊ အရက်နဲ့ မြည်းတယ်ပေါ့၊ ပြီးတော့ ကြက်တိုက်တယ်၊ တခြားစီးပွားရေးတွေလည်းရှိတယ်၊ သူတို့က တောင်ယာ စိုက်ခင်းတွေပိုင်တယ်၊ ဒီဟာကို သူက တပည့်တွေနဲ့လွှဲထားတော့ အားနေတဲ့အတွက် ကြက်တိုက်တာ၊ အရက်သောက်တာနဲ့ သူက ရွာထဲမှာ ဘုဇွာဖြစ်နေတာပေါ့" ဟု ဒါရိုက်တာနေပိုင်က ပြောသည်။

ဒယ်ဒီဖားကင်သည် ဟာသရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပြီး ကြက်တိုက်ဝါသနာပါသူ ယောက္ခမလောင်းနှင့် သမက်လောင်းတို့ အပြန်အလှန် ပညာပေးနေကြသည်ကို ရိုက်ကူးထားပြီး မကောင်းမှုအတွက် တန်ပြန်မကောင်းသည့်အရာတို့ လက်ခံရရှိတတ်ပုံကို ပညာပေးရိုက်ကူးထားခြင်းလည်း ဖြစ်ကြောင်း သိရသည်။

တစ်ဖက်တွင်လည်း မြင့်မြတ်နှင့် ကေညီတို့က ညီအစ်ကိုတစ်ဝမ်းကွဲ တော်စပ်သူများဖြစ်ပြီး သူတို့သည် ရပ်ရွာအတွင်း ငပွေးနှင့်ငရှုပ် လူငယ်များဖြစ်ကြသည်။ ရွာထဲတွင် ဆိုးပေဖြစ်နေပြီး အိချောပိုနှင့် မြင့်မြတ်တို့မှာ ချစ်ကြိုက်မိသွားသည်။ ဖခင်ဖြစ်သူ လွင်မိုးက မျက်စိဆံပင်မွေးစူးပြီး သဘောမတူနိုင်ဖြစ်ရသည်။ ကေညီမှာမူ ရပ်ရွာအုပ်ချုပ်ရေးမှူးဖြစ်သည့် ကိုအရိုင်း၏ သမီးနှင့် ချစ်ကြိုက်နေကြသည်။ ကြက်တိုက်ဝါသနာပါသူ လွင်မိုးက ရွာအတွင်း ကြက်ဝိုင်းထောင်၊ ကြက်တိုက်ပြီဆိုသည်နှင့် အုပ်ချုပ်ရေးမှူးကို သွားတိုင်သူမှာ မြင့်မြတ်တို့ညီအစ်ကိုပင် ဖြစ်သည်။

ဆိုးပေ ညီအစ်ကိုနှင့် ချစ်ရသူတို့အကြား၊ ယောက္ခမလောင်းများအကြား မည်သို့ဆက်လက်စခန်းသွားမည်ကို ပရိသတ်ကြီး မကြာမီကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## "လူငယ်များရဲ့အသံ" ဂီတပွဲအတွင်း လူငယ်များ၏ ရင်ဘတ်တွင်းမှအသံများအား ကြားသိနိုင်မည်




လူ့အခွင့်အရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လူမှုရေးညီမျှမှုများရှိစေရန် ရည်ရွယ်ပြီး လူငယ်ထုအတွက် အသိပညာပေးခြင်းတစ်ရပ်အဖြစ် "လူငယ်များရဲ့အသံ" အမည်ဖြင့် ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်တာ ဂီတပွဲတော်ကို ရန်ကုန်မြို့ ကန်တော်ကြီး (မျှော်စင်ကျွန်း) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။

အဆိုပါ ဖျော်ဖြေပွဲ၏ ထူးခြားချက်များမှာ မြန်မာနိုင်ငံရှိ ဒိန်းမတ်သံရုံးနှင့် နော်ဝေသံရုံးတို့မှ ပူးပေါင်း ဖွဲ့စည်းပြီး အသံပရောဂျက်များကို ကူညီထောက်ပံ့ပေးခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ အရေးပါမှုအပေါ် လူထုနိုးကြားမှုရှိလာစေရန် ဂီတကို အသုံးပြုပြီး ဒီမိုကရေစီနည်းစစ်စစ်ကို နိုင်ငံရေးလှုပ်ရှားမှုတွင် ပိုမိုတွင်ကျယ်လာစေရန် စသည်ဖြင့် ထူးခြားမှုများနှင့် ပြည့်နှက်နေသော ပွဲတစ်ခုဖြစ်လာမည်ဟု သိရသည်။

"ကျွန်တော်တို့ ဒီပွဲကို ပြုလုပ်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ မြန်မာလူငယ်ထုကို သူတို့ရဲ့ လူ့အဖွဲ့အစည်းအပေါ် ကိုယ်ပိုင်အမြင်ကို ထုတ်ဖော်ပြောကြားရဲလာအောင် တွန်းအားပေးတဲ့ ပုံစံလည်းသက်ရောက်ပါတယ်၊ လူငယ်ချင်း ဆက်သွယ်ရေးမှာ ဖန်တီးမှုပါတဲ့ ယဉ်ကျေးမှုတစ်ခုအဖြစ်နဲ့ ဂီတကို အသုံးပြုပြီး ဒိုင်ယာလော့ဂ်တွေ၊ အမျိုးသားရေးအမြင်တွေမှာ လူငယ်ထုတွေ ပါဝင်လာစေချင်တာပါ။ လွတ်လပ်စွာ ပြောဆိုနိုင်ဖို့နဲ့ အခုလို ဒီမိုကရေစီခေတ်မှာ လွတ်လပ်စွာနဲ့ လူငယ်တွေရဲ့ခံစားချက်တွေကို သီချင်းအဖြစ်နဲ့ ဖန်တီးပြီး ဖွင့်ပြောစေဖို့ကို ရည်ရွယ်ပြီး လုပ်တဲ့ပွဲတစ်ခုပါ" ဟု ပွဲဖြစ်မြောက်ရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းပွဲတွင် ပါဝင်ဖျော်ဖြေကြမည့် လူငယ်ဂီတသမားများက J-Me၊ Side Effect၊ Lanbar၊ Nightmare၊ Kultureshock၊ Jimmy Jacobs & Mr -Luffie၊ #RB2၊ Fever 109၊ Lil'Z၊ T-Zin၊ Zwe Thet Paing၊The Myth၊ Ah Moon၊ Dj Ko2 နှင့် ဂျပန်နိုင်ငံ Metal Band ဖြစ်သည့် Defiled တို့ပါဝင်မည်ဖြစ်ပြီး ဝင်ကြေးအဖြစ် လက်မှတ်များကို နှစ်ရက်စာအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ရောင်းချသွားမည်ဟု သိရသည်။

**ကိုလင်း**

## ရဲလေးနှင့် ညီဂျိုကာ ပူးပေါင်းကာ ဂီတဖန်တီးမည်




လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုက အောင်မြင်ကျော်ကြားခဲ့သူ၊ လူငယ်ပရိသတ်အကြား ရေပန်းစားခဲ့ပြီး အနုပညာလောကတွင်းသို့ တစ်ကျော့ပြန် ဝင်ရောက်လာခဲ့သူ အဆိုတော် ရဲလေးက ပရိသတ်နှင့် ပထမဆုံးအကြိမ် ပြန်လည်ထိတွေ့ခြင်းအဖြစ် ဂီတဖျော်ဖြေပွဲတစ်ခုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပရိသတ်နှင့် တွေ့ဆုံလိုသည့်ဆန္ဒကြောင့် လာမည့်ဒီဇင်ဘာ ၂ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ "MY World My Fans My Show" အမည်ဖြင့် တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ကျင်းပမည် ဖြစ်သည်။

"ကျွန်တော် ဂီတအလုပ်နဲ့ ဝေးကွာခဲ့တာတော်တော်ကြာပါပြီ။ ဘဝအတွက် ကျွန်တော် ရွေးချယ်ခဲ့တဲ့ လမ်းကြောင်း တစ်ခုဖြစ်နေတာကြောင့် ဒီနေ့အချိန်အထိ မစွန့်လွှတ်နိုင်သေးတာမို့ ဒီအလုပ်ကိုပဲ ပြန်ပြီးလုပ်ခဲ့ရတာပါ၊ ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ဂီတကို ချစ်ကြတဲ့ ကျွန်တော့်ရဲ့ပရိသတ်တွေအတွက် ပြုလုပ်တဲ့ပွဲဆိုလည်း မမှားပါဘူး၊ ဒီပွဲလေးက ကျွန်တော် နောက်ဆုံးပြုလုပ်ခဲ့တဲ့ မွေးနေ့ရှိုးပွဲနဲ့ နှိုင်းယှဉ်ကြည့်ရင် ငါးနှစ်တာလောက်ကြာမြင့်ခဲ့တာပါ၊ သုဝဏ္ဏ မိုးလုံလေလုံ အားကစားကွင်းကြီးမှာ လုပ်ခဲ့တာပါ၊ အခုကတော့ ကျွန်တော် ပိုပြီးရင့်ကျက်ပါပြီ၊ အလုပ်တွေလည်းပိုပြီးတော့ လုပ်တဲ့အချိန်မှာ ဖြစ်လာတဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲဆိုလည်း မမှားပါဘူး၊ ဒီပွဲကြီးစဖြစ်လာတာကတော့ YNJK ဆိုတဲ့ ညီအစ်ကို နှစ်ယောက်ကနေပြီးတော့ ဂီတတွေ၊ ဟာသလေးတွေ လုပ်လာရင်းကနေ အခုဆို ကြီးမားတဲ့Family တစ်ခုအဖြစ်ရှိလာတာပါပဲ၊ ကျွန်တော့်ရဲ့ Fans တွေအတွက်ပွဲဦးထွက်လုပ်တဲ့ ပွဲဆိုလည်းမမှားပါဘူး၊ ဒီပွဲမှာ ကျွန်တော်တစ်ယောက်တည်းအနေနဲ့ သီချင်းအပုဒ် ၃၀ သီဆိုမှာပါ" ဟု ရဲလေးက ပြောသည်။

"အစ်ကိုနဲ့ ကျွန်တော်အတူတူ အနုပညာအလုပ်တွေကို အခုနောက်ပိုင်း လုပ်ခဲ့တယ်၊ ပရိသတ်တွေအတွက် ပျော်စရာလေးတွေကိုလည်း ဖန်တီးခဲ့တယ်။ အခုလည်းပရိသတ်တွေအတွက် ကျွန်တော်တို့ ညီအစ်ကိုနဲ့အတူ အနုပညာရှင်တွေလည်း ပါဝင်အားဖြည့်ပံ့ပိုးပေးကြမယ်၊ ဒီပွဲမှာမြူးစစ်ပိုင်းကို ပြန် လုပ်ထားတာကတော့ ပုံစံတစ်မျိုးနဲ့ပြန်လုပ်ထားကြပါတယ်၊ YNJK ဆိုတဲ့ Fans Page လေးကို လုပ်လာရာကနေ အခုဆို YNJK ဆိုတဲ့ အမ်တာတိန်းမန့်ဆိုပြီး တည်ထောင်နိုင်ခဲ့တဲ့ အနေအထားတစ်ခု ဖြစ်လာခဲ့ပါပြီ။ အခုပွဲကလည်း ကျွန်တော်တို့ညီအစ်ကိုနဲ့အတူ ဂီတအနုပညာရှင်တွေရဲ့ ပရိသတ်နဲ့ အတူတွေ့ဆုံပွဲ လေးတစ်ခုပါ၊ ပြင်ဆင်မှုတွေ အကောင်းဆုံးနဲ့ လုပ်မယ့်ပွဲလေးတစ်ခုပါ၊ ရသမျိုးစုံလုပ်ထားပါတယ်" ဟု ဂျိုကာကလည်း ပြောကြားသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### တေလာဆွစ်ဖ်ရဲ့သီချင်းခွေသစ် စံချိန်တင်ရောင်းရသော်လည်း အဒဲလ်ရဲ့ စံချိန်ကိုမကျော်နိုင်သေး

အမေရိကန်ပေါ့အဆိုတော် တေလာဆွစ်ဖ်ရဲ့ စီးရီးသစ်ဖြစ်တဲ့ Reputation ဟာ အမေရိကန်မှာ လေးရက်အတွင်း အချပ်ရေတစ်သန်းကျော် ရောင်းချရတယ်လို့ နီဆန်မြူးဇစ်ကပြောပါတယ်။ ဒီစီးရီးဟာ တေလာဆွစ်ဖ်အတွက် ခြောက်ခုမြောက် သီချင်း အယ်လ်ဘမ်ပဲဖြစ်ပါတယ်။ ဒီစီးရီးနဲ့ တေလာဆွစ်ဖ်ဟာ ၂၀၁၇ ခုနှစ်အတွက် အရောင်းရဆုံးသော အဆိုရှင်အဖြစ် ဦးဆောင်လာစေခဲ့ပါတယ်။

တေလာဆွစ်ဖ်ရဲ့ သီချင်းအယ်လ်ဘမ်တွေမှာ သန်းနဲ့ချီပြီးရောင်ရအောင် အောင်မြင်ခဲ့တဲ့ အယ်လ်ဘမ်ကတော့ သုံးခုရှိပါတယ်။ အဲဒါတွေကတော့ "1989"၊ "Red" ၊"Speak Now" တို့ပဲ ဖြစ်ပါတယ်။ အခုအသစ်တိုးလာတာကတော့ "Reputatioin" ပဲဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်ကတည်းက သီချင်းစီးရီးအသစ် ထွက်ရင်တစ်ပတ်အတွင်းမှာ သန်းနဲ့ချီရောင်းရတာဆိုလို့ တေလာဆွစ်ဖ်နဲ့ အဒဲလ် နှစ်ယောက်သာရှိပါတယ်။

တေလာဆွစ်ဖ်ရဲ့ Reputation ဟာ နောက်ထပ်နာမည်ကျော် အဆိုတော်တစ်ဦးဖြစ်တဲ့ Sheeran ရဲ့ သီချင်းခွေထက် ပိုပြီးရောင်းရပါတယ်။ ၂၀၁၇ခုနှစ်အတွက်တော့ တေလာဆွစ်ဖ်ဟာ အရောင်းရဆုံး အဆိုရှင်ဖြစ်သွားတာကတော့ အမှန်ပါပဲ။ ဒါပေမယ့်လည်း ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့တဲ့ အဆိုတော် အဒဲလ်ရဲ့ "25" ဆိုတဲ့ အယ်လ်ဘမ်ရောင်းချရတဲ့ အရေအတွက်ကိုတော့ မကျော်နိုင်သေးပါဘူး။ အဒဲလ်ရဲ့ အယ်လ်ဘမ်ဟာ စတင်ရောင်းချတဲ့ တစ်ပတ်အတွင်းမှာပဲ အချပ်ရေ ၂ ဒသမ ၄၃ သန်းရောင်းချရတာပဲ ဖြစ်ပါတယ်။

အခုထွက်ရှိတဲ့ Reputation ဟာ တေလာဆွစ်ဖ်ရဲ့ သုံးနှစ်အတွင်း ပထမဦးဆုံး စတူဒီယိုအယ်လ်ဘမ်ဖြစ်ပါတယ်။ အခုသီတင်းပတ်အပြီး နောက်သီတင်းပတ်မှာလည်း ဒီလိုရောင်းအားနဲ့ပဲ ဆက်လက်ရောင်းချရနိုင်တယ်လို့ ခန့်မှန်းရပါတယ်။ အဲဒါဆိုရင်တော့ တေလာဆွစ်ဖ်ရဲ့ Reputation ဟာ Billboarad မှာ ရှေ့ဆုံးကနေ ဦးဆောင်နိုင်လိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ **ရိုက်တာ**



### ရက်ပ်အဆိုတော် အီမီနမ် အပန်းဖြေစံအိမ်ကြီးကို ရောင်းချ

ရက်ပ်အဆိုတော် အီမီနမ်တစ်ယောက် မီချီဂန်ကသူပိုင်ဆိုင်တဲ့ အပန်းဖြေစံအိမ်ကြီးကို ဒေါ်လာ၁ ဒသမ ၉သန်းနဲ့ရောင်းချမယ်လို့ ကြေညာခဲ့ပါတယ်။ အရှုံးခံပြီးရောင်းချခဲ့တာပဲ ဖြစ်ပါတယ်။ သူဒီအိမ်ကြီးကို စတင်ဝယ်ယူတုန်းက သူအခုပြန်လည်ရောင်းချတဲ့ဈေးထက်နှစ်ဆပိုပေးပြီး ဝယ်ယူခဲ့ရတာပဲဖြစ်တယ်။ အီမီနမ် ဒီအပန်းဖြေစံအိမ်ကိုစဝယ်တုန်းက ဒေါ်လာ၄ ဒသမ၇၅သန်း ကုန်ကျခဲ့တာပဲ ဖြစ်တယ်။ ဒီတော့ အိမ်ရောင်းလိုက်တဲ့အတွက် အီမီနမ်တစ်ယောက်ငွေကြေးဆုံးရှုံးမှုတွေများတော့ မှာပါပဲ။ စတုရန်းပေ ၁၇၀၀၀ ကျယ်ဝန်းတဲ့ အဲဒီအိမ်ဟာ ခြောက်ဧက ကျယ်ဝန်းတဲ့ ခြံထဲမှာရှိပြီး မီချီဂန် ဒေသက ရိုချက်စတာတောင်ကုန်းပေါ်မှာ တည်ရှိပါတယ်။ ရေကူးကန်တွေ ၊ spa တွေနဲ့ ဇိမ်ခံပစ္စည်းတွေ အပြည့်ပါပဲ။ ညှော်ဂေဟာ၊ တင်းနစ်ကွင်း၊ ရေကန်ငယ်တစ်ခုပါဝင်ပါတယ်။

အိမ်အတွင်းမှာတော့ အိပ်ခန်းခြောက်ခုနဲ့ရေချိုးခန်းကိုးခန်းရှိပါတယ်။ ဇိမ်ခံအိမ်ပီပီ တကယ့်ကို ဇိမ်ခံပစ္စည်းတွေ အပြည့်ပါပဲ။ ခြောက်ဧက ကျယ်ဝန်းတဲ့ ဒီခြံဝင်းထဲမှာကိုပဲ သီးသန့်ညှော့ဂေဟာ အဆောက်အအုံတစ်ခု ရှိပါသေးတယ်။ အဲဒီအိမ်မှာ ဂိမ်းကစားတဲ့အခန်းသီးသန့်ရှိပြီး အီမီနမ်နဲ့ သူ့ရဲ့သူငယ်ချင်းတွေ ကောင်းကောင်း အပန်းဖြေ အချိန်ဖြုန်းလို့ရပါတယ်။ ဒီလောက်ကောင်းတဲ့ဇိမ်ခံအိမ်ကြီးကို အီမီနမ်ဟာ ရှုံးမှာမကြောက်ဘဲ ဝယ်ယူမယ့်သူကို လိုက်လံရှာဖွေနေပါတယ်။

အသက် ၄၄ နှစ် အရွယ် အီမီနမ်ဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးခြောက်ယောက်မြောက် ရက်ပ်အဆိုတော်ပဲဖြစ်တယ်။ ဒီအပန်းဖြေစံအိမ်ကို ၂၀၀၃ ခုနှစ်က စတင်ဝယ်ယူခဲ့တာဖြစ်လို့ ဒီအိမ်ကို ပိုင်ဆိုင်ထားခဲ့တာ ၁၄နှစ်ရှိပြီ ဖြစ်ပါတယ်။ **ဟယ်လို**



ခြူး

## နှစ်သက်ရာပုံစံကို မှာယူနိုင်သည့် ကျောက်ကာယွန်းထည်များ ပြည်ပဈေးကွက်များအထိ တင်ပို့ရောင်းချနေရ

**မုံရွာ နိုဝင်ဘာ ၁၇**

မုံရွာမြို့နယ်အတွင်း ကျောက်ကာရွာ ယွန်းထည်များကို ဝယ်ယူသူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ ပုံစံများအတိုင်း မှာယူနိုင်ကြ၍ ပြည်ပဈေးကွက်အထိ တင်ပို့နေရကာ ယွန်းထည်ပစ္စည်းအများစုကို ပြင်သစ်၊ စပိန်နှင့် ထိုင်းနိုင်ငံတို့သို့ အဓိက တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ယွန်းလုပ်ငန်းကို မိရိုးဖလာ ဘိုးစဉ်ဘောင်ဆက်ကတည်းက လုပ်ကိုင်လာတာပါ၊ လက်ရှိမှာတော့ ညှော့သည်မှာတဲ့ ပစ္စည်းတွေကို အဓိကထား လုပ်ပေးနေပါတယ်၊ ပြည်ပနိုင်ငံကနေ အမှာများတာက ပြင်သစ်၊ စပိန်နဲ့ထိုင်းနိုင်ငံတို့က အမှာရှိပါတယ်၊ ယွန်းပညာက အနုစိတ်ရင်စိတ်သလောက် ယွန်းထည်မှာ သွားကွာပါတယ်"ဟု ကျောက်ကာရွာမှ ယွန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် မုံရွာမြို့နယ်မှ ကျောက်ကာရွာအပါအဝင် အင်းဝနှင့် ပုဂံတို့တွင်လည်း ယွန်းထည်များကို ပြုလုပ်ကာ ဈေးကွက်သို့ ပို့ဆောင်ရောင်းချလျက်ရှိရာ ကျောက်ကာယွန်းထည်က အရည်အသွေး လက်ရာပိုမိုသာလွန်ကောင်းမွန်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ကျောက်ကာရွာမှ ယွန်းထည်ပြုလုပ်သူများအနေဖြင့် ယွန်းထည်များပေါ်တွင် ဗုဒ္ဓဝင်ခန်း၊ ဖွားတော်မူရာနေရာ စသည့် သရုပ်ဖော်ချက်များ ပြုလုပ်ကြသလို ဖရုံသီးပုံ၊ ဒူးရင်းသီးပုံ၊ ဖုန်းကာဗာ၊ ဆွမ်းအုပ်၊ လက်ဖက်အုပ်၊ လက်ဖက်ရည်ပန်းကန်လုံး၊ ဆွမ်းချိုင့်၊ ဟင်းထည့်ပန်းကန်လုံးနှင့် ယွန်းထည်ဇွန်း စသည့် အသုံးအဆောင်ပစ္စည်းများလည်း လုပ်ကိုင်ရောင်းချနေကြပြီး ယွန်းထည်ပစ္စည်းများ၏ ဈေးမှာ အနည်းဆုံး ကျပ် ၂၅၀၀ မှစ၍ ကျပ်တစ်သိန်းခွဲခန့်အထိရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး

**တပ်ကုန်း နိုဝင်ဘာ ၁၇**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၏ လုပ်အားအကူအညီဖြင့် နိုဝင်ဘာ ၁၅ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။



နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဖွင့်ပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းနိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးပေးခြင်းကို စုရပ်နယ်မြေများခွဲခြား၍ နယ်မြေအလိုက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တပ်ကုန်းမြို့နယ်တွင် ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း ၄၂ ဖွဲ့ဖြင့် ကျောင်းအခြေပြု၍ ကလေးပေါင်း ၃၉၁၈၇ ဦးနှင့် ပြည်သူလူထုအခြေပြု၍ ကလေးပေါင်း ၁၅၀၅၁ ဦး၊ ခက်ခဲဒေသတွင် ၂၀၉၆ ဦး စုစုပေါင်း အသက် ကိုးလမှ ၁၅ နှစ်အတွင်း ကလေးပေါင်း ၅၆၃၃၄ ဦးကို ထိုးပေးရန်လျာထားကြောင်း သိရသည်။ **တင်စိုးလွင်**

## နည်းပညာတက္ကသိုလ်၌ ဂျပန်-မြန်မာ စက်မှုနည်းပညာ ပံ့ပိုးကူညီမှုသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဂျပန်နိုင်ငံအစိုးရ စီးပွားရေး၊ စက်မှု၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးကော်မတီအောက်ရှိ ပင်လယ်ရပ်ခြား ကျွမ်းကျင်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်နှင့် စက်မှုလုပ်ငန်းတိုးတက်ရေးအဖွဲ့နှင့် နည်းပညာတက္ကသိုလ်(သန်လျင်)တို့ ပူးပေါင်းစီစဉ်မှုဖြင့် နည်းပညာပံ့ပိုးကူညီမှု သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi နှင့် METI (Japan)မှ Deputy Director-General Mr. Haruhiko Ando တို့က ပံ့ပိုးကူညီမှုသင်တန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး AOTS မှ Senior Managing Director Mr. Joji Tateishi က ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုသင်တန်းအပြင် သီလဝါအထူးစီးပွားရေးဇုန်၌ ဆောင်ရွက်လျက်ရှိသည့် ဂျပန်နိုင်ငံ၏ စက်ရုံများသို့ လေ့လာနိုင်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ဂျပန်-မြန်မာ ပံ့ပိုးကူညီမှုသင်တန်းတွင် နည်းပညာတက္ကသိုလ် (သန်လျင်)ရှိ EP,EC,MC,MECH မေဂျာများမှ ကျောင်းသားကျောင်းသူ ၅၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

## ဆိပ်ကမ်းမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့ ဆိပ်ကမ်းသာမြို့နယ် မိသားစုရပ်ကွက် ဓမ္မာရုံ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က ဦးဆောင်ကာ ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်သူများကြား သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ မူးယစ်ဆေးဝါး အသိပညာပေးနဲ့ မူခင်းကျဆင်းရေး လုပ်ငန်းတွေကို ရပ်ကွက်ကျေးရွာ ပြည်သူတွေကြား အသိပညာပေးဟောပြောပွဲတွေ လုပ်နေတာဟာ တကယ်တော့ ပြည်သူတွေအတွက်ပါ၊ အခုဆို ရပ်ကွက်ပြည်သူကြားအပြင် အခြေခံပညာကျောင်းတွေမှာလည်း လက်ကမ်းစာစောင်ဝေငှတာတွေ၊ အခုလို ဟောပြောတာတွေကို အခွင့်အခါအလျောက် လုပ်ဆောင်နေပါတယ်၊ တချို့မြို့နယ်၊ တချို့ရပ်ကွက်တွေမှာဆို စီမံချက်ချပြီးတော့ကို ပြည်သူတွေကြား သက်ငယ်မုဒိမ်းကျဆင်းရေးနဲ့ မူးယစ်ဆေးဝါး အသိပညာပေးလုပ်ငန်းတွေကို အရှိန်မြှင့်လုပ်ဆောင်နေပါတယ်၊ အခုလိုလုပ်ဆောင်ပေးမှုကို ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်ခုတည်းကမဟုတ်ဘဲ ပြည်သူတွေကလည်း သက်ငယ်မုဒိမ်း၊ မူးယစ်ဆေးတို့နဲ့ပတ်သက်ပြီး ဆိုးကျိုးအပြစ်တွေကို သိရှိပြီး ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်"ဟု ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးက ပြောကြားသည်။

ဆိပ်ကမ်းသာမြို့နယ် မိသားစုရပ်ကွက်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးစီးကျင်းပသော အဆိုပါ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲတွင် ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးနှင့် တပ်ဖွဲ့ဝင်ငါးဦးတို့က အသိပညာပေးဟောပြောခဲ့ကြသည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**



# ကျောင်းသား ကျောင်းသူများ လူကုန်ကူးခြင်းမခံရစေရန် ပညာပေးဟောပြော



**မြစ်ကြီးနား နိုဝင်ဘာ ၁၇**
လူကုန်ကူးခြင်းခံရသူများထဲတွင် ကျောင်းသား ကျောင်းသူလူငယ်များပါ ပါဝင်နေသောကြောင့် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးခြင်းမခံရစေရန် အသိပညာပေး ဟောပြောပွဲများကို စာသင်ကျောင်းများတွင် လိုက်လံပြုလုပ်ပေးလျက်ရှိကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၁၂) မြစ်ကြီးနားမှ သိရသည်။

မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ အလကကျောင်းခန်းမ၌ အဆိုပါကျောင်းမှ ကျောင်းသူ ကျောင်းသားများအား လူကုန်ကူးမှုမခံရစေရန် ကြိုတင်ကာကွယ်မှုအဖြစ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှ ရဲအုပ်လှိုင်စိုးဦးစီး၍ မြစ်ကြီးနားခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်းကာ နိုဝင်ဘာ ၁၄ ရက်က ပညာပေးဟောပြောခဲ့သည်။

"လူကုန်ကူးမှုဖြစ်ပွားခဲ့တဲ့ လူတွေထဲမှာ သာမန်အရပ်သားတွေအပြင် ကျောင်းသား ကျောင်းသူတွေလည်း ပါခဲ့ဖူးလို့ ကျောင်းတွေမှာလည်း လိုက်ပြီး ဟောပြောပွဲတွေ ပြုလုပ်ပေးနေတာပါ" ဟု ရဲအုပ်လှိုင်စိုးက ပြောသည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ချစ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးသူ လူပွဲစားများ၏ စည်းရုံးပုံနည်းလမ်းများ၊ ဖြစ်ပွားခဲ့သော လူကုန်ကူးမှု မှုခင်းဖြစ်စဉ်များ၊ ရွှေ့ပြောင်းသွားလာခြင်းမှ လူကုန်ကူးမှုဖြစ်ပေါ်လာပုံနှင့် လူကုန်ကူးမှုအကြောင်း ဥပဒေဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြသည်။

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၁၂)အနေဖြင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျောင်းများတွင် သာမက စစ်ရှောင်စခန်းများနှင့် ရပ်ကွက်များတွင်လည်း လစဉ်လိုက်လံပြုလုပ်ပေးကာ ဒေသခံပြည်သူများအား အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းဦး**

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း တိုင်းဒေသကြီးအဆင့် ဖွင့်ပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၁၇**
"ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံပေး" ဆောင်ပုဒ်နှင့်အညီ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၇ တနင်္သာရီတိုင်းဒေသကြီးအဆင့်ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက်က ထားဝယ်မြို့မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကား ပြောကြားသည်။



ဝန်ကြီးချုပ်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ အသက် ငါးနှစ်အောက်ကလေးများကို ကာကွယ်ဆေး ၁၀ မျိုးထိုးပြီး ကူးစက်ရောဂါများကြောင့် ဖြစ်ပွားသေဆုံးမှုမရှိအောင် ဆောင်ရွက်နေပါကြောင်း ဂျပန်ဦးနှောက်ရောင်ရောဂါသည် မြန်မာနိုင်ငံတွင် ကပ်ရောဂါအသွင် ဖြစ်ပွားတတ်သော ခြင်မှတစ်ဆင့် ကူးစက်သောရောဂါတစ်မျိုးဖြစ်ပြီး ရောဂါဖြစ်ပွားသည့် အဓိကအသက်အရွယ်အုပ်စုမှာ တစ်နှစ်မှ ၁၄ နှစ်အကြားဖြစ်တယ်လို့ သိရှိရကြောင်း၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီးအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ နီးနွယ်ဆက်စပ်သော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ကျောင်းအခြေပြုကာကွယ်ဆေးအစီအစဉ်တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အတွင်း ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၀၂၉၃၈ ဦးနှင့် ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်တွင် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း ကလေးငယ်စုစုပေါင်း ၁၄၆၄၇၁ ဦးကို ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ သွားလာရန်ခက်ခဲသော ဝေးလံခေါင်းပါးဒေသများ၊ နယ်စပ်ဒေသရှိ ကျေးရွာများတွင် အထက်ဖော်ပြပါ အစီအစဉ်နှစ်ရပ်ဖြင့် တစ်ပြိုင်နက်တည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

## မော်လမြိုင်ကျွန်းမြို့နယ် မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများကို မြဝတီရုပ်သံ ကွင်းဆင်းရိုက်ကူး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၇**
ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် မြဝတီရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့က ကွင်းဆင်းရိုက်ကူးခြင်းနှင့် မေးမြန်းခန်းများအတွက် နိုဝင်ဘာ ၁၅ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ဂုံညှင်းတန်းကျေးရွာသို့ လာရောက်ခဲ့သည်။

မြဝတီရုပ်သံရိုက်ကူးရေးအဖွဲ့ဝင်များက မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ကျေးရွာများမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းပြီး ဂုံညှင်းတန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများအကြောင်းကို ရုပ်သံအစီအစဉ်များ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဂုံညှင်းတန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားလုပ်ငန်းများကို အသင်းသား ၁၈၉ ဦးက အောင်မြင်စွာ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **မြင့်အောင် (မော်ကျွန်း)**

# ဝန်းသိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၄၁ခု ဖော်ဆောင်ရန် ရန်ပုံငွေပေးအပ်ပွဲကျင်းပ

**ဝန်းသို နိုဝင်ဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ငွေကျပ်သိန်း ၁၀၀၀ အား မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း ၄၁ ခု အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒေါင်းမြူးခန်းမ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဝန်းသိုမြို့နယ် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန် လမ်း ၂၂ ခု၊ တံတား ၁၂ စင်း၊ ကျေးရွာရေ ရရှိရေးလုပ်ငန်း ငါးခု၊ အခြားလုပ်ငန်းနှစ်ခု စုစုပေါင်း လုပ်ငန်း ၄၁ ခုတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ပုံငွေကျပ် သိန်း ၁၀၀၀မှ ခွဲဝေရန်ပုံငွေများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများထံ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များက လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ထို့နောက် လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အထွေထွေလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။




အခမ်းအနားသို့ အမှတ် (၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦး၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးများနှင့် ပန်ဝါမြို့ဒေသခံပြည်သူများ တွေ့ဆုံ

**ပန်ဝါ နိုဝင်ဘာ ၁၇**
မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ပန်ဝါမြို့မှ ဒေသခံပြည်သူများနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တွေ့ဆုံပွဲကို ပန်ဝါမြို့ ဒေသတည်ငြိမ်ဖွံ့ဖြိုးမှု အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်နှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့် (ခ)ဦးဒိတ်တို့က အမှာစကားပြောကြား သည်။ ထို့နောက် ဒေသခံပြည်သူများက ပန်ဝါဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများအလိုက် အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုံယိန်းဆောင်က ပန်ဝါဒေသအခြေအနေများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများကို ဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ချီဖွေမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပန်ဝါမြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၈၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# အနုပညာရှင်များ ပါဝင်သော ချစ်ကြည်ရေးဘောလုံးပွဲကျင်းပ

**ဇီးကုန်း နိုဝင်ဘာ ၁၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် (၃၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် တေးဂီတဖျော်ဖြေပွဲနှင့် အနုပညာရှင်များပါဝင်သော ချစ်ကြည်ရေးဘောလုံးပွဲကို မြို့နယ်ဘောလုံးအားကစားကွင်း၌ နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

တေးဂီတဖျော်ဖြေပွဲတွင် အနုပညာရှင်များဖြစ်သော အစ္စဏီ၊ ကြည်လဲ့လဲ့ဦး၊ စုမြတ်နိုးဦး၊ သစ္စာမြင့်မိုရ်၊ ချမ်းမေမြတ်နိုးတို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး ချစ်ကြည်ရေးဘောလုံးပွဲကို ဆက်လက်ကျင်းပရာ Kyaw Zaw Hein FC ဘောလုံးအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင် သူထူးစံ၊ မိုးယံဇွန်၊ နေမင်းတို့ ပါဝင်သော Actor Star FC ဘောလုံးသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲတွင် Actor Star FC အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပွဲတော်ကျင်းပရေးကော်မတီက ဘောလုံးသမားများအား ဆုများချီးမြှင့်ပေးခဲ့သည်။ အဆိုပါ တေးဂီတဖျော်ဖြေပွဲနှင့် ချစ်ကြည်ရေးဘောလုံးပွဲကို Kyaw Zaw Hein ဆန်စပါး၊ ပဲရောင်းဝယ်ရေးအသင်းစုက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူ ၁၅၀၀ ကျော် လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။
(ဝ၆၂)



## သတင်းတိုများ

### ခရိုင်ကွန်မြူနတီစင်တာ၌ ဝါသနာတူကလပ်အသင်းများဖွဲ့စည်း

မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် ခရိုင် Community Centre ခန်းမ၌ ဝါသနာတူကလပ်အသင်းများ ဖွဲ့စည်းသည့် အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပခဲ့ရာ ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမေစုအောင်က ကလပ်အသင်းများဖွဲ့စည်းသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝါသနာတူကလပ်အသင်းများ ဖွဲ့စည်းခဲ့ရာ စာအုပ်စာပေ ချစ်မြတ်နိုးသူများက Book Club၊ လူငယ်များစုစည်း၍ လူမှုရေးလုပ်ငန်းများနှင့် ရပ်ရေးရွာရေး ဆောင်ရွက်ရန် လူငယ်အသင်း(Youth Club)၊ ဒေသတွင်း အမျိုးသမီးများနှင့် ကလေးငယ်များ ဆိုင်ရာ ကဏ္ဍများတွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန် အမျိုးသမီးများအသင်း (Women Club)တို့ကို ဖွဲ့စည်းခဲ့ကြကာ ကလပ်တစ်ခုချင်းစီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

### အခြေခံပညာကျောင်းများဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့၌ အခြေခံပညာမူလတန်းကျောင်း(ရတနာပုံ)၊ အခြေခံပညာမူလတန်းလွန်ကျောင်း(သန်းတန်း)နှင့် အခြေခံပညာမူလတန်းကျောင်း(ရွှေစမ်းချောင်း) ကျောင်းများ ဆောက်လုပ်နေမှုနှင့်ပတ်သက်၍ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း ဦးဆောင်သော မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ အဖွဲ့ဝင်များသည် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းနှင့်အတူ နိုဝင်ဘာ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## လုပ်ငန်းခွင် စဝင်မည့်သူများအတွက် အခမဲ့အွန်လိုင်းသင်တန်း ဗြိတိသျှကောင်စီက ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

အလုပ်ခွင်များသို့ စတင်ဝင်ရောက်လုပ်ကိုင်မည့်သူများ လုပ်ငန်းခွင်တွင် ထူးချွန်အောင်မြင်စေရန် ရည်ရွယ်၍ ဗြိတိသျှကောင်စီနှင့် University of Sheffield တို့က ပူးပေါင်းစီစဉ်သည့် How to Succeed in the Global Workplace အခမဲ့ အွန်လိုင်းသင်တန်းကို နိုဝင်ဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အလုပ်စတင်လုပ်ကိုင်သည့် ရက်သတ္တပတ်များတွင် မိမိ၏ လုပ်ငန်းခွင်ဘဝကို အပြုသဘောဆောင်သည့်ခြေလှမ်းများဖြင့် လျှောက်လှမ်းနိုင်ရန်အတွက် လုပ်ဆောင်ဖွယ်ရာများကို ဆောင်းပါးများ၊ ဗီဒီယိုများ၊ interactive material များ၊ ဆွေးနွေးဖလှယ်မှုများ၊ လေ့ကျင့်ခန်းများနှင့် ဉာဏ်စမ်းများစသည့် လက်တွေ့အသုံးချနိုင်မည့် လမ်းညွှန်ချက်များဖြင့် သင်ကြားပေးမည်ဖြစ်၍ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချရန် များစွာသင့်တော်သည့် အကြံဉာဏ်များရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့အွန်လိုင်းသင်တန်းသို့ အင်္ဂလိပ်ဘာသာတွင် Intermediate အဆင့်ရှိပြီး အင်တာနက်လိုင်းရရှိသည့်နေရာမှ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း၊ သင်ခန်းစာများကို အင်တာနက်ရှိသည့် ကွန်ပျူတာဖြင့်ဖြစ်စေ၊ မိုဘိုင်းဖုန်းများဖြင့်ဖြစ်စေ လွယ်ကူစွာ လေ့လာနိုင်ရန် စီစဉ်ပေးထားကြောင်း၊ သင်တန်းတက်ရောက်ရန်အတွက် ဝက်ဘ်ဆိုက်လိပ်စာ https://goo.gl/J9ur8S တွင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကိုလည်း အဆိုပါလိပ်စာတွင်ပင် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## သတ္တမအကြိမ်မြောက် Developer Conference ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ၏ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် Software Developer များ အရည်အသွေးမြင့်မားလာစေရန် ရည်ရွယ်၍ Developer Conference နည်းပညာနှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MPCA)က ကြီးမှူး၍ ၂၀၁၁ ခုနှစ်မှ စတင်ကာ နှစ်စဉ် ကျင်းပခဲ့ရာ ယခုနှစ်တွင် သတ္တမအကြိမ်မြောက် Developer Conference 2017-Yangon ကို နိုဝင်ဘာ ၁၈ ရက် (ယနေ့) နှင့် ၁၉ ရက်တွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းအတွင်း MICT Park ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Developer Conference(DevCon)သည် ရန်ကုန်မြို့နှင့် မြန်မာပြည်တစ်ဝန်းရှိ ကွန်ပျူတာ၊ ဆော့ဖ်ဝဲ၊ နက်ဝပ်နှင့် IT နည်းပညာလုပ်ငန်းများမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သင်တန်းကျောင်းများမှ ဆရာများ၊ တက္ကသိုလ်များမှ ပါမောက္ခ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရပ်ခြားရောက် မြန်မာပညာရှင်များ၊ နိုင်ငံခြားတက္ကသိုလ်နှင့် လုပ်ငန်းများမှ ပညာရှင်များနှစ်စဉ်စုဝေး တက်ရောက်ကာ အသိပညာ၊ အတတ်ပညာများနှင့် နောက်ဆုံးပေါ် နည်းစနစ်များ၊ နည်းပညာများကို တင်ပြဆွေးနွေးဖလှယ်ကြသည့် တစ်ခုတည်းသော နည်းပညာဆိုင်ရာ စုဝေးဆွေးနွေးပွဲကြီး ဖြစ်သည်။

ယခုနှစ် Developer Conference တွင်လည်း လက်ရှိနည်းပညာများထဲမှ (Cloud, Virtualization, Docker, XaaS, Apps, Bots)စသည့် နည်းပညာများ၊ နောင်တွင်ခေတ်စားလာမည့် နည်းပညာများဖြစ်သော Data Science, Blockchain, Quantum Computing, IoT, AI, AR, VR စသည့် နည်းပညာများ စသည်တို့အပြင် Experience/Case Studies, Security, Software development and languages, Business side of software, UI/UX နှင့် အခြား ဆော့ဖ်ဝဲနည်းပညာဆိုင်ရာ ခေါင်းစဉ်များကို လုပ်ငန်းနယ်ပယ်များ၌ လက်တွေ့လုပ်ကိုင်နေကြသော ပညာရှင်များက ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

Developer Conference တွင် ပြောင်းလဲလာသော ဈေးကွက်ပုံစံများ၊ တိုးတက်လာသော နည်းပညာများကိုသာမက ပညာရှင်များက ၎င်းတို့ စမ်းသပ်ထားသော နည်းသစ်များ၊ သိရှိထားသော ဗဟုသုတများ၊ ဆောင်ရန် ရှောင်ရန်များကို ဟောပြောဆွေးနွေးဖလှယ်ကြမည်ဖြစ်ရာ နည်းပညာနှင့် မျက်ခြည်မပြတ်လိုသူများ တက်ရောက်လေ့လာသင့်ကြောင်း၊ တက်ရောက်ခွင့်လက်မှတ်မှာ တစ်စောင်လျှင် ကျပ် ၁၀၀၀၀ ဖြစ်ကြောင်း၊ လက်မှတ်များကို ယခင်ရက်များက ကျပ် ၅၀၀၀ နှုန်းဖြင့် ကြိုတင်ရောင်းချသော်လည်း ပွဲနေ့ရောက်မှ ဝယ်ယူခြင်းအတွက် ကျပ် ၁၀၀၀၀ ဖြစ်ကြောင်း၊ Developer Conference နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁- ၆၅၂၂၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

Developer Conference ဖြစ်မြောက်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ နည်းပညာ ကုမ္ပဏီများစွာကလည်း တက်ကြွစွာ ပံ့ပိုးကူညီထားကြပြီး မီဒီယာပါတနာများအဖြစ် Internet ဂျာနယ်နှင့် Netguide ဂျာနယ်တို့က ကူညီပံ့ပိုးထားကြောင်း သိရသည်။

**သူရဖြိုး**

## MPT ၏ APPBOX အက်ပလီကေးရှင်းဖြင့် ဂိမ်းများကို အကန့်အသတ်မရှိ ရယူနိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

တစ်ရက်တာချင်း ဝန်ဆောင်ခပေးသွင်းပြီး မိုဘိုင်းဂိမ်းများကို အကန့်အသတ်မရှိ ရယူကစားနိုင်မည့် APPBOX အက်ပလီကေးရှင်းသစ်ကို MPT က နိုဝင်ဘာ ဒုတိယပတ်အတွင်းက စတင်မိတ်ဆက်ကြေညာထားကာ အဆိုပါ APPBOX အက်ပလီကေးရှင်းသစ်တွင် Android ဖုန်းများအတွက် လိုင်စင်ရယူထားသည့် နာမည်ကြီးဂိမ်းများနှင့် ဖျော်ဖြေရေးဂိမ်းများစွာကို ထည့်သွင်းပေးထားကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

APPBOX အက်ပလီကေးရှင်းကို သုံးစွဲသူများအနေဖြင့် Cut the Rope 2၊ Tag the Frog၊ 3D Tower Box၊ Snakes.io နှင့် Garfield kart ကဲ့သို့သော နာမည်ကျော် ဂိမ်းအများစုကို လုံခြုံစိတ်ချရသော app store ဖြစ်သည့် APPBOX မှ ဒေါင်းလုတ်ရယူ၍ ကစားနိုင်မည်ဖြစ်ပြီး ဂိမ်းများကို အမည်၊ အမျိုးအစားနှင့် ကဏ္ဍအလိုက် Keywords များဖြင့်လည်း အလွယ်တကူ ရှာဖွေနိုင်မည်ဖြစ်သည်။ ထို့အပြင် အပလီကေးရှင်းတွင် လစဉ်လတိုင်း နောက်ဆုံးပေါ် နာမည်ကျော်ဂိမ်းအသစ်များစွာကိုလည်း ထည့်သွင်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operations ၏ Chief Commercial Officer Mr. Reizo Umeda က "ဂိမ်းဝါသနာရှင်တွေအနေနဲ့ အခုမိတ်ဆက်လိုက်တဲ့ APPBOX ကနေ မိုဘိုင်းဖုန်းနဲ့ ဆော့ကစားနိုင်တဲ့ ဂိမ်းအများအပြားကို အကန့်အသတ်မရှိ ရယူကစားနိုင်ပါပြီ၊ ဒီအက်ပလီကေးရှင်းကို မိတ်ဆက်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ MPTကို အသုံးပြုသူတွေအတွက် သင့်တင့်တဲ့နှုန်းထားနဲ့ ဖျော်ဖြေရေးဂိမ်းအတွေ့ကြုံတွေကို ပေးချင်လို့ပဲဖြစ်ပါတယ်၊ မြန်မာနိုင်ငံက မိုဘိုင်းဂိမ်းတွေရဲ့လောကကို လှုပ်ခတ်သွားစေမယ့် ဒီအက်ပလီကေးရှင်းသစ်ကို ဂိမ်းဝါသနာရှင်တွေ အသုံးပြုလာကြလိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်"ဟု ပြောသည်။




APPBOX အက်ပလီကေးရှင်းကို အန်းဒရွိုက်ဗားရှင်း 4.2 နှင့်အထက် ဖုန်းများတွင်သာ အသုံးပြုနိုင်မည်ဖြစ်ပြီး မြန်မာဘာသာဖြင့် သုံးစွဲနိုင်မည်ဖြစ်သည်။ အပလီကေးရှင်းတွင် သုံးစွဲသူများ၏ စိတ်ဝင်စားမှုအလိုက် ဆန်းသစ်သော ဂိမ်းများကို စဉ်ဆက်မပြတ်ဖော်ပြပေးမည့် content catalogue တစ်ခုလည်း ပါဝင်မည်ဖြစ်ကြောင်း၊ အက်ပလီကေးရှင်းကို အသုံးပြုခြင်းအတွက် နေ့စဉ်ကြေး ကျပ် ၂၅၀ ကျသင့်မည်ဖြစ်ပြီး အပလီကေးရှင်းအတွင်းမှ ဂိမ်းများကို အကန့်အသတ်မရှိ ဒေါင်းလုတ်ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အက်ပလီကေးရှင်းကို သုံးစွဲကြမည့်ပြည်သူများအား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ကံစမ်းမဲအစီအစဉ်တစ်ရပ်ကိုလည်း MPT က ဒီဇင်ဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက်မှ ၃၀ ရက်အထိအတွင်း အက်ပလီကေးရှင်းကို စာရင်းသွင်းရယူအသုံးပြုသူများအားလုံး အကျုံးဝင်မည်ဖြစ်ကာ မဲပေါက်သူများအနေဖြင့် ဆုလက်ဆောင်အဖြစ် Samsung Galaxy S8 ဖုန်း၊ MPT စမတ်ဖုန်းများ၊ MiBand အားကစားလက်ပတ်များ၊ Remax ဂိမ်းလက်ကိုင်များနှင့် Remax Power Bank တို့ကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## တယ်လီနောနှင့် MyME တို့ ပူးပေါင်း၍ ကျောင်းပြင်ပ ပညာသင်ကြားသည့် အစီအစဉ် သုံးနှစ်ပြည့်မြောက်

**ရန်ကုန် နိုဝင်ဘာ ၁၇**

တယ်လီနောမြန်မာနှင့် မြန်မာရွှေ့လျားပညာသင်ကြားရေးစီမံကိန်း(MyME)တို့ ပူးပေါင်း လက်တွဲဆောင်ရွက်သော ကျောင်းပြင်ပ ပညာသင်ကြားရေးအစီအစဉ်သည် နိုဝင်ဘာဒုတိယပတ်အတွင်း သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး အဆိုပါ အစီအစဉ်တွင် အတန်းပညာ ဆက်လက်မသင်ကြားနိုင်သော ကလေးငယ်ပေါင်း ၃၀၀၀ ကျော်အား ပညာသင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်နှင့် မန္တလေးမြို့များရှိ တယ်လီနော အမှတ်တံဆိပ် တပ်ဆင်ထားသည့် လက်ဖက်ရည်ဆိုင်များတွင် ကျောင်းပြင်ပ ပညာသင်ကြားရေးအစီအစဉ်များ ပေးအပ်မည့် MyME ၏ စီမံကိန်းကို တယ်လီနောအနေနှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလကတည်းက စတင်၍ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကာ တယ်လီနောနှင့် MyME သည် ယခုနှစ်ဆန်းကလည်း ဤအစီအစဉ်ကို တစ်နှစ်ထပ်မံတိုးချဲ့ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ပူးပေါင်းဆောင်ရွက်မှု သုံးနှစ်အတွင်း ပညာသင်ကြားပေးနိုင်ခဲ့သော ကလေးငယ် ၃၀၀၀ ကျော်ရှိပြီး ၎င်းတို့ထဲတွင် ၇၀ ရာခိုင်နှုန်းကျော်သည် ဖွင့်လှစ်သင်ကြားပေးသော အဆင့်သုံးဆင့်ရှိ သင်တန်းများအနက် တစ်ခုခုကို အနည်းဆုံး ပြီးမြောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

MyME ၏ ရွှေ့လျားစာသင်ခန်းတွင် ကလေးငယ်များအတွက် ဆရာ ဆရာမများ၊ သင်ထောက်ကူပြုပစ္စည်းများဖြင့် အရည်အသွေးပြည့်ဝသော ပညာရေးကို သင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့ပြီး သင်ကြားရေးအစီအစဉ်အရ ကလေးငယ်တိုင်းအား တစ်ပတ်လျှင် ခြောက်နာရီကြာ သင်ခန်းစာများ သင်ကြားပေးကြောင်း၊ သင်ခန်းစာများအနေဖြင့် အခြေခံ စာဖတ်စာရေး တတ်မြောက်မှု၊ သင်္ချာနှင့် ကွန်ပျူတာကျွမ်းကျင်မှုများအပြင် သင်ကြားမှုမှတစ်ဆင့် နည်းစနစ်ကျကျ တွေးခေါ်နိုင်စွမ်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဗဟုသုတနှင့် ကျန်းမာရေးပညာပေးမှုများကိုပါ သင်ကြားပေးနေကြောင်း သိရသည်။

"မြန်မာနိုင်ငံက အတန်းပညာဆက်လက်သင်ကြားဖို့ လိုအပ်နေတဲ့ ကလေးငယ်တွေအတွက် အခုလိုကာလအထိ MyME နဲ့ ပူးပေါင်းလက်တွဲ ဆောင်ရွက်နိုင်တဲ့အတွက် အထူးဝမ်းမြောက်မိပါတယ်၊ MyME က ပံ့ပိုးဆောင်ရွက်ပေးနေတဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာသင်ကြားမှုတွေကြောင့်လည်း ကလေးငယ်တွေအနေနဲ့ အနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိပိုင်ဆိုင်နိုင်စေဖို့ အခွင့်အလမ်းကောင်းတွေ ရရှိစေမှာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာမှ တာဝန်ရှိသူ ဦးမင်းသူက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၀ နှစ်မှ ၁၇ နှစ်အတွင်း ကလေးငါးဦးတွင် တစ်ဦးသည် ကျောင်းတက်ရမည့်အစား အလုပ်လုပ်နေကြရကြောင်းတွေ့ရပြီး တယ်လီနောအနေဖြင့် တယ်လီနော၏ လုပ်ငန်းစဉ်များတွင် ကလေးများနှင့် အသက်ငယ်ရွယ်သေးသည့် အလုပ်သမားများအား ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန် ဆောင်ရွက်နေသလို MyME နှင့်ပူးပေါင်းကာ မြန်မာနိုင်ငံ၏ အဓိကမြို့ကြီး နှစ်မြို့ရှိ တယ်လီနောအမှတ်တံဆိပ် လက်ဖက်ရည်ဆိုင်များတွင် လုပ်ကိုင်လျက်ရှိသော အသက်ငယ်ရွယ်သေးသည့် အလုပ်သမားများအတွက် ကျောင်းပြင်ပပညာရေး ပို့ချပေးမှုများကိုလည်း ဆောင်ရွက်နေခြင်းဖြစ်သည်။ တယ်လီနောအမှတ်တံဆိပ် လက်ဖက်ရည်ဆိုင်များအနေဖြင့် အသက် ၁၄ နှစ်အောက် ငယ်ရွယ်သူများကို ခန့်အပ်ခိုင်းစေခြင်းမပြုရန်နှင့် တယ်လီနော၏ ရှောင်တခင်စစ်ဆေးမှုများကို ခွင့်ပြုရန် သဘောတူထားကြရကြောင်းလည်း သိရသည်။

**သူရဖြိုး**

## ဝိုင်ယာလက်စ်နက်ဝပ်နည်းပညာ အခြေခံသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ Wireless Networking နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များ၊ MCPA Member များနှင့် လုပ်ငန်းခွင်ဝင်ရောက်မည့် အငယ်တန်းပညာရှင်များအတွက် အထောက်အကူဖြစ်စေရန် ဝိုင်ယာလက်စ်နက်ဝပ်နည်းပညာ အခြေခံသင်တန်း (Basic Wireless Networking) အမှတ်စဉ် ၈ ကို ဒီဇင်ဘာလအတွင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ နည်းပညာခေတ်တွင် အစိုးရအဖွဲ့အစည်းများ၊ ရုံးများ၊ အသင်းအဖွဲ့များနှင့် အိမ်များတွင် Wireless (Wi-Fi) နည်းပညာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီဖြစ်ရာ ပြည်တွင်း IT လုပ်ငန်းနယ်ပယ်အတွင်း ကျွမ်းကျင်ပြီး လက်တွေ့အသုံးချနိုင်သော Wireless Technician များ ပေါ်ထွက်လာရေးနှင့် လုပ်ငန်းခွင်အတွင်း လက်တွေ့အသုံးချလျက်ရှိသော ဝိုင်ယာလက်စ်စံနှုန်းများ၊ Radio Frequency များ အကြောင်း၊ Wireless ချိတ်ဆက်ရာတွင် ကြုံတွေ့ရနိုင်သည့် အခြေအနေများနှင့် Wireless ၏ အခြေခံသဘောတရားများကို သိရှိလိုသူများအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းသို့ Networking နည်းပညာကို အခြေခံသိရှိထားသူများသာ တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်ခြင်းအားဖြင့် Wireless Standards များကို သိရှိနားလည်မည်ဖြစ်ကာ Wireless နှင့်ပတ်သက်သည့် အမေရိကန်အခြေစိုက် International အဖွဲ့အစည်းတစ်ခုဖြစ်သော CWNP ၏ Certification တစ်ခုဖြစ်သည့် Certified Wireless Technology Specialist(CWTS)စာမေးပွဲကို ဖြေဆိုရန်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဒီဇင်ဘာ ၉ ရက်မှစ၍ ဒီဇင်ဘာ ၃၁ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်ကာ သင်တန်းကြေးမှာ ကျပ်တစ်သိန်းဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## ရှမ်းပြည်နယ်အတွင်း မြို့နယ်လေးခုတွင် အူရီဒူး၏ 4G ကွန်ရက် တိုးချဲ့ဝန်ဆောင်မှုပေး

**ရန်ကုန် နိုဝင်ဘာ ၁၇**

အူရီဒူးမြန်မာအနေဖြင့် နိုင်ငံတစ်ဝန်းတွင် 4G ကွန်ရက်ဝန်ဆောင်မှုကို တိုးမြှင့်ပေးအပ်နိုင်ရန် မိုဘိုင်းကွန်ရက်များကို ချဲ့ထွင်လျက်ရှိရာ ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုးနှင့် မူဆယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်တောင်ပိုင်းရှိ ညောင်ရွှေနှင့် တောင်ကြီးတို့တွင်လည်းကောင်း ကွန်ရက်များကို တိုးချဲ့လွှမ်းခြုံထားနိုင်ပြီး ဝန်ဆောင်မှုများ ပေးအပ်နေပြီဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့များသည် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ထွန်းကားသည့် မြို့များအဖြစ် ထင်ရှားသည့်အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့များသည်လည်း ခရီးသွားလုပ်ငန်းနှင့် ဒေသထွက်ကုန်များကြောင့် ကျော်ကြားသည့်မြို့များဖြစ်၍ အဆိုပါမြို့များတွင် အူရီဒူး 4G ကွန်ရက် အဆင့်မြှင့်တင်နိုင်ခြင်းကြောင့် ဒေသခံလူမှုအဖွဲ့အစည်းများအတွက်သာမက ဒေသ၏စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက်ပါ အထောက်အကူပြုမည်ဖြစ်သည်။

အူရီဒူးမြန်မာအနေဖြင့် ၂၀၁၆ ခုနှစ် မေလအတွင်းကစ၍ မြန်မာနိုင်ငံတွင် ပထမဆုံး 4G ကွန်ရက်ကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် စတင်ဝန်ဆောင်မှုပေးခဲ့ကာ လက်ရှိအချိန်တွင်လည်း မြို့နယ်များတွင် ကွန်ရက်များကို ဆက်လက်တိုးချဲ့လျက်ရှိသည်။ ထို့အပြင် ပုံမှန် 4G ကွန်ရက်ထက် သုံးဆခန့်ပိုမိုမြန်ဆန်သော 4G Plus ကွန်ရက်ကိုလည်း လက်ရှိအချိန်မှစ၍ တိုးချဲ့ရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် အစောပိုင်းတွင် သတ်မှတ်ထားသော နေရာအချို့၌ 4G Plus ကွန်ရက်ကို စတင်ဝန်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး အင်းတော်လေးအင်း

**= လူအောင်(ကသာ) =**



အင်းတော်လေးအင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း လက်ပန်ကုန်းအင်းရွာအနီးတွင် တည်ရှိသော အင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နာမည်ကျော်နှင့် အကြီးဆုံးအင်းဖြစ်သော အင်းတော်ကြီးအင်း၏ ခမည်းတော် အင်းဟုလည်း ဆိုကြသည်။

အင်းတော်လေးအင်းသည် ယခင်က အလျား ၅ မိုင်၊ အနံ ၂ မိုင်ကျော် ကျယ်ဝန်းခဲ့ရာမှ ယခုအချိန်တွင် အလျား ၄ မိုင်၊ အနံ ၁ မိုင်ကျော်သာ ရှိနေကြောင်း သိရသည်။ အင်းတော်လေးအင်း၏ ပတ်လည်တွင် ကျေးရွာ ငါးရွာရှိရာ အိမ်ထောင်စု ၈၀၀ ခန့်၊ လူဦးရေ ၅၀၀၀ ခန့် နေထိုင်ကြပြီး အဆိုပါ လူငါးထောင်ခန့်သည် ထိုအင်းကိုအမှီပြု၍ ရေလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အဓိကထား လုပ်ကိုင်နေကြသည်။

အင်းပတ်လည်ရှိ ကျေးရွာများမှ တောင်သူလယ်သမား ၁၀၀၀ ကျော်ခန့်သည် လယ်ယာကိုင်း စိုက်ပျိုးမြေ ဧက ၃၀၀၀ ခန့်ကို စိုက်ပျိုးခဲ့ကြသည်မှာ နှစ်ပေါင်း ၄၀ ကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ လယ်ယာမြေများသည် မူလက အင်းနေရာဖြစ်ပြီး အင်း တိမ်ကောသွားသော မြေနေရာများ ဖြစ်ကြသည်။ ထိုမြေများ၌ အင်းရေကျချိန်တွင် စပါး စိုက်ပျိုးကြကာ စပါးများ ရိတ်သိမ်းချိန်တွင် ပဲမျိုးစုံ စိုက်ပျိုးကြကြောင်း သိရသည်။

အင်းရေကျချိန်တွင် ပေါ်လာသော မြေနေရာများ၌ စိုက်ပျိုးကြခြင်းကြောင့် တောင်သူများအတွက် စိုက်ပျိုးမြေများ ရရှိလာသော်လည်း အင်းတော်လေးအင်းအတွက်မှာ တဖြည်းဖြည်းနှင့် အင်းတိမ်ကောသွားစေသည်ကို တွေ့ရသည်။ အချို့ စိုက်ပျိုးတောင်သူများမှာ ရေအောက်တွင် ငုတ်ရှည်များစိုက်ကြပြီး ငုတ်အရင်းတွင် သစ်ခက်၊ သစ်ရွက်များ စုပုံချည်နှောင်ကာ နုန်းမြေများရရှိအောင် ပြုလုပ်ကြရာ ထိုသို့လုပ်ခြင်းမှာ အင်းကို တဖြည်းဖြည်း ကျုံ့သွားစေပြီး အင်း တိမ်ကောသွားအောင် လုပ်သကဲ့သို့ ဖြစ်နေကြောင်း သိရသည်။

အင်းတော်လေးအင်းအတွင်းရှိ ငါးများမှာလည်း အမျိုးအစား စုံလင်စွာ ရှိနေသည်။ ငါးအမျိုးအစားများမှာ ငါးကြင်း၊ ငါးချောင်း၊ ငါးလမွေ၊ ငါးခူ၊ ငါးရွေး၊ ငါးလဝါ၊ ငါးတီ၊ ငါးပြေမ၊ ငါးအုံတုံ၊ ငါးလူး၊ ငါးစင်စပ်၊ ငါးရံ့၊ ငါးကျည်း၊ ငါးခုံးမ၊ ငါးလပေ၊ ငါးမြစ်ချင်း၊ ငါးပြက်၊ ငါးပူစီ၊ ငါးမြင်း၊ ငါးပတ်၊ ငါးကြင်းရွှေဝါ၊ ငါးစင်ရိုင်း၊ နိုင်လွန်ငါး၊ ငါးဖောင်ရိုး၊ ငါးဖယ်၊ ငါးဖယ်အောင်း၊ ငါးငိုက်၊ ငါးရင် မောင်စာ၊ ငါးနုသန်း၊ ပုစွန်ဆိတ်တို့အပြင် ဖျံနှင့် လိပ်များကိုလည်း တွေ့ရှိရကြောင်း သိရသည်။ မိုးတွင်းကာလတွင် ရေလုပ်သားများအတွက် တစ်နေ့လျှင် ငါးပိဿာချိန် ၃၀၀ မှ ၅၀၀ အထိ ရရှိကြကြောင်း သိရသည်။

အင်းတော်လေးအင်းအတွင်းသို့ စီးဝင်နေသော ချောင်းများသည် အောက်တောကြိုးဝိုင်း၊ နန်းဒရန့်ကြိုးပြင်ကာကွယ်တော၊ ဖက်ဆွတ်ကြိုးဝိုင်း၊ ဂဟဲကြိုးပြင်ကာကွယ်တော၊ ဂဟဲကြိုးဝိုင်း၊ ကလုံကြိုးဝိုင်းနှင့် တောင်လေးတန်ကြိုးဝိုင်း စသည့် ဧက ၃၇၈၂၂ ရှိသော ရေဝေရေလဲ ဧရိယာများကို ဖြတ်သန်းစီးဆင်းလာကာ အင်းအတွင်းသို့ စီးဝင်ကြသည်။ စီးဝင်ပြီးသော အင်းတော်လေးအင်းမှ ရေများသည် နတ်မဟုတ်ကလေးချောင်းမှ မဲဇာချောင်း၊ ထိုမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းသွားကြောင်း သိရသည်။

လက်ရှိအချိန်၌ မြန်မာနိုင်ငံ၏ တတိယအကြီးဆုံးဖြစ်သည့် အင်းတော်လေးအင်းကို တိမ်ကောမသွားစေရန် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့ဖြင့် ထိန်းသိမ်းစောင့်ရှောက်နေသကဲ့သို့ အင်းတော်မြို့ပေါ်နှင့် အင်းပတ်လည် ကျေးရွာများမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စိတ်ဝင်စားသူများ၊ ပညာရှင်များ၊ ရပ်မိရပ်ဖများ ပါဝင်သော လွတ်လပ်သည့် အင်းတော်လေးအင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားပြီး အဆိုပါ လေ့လာစောင့်ကြည့်ရေးအဖွဲ့က အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးရန်လည်း အကြံပြုထားကြောင်း သိရသည်။

အင်းတော်လေးအင်း တိမ်ကောသွားခြင်းမရှိဘဲ ရေရှည်တည်တံ့စေရန်အတွက် တောင်သူများအနေဖြင့် အင်းအတွင်း၌ ငုတ်ရိုက်မြေဖို့၍ စိုက်ပျိုးခြင်းကို ရှောင်ရှားကြရန်လိုအပ်သလို အင်းအတွင်း ငါးသယံဇာတများ ပေါများစေရန်အတွက် ငါးဖမ်းဆီးသည့် ရေလုပ်သားများအနေဖြင့်လည်း ငါးဖမ်းကာလများတွင်သာ ငါးဖမ်းရန် လိုအပ်သည်။ ထို့အတူ အင်းအတွင်းရှိနေသော ကျေးငှက်ပေါင်းစုံ ဆက်လက် ရှိနေရန်အတွက် ကျေးငှက်များကို သတ်ဖြတ်စားသောက်ခြင်းမပြုရန်၊ အင်းဘေးပတ်လည်နှင့် အင်းအတွင်းသို့ စီးဝင်နေသော ချောင်းများ၏ဘေးတွင် အမှိုက်များ၊ စပါးခွံများ စွန့်ပစ်ခြင်းတို့ မပြုကြရန် ပိတ်ပင် တားဆီး ဆောင်ရွက်ပေးပါက အင်းတိမ်ကောမှုကို ကာကွယ်ရာ ရောက်မည်ဟု ယူဆမိပါသည်။

အင်းတော်လေးအင်းသည် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး ဖြစ်သလို အင်းတော်မြို့၏ ပြယုဂ်တစ်ခုအဖြစ်လည်း တည်ရှိနေသဖြင့် အင်းတော်မြို့သို့ လာရောက်သော နိုင်ငံခြားသားများ လာရောက်လည်ပတ် လေ့လာလိုပါက အဆင်ပြေစေရန် အင်းပြုပြင်ထိန်းသိမ်းရေးအတွက် အင်းတော်မြို့တွင် လူငယ်ကွန်ရက်အဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

အင်းတော်လေးအင်းကို ရေရှည် တည်တံ့ သာယာစေရန် ဒေသခံများနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းထိန်းသိမ်းနေကြသလို ရပ်ဝေး၊ ရပ်နီးမှ မိတ်ဆွေများလည်း အင်းတော်လေးအင်းသို့ လာရောက်အပန်းဖြေ လည်ပတ်နိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။ ။

---

## မြေပုံမြို့၌ လျှပ်စစ်ဝိုင်ယာရိန်း သင်တန်းဖွင့်

**စစ်တွေ နိုဝင်ဘာ ၁၇**

မြေပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ်လျှပ်စစ်မှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့ရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက အမှာစကား ပြောကြားခဲ့သည်။

